# ကြေးမုံ

## The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့။ Monday, 10 November 2025 ၁၁၉၉၇


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တစ်ဖက်နိုင်ငံအနေနဲ့ တရားမဝင်တင်သွင်းတဲ့လမ်းကြောင်းတွေအနီးမှာ တရားဝင်ဂိတ်တွေ ဖွင့်လှစ်ထားရှိပြီး ကောက်ခံတဲ့အတွက် အခွန်အခတွေ မဆုံးရှုံးဘူး။ ဒီလို ဆောင်ရွက်နေတာက သူတို့အနေနဲ့ တရားမဝင်ကုန်သွယ်မှုကို အားပေးရာရောက်နေတဲ့အတွက် သတ်မှတ်ထားတဲ့ တရားဝင်ကုန်သွယ်ရေးလမ်းကြောင်းတွေကနေပဲ ကုန်ပစ္စည်းတွေကို တင်သွင်းသင့်ပါတယ်

**နေပြည်တော် နိုဝင်ဘာ ၉**

ကရင်ပြည်နယ် မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်း တစ်လျှောက်၌ တရားမဝင်ဂိတ်များ ဖွင့်လှစ်ပြီး အကြမ်းဖက် လက်နက်ကိုင်အဖွဲ့များက ငွေကြေးများကောက်ခံ၍ ပြည်ပမှ တရားမဝင်ပစ္စည်းများ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ တပ်မတော်က အဆိုပါဒေသအား ပြန်လည်ထိန်းချုပ်ပြီးဖြစ်ရာ ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးဂိတ်များနှင့် ကုန်ပစ္စည်းများ သိုလှောင်ဖြန့်ဖြူးသည့် အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေးအဖွဲ့နှင့် ဖယ်ရှားရှင်းလင်းရေး အဖွဲ့ဝင်များသည်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**





မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်၌ တရားမဝင်ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးဂိတ်များနှင့် အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ


**ကျောက်မဲမြို့တွင် ပညာပန်းတို့ တစ်ဖန်ပြန်လည် ပွင့်လန်းနေပြီ**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၈

**ဉာဏ်ရည်တုနည်းပညာ သို့မဟုတ် အေအိုင် ဖွံ့ဖြိုးတိုးတက်လာခြင်း**

နည်းပညာနှင့် သုတကမ္ဘာ စာမျက်နှာ » ၂၃





**ဒေသစီးပွားတိုးပွားလာစေမည့် တိုင်းရာမှ အုန်းချိုမွေး စိုက်ပျိုးရေး**

ဆောင်းပါး စာမျက်နှာ » ၁၀

# တိုင်းပြည်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှု ဖျက်ဆီးမှုမှန်သမျှကို တားဆီးကာကွယ်

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး၏ လိုအင်ဆန္ဒပကတိအမှန်မှာ အေးချမ်းစွာနေထိုင်လုပ်ကိုင် စားသောက်နေနိုင်ရေး ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများ စားရေရိက္ခာဖူလုံရေးနှင့် တိုင်းပြည်အေးချမ်းသာယာဝပြောရေး အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်၍ ဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်သူများ စားသောက်နေထိုင် လုပ်ကိုင်ဆောင်ရွက်ရာ၌ နှောင့်ယှက်ဟန့်တား ဖျက်ဆီးမှုများနှင့် တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးမှုများကြောင့် ဒေသအချို့မှ ပြည်သူများ ဆင်းရဲဒုက္ခရောက်နေကြသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။

နိုင်ငံတော်ကို ပျက်စီးရာပျက်စီးကြောင်း နည်းလမ်းမျိုးစုံဖြင့် ၂၀၂၁ ခုနှစ်မှ စတင်၍ကြံစည်လုပ်ဆောင်နေသော CRPH၊ NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် လူငယ်လူရွယ်များကို PDF အမည်ခံအကြမ်းဖက်သမားများအဖြစ် မွေးထုတ်ပေးပြီး အစိုးရ၏ အုပ်ချုပ်ရေးယန္တရား ယိုယွင်းပျက်စီးစေရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာစေရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပူးပေါင်းကာ အဖျက်အမှောင့်လုပ်ရပ်အမျိုးမျိုးလုပ်ကိုင်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့အပြင် ပြည်သူများပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို အဓမ္မလုယက်ယူဆောင်ခြင်း၊ ပြည်သူလူထုကို ပြန်ပေးဆွဲခြင်း၊ အဓမ္မဆက်ကြေးကောက်ခံခြင်း၊ ဂိတ်ကြေးကောက်ခံခြင်း၊ သယံဇာတပစ္စည်းများ ခိုးထုတ်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ တိုက်ပွဲဖြစ်နိုင်သည့်ဒေသများ၌ ဒေသခံပြည်သူများအား လူသားတံတိုင်းအဖြစ်အသုံးပြုပြီး ပြည်သူအချင်းချင်းချနင်းသည့် ရက်စက်သောလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့အနေဖြင့် တော်လှန်ရေးဟုကြွေးကြော်ပြီး ပြည်သူကို ချနင်းဖျက်ဆီးသည့်လုပ်ရပ်များ လုပ်ဆောင်နေသည်ကို အားလုံးရှင်းရှင်းလင်းလင်း သဘောပေါက်ကြရန်လိုသည်။

အကြမ်းဖက်အဖွဲ့များနှင့်အဖျက်သမားများသည် မြို့ရွာများကို ပစ်မှတ်ထားပြီး အသုံးချလာသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူတို့၏ ပိုင်ဆိုင်မှုများကိုသာမက ဌာနဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနေသည့် ကုန်ထုတ်လုပ်မှု စက်ရုံ၊ အလုပ်ရုံများ၊ လမ်းပန်းဆက်သွယ်ရေးဖြစ်သည့် လမ်းများ၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် စိုက်ပျိုးရေပေးဝေသည့် ဆည်တမံများကိုပါ သိမ်းပိုက်ခြင်း၊ ဒရုန်းဗုံးချတိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသဖြင့် ဒေသများရှိ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများ အဘက်ဘက်တွင် နိမ့်ကျပျက်စီးနေသည်ကို တွေ့ရမည်ဖြစ်သည်။

ထင်ရှားသောသာဓကအနေဖြင့် အညာဒေသတွင် ရိုးသားစွာလုပ်ကိုင်စားသောက်နေထိုင်ကြသော ပြည်သူများအား ဒီမိုကရေစီအရေးနှင့် ဒေသကောင်းစားရေးဟု နိုင်ငံရေးမက်လုံးများဖြင့် စည်းရုံးသိမ်းသွင်းကာ အကြမ်းဖက်လုပ်ရပ်များ၊ အကြမ်းဖက်သင်တန်းများ သွတ်သွင်းပေးပြီး အကြမ်းဖက်သမားများအဖြစ် မွေးထုတ်ပေးကာ မြို့ရွာများတွင် တိုက်ပွဲများဖော်ဆောင်ခြင်း၊ လုံခြုံရေးအားနည်းသော တပ်စခန်းငယ်များကို အင်အားအလုံးအရင်းဖြင့်တိုက်ခိုက်ခြင်း၊ နိုင်ငံအကျိုးပြု စက်ရုံ၊ အလုပ်ရုံများကိုပါ တိုက်ခိုက်သိမ်းပိုက်ခြင်းများ ပြုလုပ်လာခဲ့သည်။ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာအပါအဝင် ဒေသတစ်ဝိုက်ရှိ နယ်မြေခံတပ်ဌာနချုပ်၊ ဆည်တော်ကြီးရေလှောင်တမံနှင့် နိုင်ငံအကျိုးပြု အယ်လ်ဖာဘိလပ်မြေစက်ရုံ၊ ဖယောင်းတောင်သတ္တုတွင်းနေရာတို့ကို လက်နက်အင်အား လူအင်အားအလုံးအရင်းဖြင့် ခေတ္တစိုးမိုးထိန်းချုပ်ထားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားသော ဆည်တော်ကြီးကျေးရွာအပါအဝင် ဆည်တော်ကြီးရေလှောင်တမံနှင့် နိုင်ငံအကျိုးပြုစက်ရုံ၊ အလုပ်ရုံတို့ကို ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြင့် ပြန်လည်ရရှိရေး စီမံချက်အဆင့်ဆင့်ရေးဆွဲပြီး စစ်ကြောင်းများခွဲ၍ ပစ်ခတ်မှုနှင့် စစ်ကစားမှုတို့ကို ဟန်ချက်ညီညီပေါင်းစပ်ပြီးချေမှုန်းခဲ့ရာ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဖယောင်းတောင်သတ္တုတွင်း၊ အယ်လ်ဖာဘိလပ်မြေစက်ရုံတို့ကို သိမ်းပိုက်နိုင်ခဲ့ပြီး ဆည်တော်ကြီးနှင့် ပတ်ဝန်းကျင်တစ်ဝိုက်တို့ကို ပြန်လည်သိမ်းပိုက်ရရှိခဲ့ရာ အကြမ်းဖက်သမားများ မတ္တရာဒေသမြောက်ဘက်သို့ ထွက်ပြေးသွားခဲ့ကြသည်။ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစစ်ဆင်ရေးများတွင် တပ်မတော်အနေဖြင့် လူနေအိမ်များ၊ စက်ရုံများ၊ ဆည်အဆောက်အအုံနှင့် တာတမံတာပေါင် ရေထိန်းတံခါးများ ထိခိုက်ပျက်စီးမှု မရှိစေရေး ကန့်သတ်ချက်များကြားမှ ထိန်းထိန်းသိမ်းသိမ်း စနစ်တကျတိုက်စစ်ဆင်ခဲ့သည်။ အကြမ်းဖက်သမားများအနေဖြင့် ရေလှောင်တမံကို ထိန်းချုပ်ထားစဉ်က ရေပေးဝေမှုကို ထိန်းချုပ်ထားခဲ့သည့်အပြင် ၎င်းတို့လက်လွှတ်ထွက်ပြေးရသည့်အခါတွင် ဆည်ရေပိုလွှဲရေတံခါး အဖွင့်/ အပိတ် မောင်းခလုတ်၊ ဆည်တမံတာပေါင်နှင့် ရေထိန်းတံခါးတို့ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးရန် ယုတ်မာပက်စက်သည့်လုပ်ရပ်များကို တပ်မတော်က အချိန်မီကာကွယ်တားဆီးနိုင်ခဲ့ပါကြောင်း။ ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | လူကုန်ကူးခံရသူများအနေဖြင့် | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |

## ပုသိမ်ကြီးမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပုသိမ်ကြီး နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သော ညောင်ပင်သာ-ဆင်ရွာတောလမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၇ ရက်တွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။



ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်အောင်နှင့် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းတို့က ကွင်းဆင်းစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ အဆိုပါလမ်းမကြီးမှာ အကျယ် ၁၂ ပေ၊ အရှည် ပေ ၂၀၈၀ ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက် )

## တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် အမှတ်(၁၀)ရပ်ကွက်



မေတ္တာလမ်းရှိမြို့နယ်သမဝါယမအသင်းစုခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တောင်ဥက္ကလာပမြို့နယ်ပညာရေး ဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။ သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဇော်က မူဝါဒများနှင့်အညီ သမဝါယမအသင်းများ၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဇော်က အသင်းသားများအား အကျိုးအမြတ်ခွဲဝေငွေကျပ် ၁၀၂၀၇၇၄၁ ကို ပေးအပ်ပြီး အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**

### ၉ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၇၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် | |
| **ခေတ္တ စာတည်းမှူး** - အေးဝမ်းစိုး | | **အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ | |
| **စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | | **သုတေသန** - ဇင်မာဝင့် | |
| **ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ | | **စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့ | |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့ | |
| | | **အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့ | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်၌ တရားမဝင်ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးဂိတ်များနှင့် အဆောက်အအုံများအား ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

✪ ရွှေဖုံးမှ

ယနေ့နံနက်ပိုင်းတွင် စက်၊ ယာဉ်၊ ယန္တရားများနှင့်အတူ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်ရှိ ၃၅ ဂိတ် ဒေသအခေါ် အောင်ပါဝါဂိတ်-၂ ကို သွားရောက်စစ်ဆေးပြီး အလျား ပေ ၁၂၀၊ အနံပေ ၆၀၊ အမြင့် ၂၅ ပေရှိ သံဖရိန်၊ အုတ်တက်၊ သွပ်မိုးသွပ်ကာ ပစ္စည်းသိုလှောင်ရုံအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

**“မြဝတီမြို့ သောင်ရင်းမြစ်ကမ်း တစ်လျှောက်မှာရှိတဲ့ တရားမဝင်ဖွင့်လှစ်ပြီး ကုန်သွယ်နေတဲ့ နယ်စပ်ဂိတ် ၃၀ မှာရှိတဲ့ ကုန်ပစ္စည်းသိုလှောင်တဲ့ ဂိုဒေါင်တွေ၊ လှေဆိပ်ကင်းတဲနဲ့ လှေဆိပ်အစောင့်တဲတွေ၊ လှေဆိပ်အဆင်းအုတ်လှေကားတွေ ကုန်တင်ကုန်ချ လျှောလမ်းတွေကို အောက်တိုဘာ ၃၁ ရက်က စပြီးတော့ စစ်ဆေးဖျက်ဆီးရှင်းလင်းတာတွေ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ရှင်းလင်းပြီးစီးမှုအနေနဲ့ကတော့ ၁၉ ဂိတ်၊ ကျောက်ဖျာဂိတ်၊ ကပေါ်ထူးဂိတ်၊ ၁၄ ဂိတ်၊ ၈ ဂိတ်/၈ ဂိတ်ခွဲ၊ ၉ ဂိတ် ဒေသအခေါ် အောင်ပါဝါဂိတ်၊ ၁၈ ဂိတ် ဒေသအခေါ် နေစိုးမြဂိတ်၊ ၁၃ ဂိတ်၊ သုညဂိတ်နဲ့ ၁၀ ခွဲဂိတ် ဒေသအခေါ် ၉၉၉ ဂိတ်တို့ဖြစ်ပါတယ်”** ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ထို့ပြင် ဖယ်ရှားရှင်းလင်းရေးအဖွဲ့ဝင်များက ထပ်မံ၍ ကင်းစခန်း (၂)၊ (၁၂) ဂိတ် ကင်းစခန်း (၃)၊ (၁၄) ဂိတ် ကင်းစခန်း(၁) နှင့် Grand Myawaddy ဂိတ် ကင်းစခန်း(၅) တို့ကို သွားရောက်စစ်ဆေး ရှင်းလင်းခဲ့ကြသည့်အပြင် ဂိတ်စခန်းအဖြစ်မှ ဖျက်သိမ်းထားသည့် သဖန်းပင်ဂိတ်၊ သဲပုံဂိတ်၊ ကျောက်တန်းဂိတ်နှင့် မာမီဂိတ်တို့ကိုလည်း စစ်ဆေးရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

“နိုင်ငံတော်က သတ်မှတ်ထားတဲ့ တရားဝင်ကုန်သွယ်ရေးဇုန်တွေကနေ ကုန်ပစ္စည်းတွေကို မတင်သွင်းဘဲ၊ တရားမဝင်ဂိတ်တွေကနေ ငွေကြေးရယူပြီး မြန်မာနိုင်ငံထဲကို ကုန်ပစ္စည်းတွေ တင်သွင်းတာမျိုးရှိပါတယ်။ ဒီတော့ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်ဘဏ္ဍာငွေတွေ အများကြီးနစ်နာဆုံးရှုံးပါတယ်။ တစ်ဖက်နိုင်ငံအနေနဲ့ တရားမဝင် တင်သွင်းတဲ့လမ်းကြောင်းတွေ အနီးမှာ တရားဝင်ဂိတ်တွေ ဖွင့်လှစ်ထားရှိပြီး ကောက်ခံတဲ့အတွက် အခွန်အခတွေ မဆုံးရှုံးဘူး။ ဒီလိုမျိုး တရားဝင် ကုန်သွယ်ရေးဆောင်ရွက်နေတာက သူတို့ လမ်းကြောင်းတွေကနေပဲ ကုန်အနေနဲ့ တရားမဝင်ကုန်သွယ်မှုကို အားပေးရာရောက်နေတဲ့အတွက် သတ်မှတ်ထားတဲ့ ပစ္စည်းတွေကို တင်သွင်းသင့်ပါတယ်”ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**အောင်ဂျိုင်း**
**ဓာတ်ပုံ-မင်းမင်း**







မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်၌ တရားမဝင်ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးဂိတ်များနှင့် အဆောက်အအုံများအား ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်နေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာထွက် ပို့ကုန်သီးနှံများ အများဆုံးစိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပါကြောင်း၊ အဓိက လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်းနှင့် ရေထွက်ကုန်များကို ပြည်ပသို့ နှစ်စဉ်တင်ပို့၍ နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လယ်ယာထွက်ကုန်သီးနှံများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် မြန်မာ့ပေါ်ဆန်းကို ကမ္ဘာ့ဈေးကွက်သို့ အဆင့်မီတင်ပို့နိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ဒေသတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့်စက်ပစ္စည်းနှင့် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်း၊ MSMEs လုပ်ငန်းများမှ ထွက်ရှိသော ပစ္စည်းများမှာ များစွာတိုးတက်ကောင်းမွန်လာပြီဖြစ်၍ ဈေးကွက်အတွင်း ရောင်းအား တိုးမြင့်လာသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ပြည်ပမှ စာအုန်းဆီများကို လုံလောက်အောင် တင်သွင်းဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ တာဝန်ရှိသူများအနေဖြင့် ပြည်သူ့လက်ဝယ်ရောက်ရှိအောင် စနစ်တကျ ဖြန့်ဖြူးပေးရန် လိုအပ်ပါကြောင်းနှင့် ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအလိုက်ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ပဲနှမ်းအသင်း ဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ် ဆန်စက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌနှင့် ဟင်္သာတမြို့ ဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌတို့က သီးနှံများ ကြိတ်ခွဲထုတ်လုပ်တင်ပို့နိုင်မှု၊ ပြည်တွင်းသို့ ဖြန့်ဖြူးပေးနိုင်မှုတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ Global Earth Agro & Aqua Industry Public Co., Ltd ၏ လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးရာ Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌ ဦးငွေးမြင့်က လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ရှင်းလင်းပြသပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သတ္တမအကြိမ် လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ



**ကယား နိုဝင်ဘာ ၉**

ကယားပြည်နယ် ဥပဒေချုပ်သည် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေအရာရှိများ၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲမှ လုပ်ငန်း လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယမန်နေ့က ကယားပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကယားပြည်နယ် ဥပဒေချုပ် ဦးကြည်မြိုင်က ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ခရိုင်ဥပဒေအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများသည် သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်များတွင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်ဖြစ်ပြီး ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်သဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးသည့် ဥပဒေနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေများကို နှံ့နှံ့စပ်စပ်လေ့လာဖတ်ရှုထားရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဥပဒေအရာရှိဦးကျော်မင်းနိုင်က ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားကာ ပြည်နယ်ဥပဒေချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများက လုပ်ငန်းဆိုင်ရာများကို တင်ပြကြပြီး ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ် ဥပဒေအရာရှိတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြဝတီမြို့၌ ဆရာ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားဆွေးနွေးပွဲ ကျင်းပ



**မြဝတီ နိုဝင်ဘာ ၉**

ကရင်ပြည်နယ် မြဝတီမြို့တွင် ဆရာ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး မြို့နယ်အဆင့် ဆင့်ပွားဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က ဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

**ပြန်လည်ဆွေးနွေး**

ဆက်လက်ပြီး ခရိုင်ဥပဒေအရာရှိ ဦးဝင်းရှိန်နှင့် မြို့နယ်ပညာရေးမှူး ဦးမိုးကျော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံသဘောတရားများကို အလွယ်တကူနားလည်စေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းချက်များကို စိတ်ဝင်စားပြီး ထပ်မံလေ့လာလိုစိတ်များ တိုးပွားစေမည့် အချက်များကိုလည်းကောင်း၊ နိုင်ငံသားတစ်ဦး၏ တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရမည့် အချက်များကိုလည်းကောင်း၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရင်းအမြစ်များဆိုင်ရာများကို လည်းကောင်း၊ ရာဇသတ်ကြီးနှင့် အထူးဥပဒေပါ ပြဋ္ဌာန်းချက်များပါ အခြေခံသဘောတရားများတွင်ပါဝင်သည့် သိရှိလိုက်နာရမည့် အချက်များကို လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် အထက်တန်း(ပြ ) ဆရာ ဆရာမများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# ကော့မှူးမြို့နယ်၌ အသင်းဝင် အသိအမှတ်ပြုကတ်ပြားနှင့် ရင်ထိုးတံဆိပ် ပေးအပ်ပွဲကျင်းပ



**ကော့မှူး နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် ခရိုင်အမျိုးသမီးရေးရာ/ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာ/ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက တောင်ပိုင်းရပ်ကွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပေးအပ်**

တွေ့ဆုံပွဲတွင် တွံတေးခရိုင်အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်ထံသို့ အဖွဲ့ဝင် အသိအမှတ်ပြုကတ်ပြားနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် တာဝန်ရှိသူများက မြို့မရပ်ကွက် ပညာရာမိက သီလရှင်စာသင်တိုက်တွင် အသက် ၁၀ နှစ်မှ ၁၄ နှစ်ထိ NSPE ကျောင်းပြင်ပ မူလတန်းပညာရေးတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၂၂ ဦးအား Royal-D အချိုရည်ဘူးများနှင့် အလှူငွေ ကျပ်တစ်သိန်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မန္တလေးလျှောင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေးအမြန်လမ်း (မန္တလေး-နေပြည်တော်အပိုင်း)ရှိ လမ်းတံတားပြုပြင်နေမှုနှင့် ဒုဋ္ဌဝတီတံတားအသစ်ပြန်လည်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၉

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်-မန္တလေး အမြန်လမ်း (မန္တလေး-နေပြည်တော်အပိုင်း) မိုင်တိုင် (၃၅၈/၁) တွင် လျှောင်ဒဏ်ကြောင့် ပျက်စီးသွားသော ဒုဋ္ဌဝတီ တံတားအသစ် ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် တံတားတည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာက မန္တလေးလျှောင်ကြီးကြောင့် မူလဒုဋ္ဌဝတီတံတားပျက်စီးမှု၊ တံတားသစ်တည်ဆောက်ရန် မြေနေရာရွေးချယ်မှု၊ အသစ်တည်ဆောက်မည့် တံတားဆိုင်ရာအချက်အလက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရန်ကုန်-မန္တလေးအမြန်လမ်း (မန္တလေး-နေပြည်တော်အပိုင်း)တွင် မန္တလေးလျှောင်ကြီးကြောင့် ပျက်စီးသွားသော လမ်းအပိုင်းများ ပြန်လည်ပြုပြင်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လျှောင်ဒဏ်ကြောင့်ပျက်စီးသွားသော လမ်း၊ တံတားများ အပိုင်းလိုက်ပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်၊ အသစ်ပြန်လည်တည်ဆောက်ရာတွင် လျှောင်ဒဏ်ခံနိုင်သော ဒီဇိုင်းဖြင့် စနစ်တကျတွက်ချက်ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ရန် မှာကြားပြီး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်တိုင်(၃၆၀/၀)ရှိ လျှောင်ဒဏ်ကြောင့် ပျက်စီးခဲ့သော မြစ်ဆွတ်ချောင်းတံတား ပြုပြင်နေသည့်လုပ်ငန်းခွင်၌ ပင်မတံတားနှင့် ချဉ်းကပ်လမ်းများပြုပြင်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မန္တလေးလျှောင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေးအမြန်လမ်း (မန္တလေး-နေပြည်တော်အပိုင်း) မိုင်တိုင်(၃၆၆/ ၃မှ ၃၆၁/၃ အထိ) ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပြီးစီးနေမှု၊ မိုင်တိုင်(၃၆၁/၄)တွင် ကတ္တရာကွန်ကရစ် ခင်းခြင်းဆောင်ရွက်နေမှု၊ လမ်းမြေသား အမာခံရရှိရေး စက်ယန္တရားများဖြင့် ခင်းကြိတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အရည်အသွေး ပြည့်မီရေး၊ လမ်းမြေသားအမာခံရရှိရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရန်ကုန်-မန္တလေး (လမ်းဟောင်း) (နေပြည်တော်-မန္တလေးလမ်းပိုင်း) မိုင်တိုင် (၃၅၅/၀) ရှိ ယုဇနတံတားသို့ ရောက်ရှိပြီး လျှောင်ဒဏ်ကြောင့် ရန်ကုန်မှ မန္တလေးသို့သွားသည့် အသွားလမ်းဘက်ခြမ်းရှိ တံတားတိုင်များ ပြိုကျပျက်စီး၍ ကြမ်းခင်းနှင့် ရက်မများ နိမ့်ကျပျက်စီးမှုအား ပြန်လည်တည်ဆောက်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာ Puma Power International Port Terminal ဆိပ်ကမ်း မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

မော်လမြိုင် နိုဝင်ဘာ ၉

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာ Puma Power International Port Terminal ဆိပ်ကမ်းကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ရှင်းလင်းဆောင်၍ ဆိပ်ကမ်းတာဝန်ခံက မွန်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် Myanmar Energy King (MEK) Co.,Ltd နှင့် Yar Zar Min Industry Co.,Ltd တို့မှ ပြည်နယ်အတွင်း လစဉ်အသုံးပြုရန် လိုအပ်သောစက်သုံးဆီများကို ပြည်ပ (ပင်လယ်ရေကြောင်း) မှ တင်သွင်းဖြန့်ဖြူး ရောင်းချနိုင်ရန် Puma Power International Port Terminal ရှိ ဆီလှောင်ကန်များတွင် စက်သုံးဆီများသိုလှောင်ထားရှိမှု၊ ပြည်နယ်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြည်နယ်အတွင်းရှိစက်သုံးဆီဆိုင်များသို့စက်သုံးဆီရောင်းချမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများက ပြည်နယ်အတွင်း ဆီပြတ်လပ်မှုမရှိစေရေးနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်မှ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆီအပြည့်အဝရရှိရေး ဆောင်ရွက်လျက်ရှိပြီး ဆီပြတ်လပ်မှုမရှိစေရေးနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ စက်သုံးဆီ စဉ်ဆက်မပြတ်ရောက်ရှိရေး၊ စက်သုံးဆီများကို ပြည်သူအများ လုံလောက်စွာ အသုံးပြုနိုင်ရေးနှင့် တရားမဝင်စက်သုံးဆီများ ရောင်းချမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး Yar Zar Min Industry Co.,Ltd ၏ Puma Power International Port Terminal ဆိပ်ကမ်းရှိ စက်သုံးဆီတန် ၈၀၀၀ ဆံ့ LYNX SATU (လင့်ဆာတူ) သင်္ဘောပေါ်မှ ဆီလှောင်ကန်များသို့ ဆီဖြည့်သွင်းနေမှု၊ သိုလှောင်ကန်များရှိ စက်သုံးဆီများကို သက်ဆိုင်ရာဆီဖြည့်ပွိုင့်များမှ တစ်ဆင့် ဆီဘောက်ဆာ ယာဉ်များပေါ်သို့ ဆီဖြည့်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပြည်သူများ စက်သုံးဆီများကိုအလွယ်တကူဝယ်ယူနိုင်ရေး၊ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချရေး မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပျဉ်းမနားမြို့နယ်သမဝါယမအသင်းစု(လီမိတက်)၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံတွင် အောင်နိုင်တိုးမိုးစပါးရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အတူ တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းတွင် နိုင်ငံတော်ထောက်ပံ့ငွေ (သက်တန့်ရောင်စီမံကိန်း)ဖြင့် ပံ့ပိုးငွေရယူဆောင်ရွက်ခဲ့သည့် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု(လီမိတက်)၏ သူဌေးကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံတွင် အောင်နိုင်တိုးမိုးစပါးစိုက်ဧက၂၀ ရိတ်သိမ်းမှုကို ကွင်းဆင်းကြည့်ရှုသည်။

ကွင်းဆင်းကြည့်ရှုစဉ် ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က စပါးများရောင်းချရာတွင် အလေးချိန် မှန်ကန်မှုရှိစေရေး၊ ဈေးကောင်းရရှိစေရေးတို့အတွက် သမဝါယမဦးစီးဌာနကြီးကြပ်မှုအောက်ရှိ ရွှေဇေယျာဆန်စက်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် မြို့နယ်ဦးစီးဌာနနှင့် မြို့နယ်အသင်းစုဥက္ကဋ္ဌတို့က အသင်း၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ဆွေးနွေးတင်ပြခဲ့မှုအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တာချီလိတ်မြို့၌ (၃၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ



တာချီလိတ် နိုဝင်ဘာ ၉

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ခရိုင်/မြို့နယ် စုပေါင်းရုံးရှိ ခမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုဓမ္မ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသန တက္ကသိုလဓမ္မာစရိယ B.A Buddhism, M.A သီရိလင်္ကာ)ထံမှ ဥပုသ်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံနှင့် ဇနီး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမျိုးနှင့်ဇနီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခေတ်အလိုက်၊ ကဏ္ဍအလိုက် လုပ်ဆောင်ချက် သမိုင်းကြောင်းဆိုင်ရာ Video Clip ကို ပြသပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံနှင့် မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါ်လှလှဌေးတို့က ဝန်ထမ်းများအတွက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် လက်ဆောင်ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**

# မျိုးအတွက် ကွန်ချက်

**"မျိုး"လို့ ပြောလိုက်တာနဲ့ "မျိုးကောင်းမျိုးသန့် မျိုးစေ့"ကို ဆိုလိုတယ်လို့ တောင်သူလယ်သမားတွေရော၊ မျိုးစေ့ထုတ်လုပ်သူတွေရော၊ မျိုးစေ့ဖြန့်ဖြူးရောင်းချသူတွေရော သိကြပါတယ်။**

**ငပို**



ဒါဆို "မျိုးကောင်း"ဆိုတာဘာလဲ။ မျိုးကောင်းဆိုတာ သူ့ရဲ့မူလဗီဇကိုက အထွက်ကောင်းမယ်၊ ဒါမှမဟုတ် အရည်အသွေးကောင်းမယ်၊ ပိုးမွှားရောဂါဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်မယ်၊ ဓာတ်မြေဩဇာကို တုံ့ပြန်မှုကောင်းမယ်၊ ဒါမှမဟုတ် ယိုင်လဲမှုဒဏ်ခံနိုင်မယ်။ အဲဒီအချက်တွေ တစ်ခုထက်မကပါမယ် စတဲ့ သီးနှံတစ်ခုအတွက် ကောင်းတဲ့ လက္ခဏာတွေ ပါဝင်နေတဲ့ မျိုးတစ်မျိုးကို မျိုးကောင်းလို့ ခေါ်ရပါမယ်။

"မျိုးသန့်"ဆိုတာကရော။ မျိုးတစ်မျိုးရဲ့ မျိုးစေ့ထဲမှာ အခြားမျိုးကွဲတွေ ရောပါနေတာ၊ ဥပမာ- ရောမင်းမျိုးထဲမှာ ပေါ်ဆန်းစေ့တွေ ပါနေတာ၊ မနောသုခစေ့တွေ ပါနေတာ၊ ပေါင်းမြက်စေ့တွေ ပါနေတာ၊ အဖျင်းအမှော် ၊ ဖုန်ခဲသဲတွေ ရောပါနေတာမရှိဘဲ သန့်တဲ့မျိုးစေ့ကို မျိုးသန့်လို့ပြောတာပါ။


**မျိုးတစ်မျိုးရဲ့ မူလဗီဇ**

မျိုးကောင်းမျိုးသန့် တစ်မျိုးရဖို့ဆိုရင် မျိုးကောင်းရဖို့အတွက်ကတော့ မျိုးစေ့နဲ့ဆိုင်တဲ့ ပညာရပ်ပိုင်းလိုအပ်ပါတယ်။ မျိုးတစ်မျိုးရဲ့ မူလဗီဇမှာကိုက အထွက်ကောင်းတဲ့၊ အရည်အသွေးကောင်းတဲ့၊ ပိုးဒဏ် ရာသီဒဏ်ခံနိုင်တဲ့ လက္ခဏာတွေပါတဲ့ မျိုးတစ်မျိုးရဖို့ မျိုးစပ်တာ၊ မျိုးထွန်းအောင် ဖန်တီးတာ၊ ဇီဝနည်းတွေနဲ့ ပြုပြင်တာတွေ လုပ်ဖို့လိုအပ်တာဖြစ်တဲ့အတွက် မျိုးစေ့ပညာရှင်တွေကပဲ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒါဆို ရှင်းပြီလေ။ ကျွန်တော်တို့လက်ထဲမှာ ရှိနေတဲ့မျိုး၊ ကောင်းနေတဲ့မျိုးကို သန့်အောင်လုပ်ဖို့အတွက်တော့ တစ်နည်းအားဖြင့် မျိုးသန့်ရဖို့ကတော့ တောင်သူလယ်သမားတွေ၊ မျိုးစေ့ထုတ်လုပ်သူတွေ၊ မျိုးစေ့ဖြန့်ဖြူးရောင်းချသူတွေ ဘယ်သူမဆို ဆောင်ရွက်နိုင်ပါတယ်။ ကျွန်တော်တို့လက်ထဲမှာ ရှိပြီးသား မျိုးကောင်းတစ်မျိုးကို မျိုးသန့်ဖြစ်ဖို့ စိုက်ခင်းမှာကတည်းက ဆောင်ရွက်ဖို့တော့ လိုပါတယ်။

စိုက်ခင်းထဲမှာ မညီမညာဖြစ်နေတဲ့အပင်တွေ၊ ပုံသဏ္ဌာန်ကွဲပြားနေတဲ့အပင်တွေ၊ အရောင်ကွဲပြားနေတဲ့အပင်တွေ၊ ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန် မတူညီတဲ့အပင်တွေကို နုတ်ပစ် (ဒါမှမဟုတ်) အဲဒီအပင်တွေကို မရွေးဘဲ ညီညာမှုရှိတဲ့၊ ပုံသဏ္ဌာန်တူတဲ့၊ အပင်အရပ်၊ အရွယ်တူတဲ့၊ ပန်းပွင့်ချိန်တူတဲ့၊ ရင့်မှည့်ချိန်တူတဲ့အပင်တွေ၊ အရုံတွေထဲက အနှံ၊ အသီးတွေကို ရွေးပြီး မျိုးအဖြစ် သီးသန့်ရိတ်သိမ်းရမှာ ဖြစ်ပါတယ်။ ရိတ်သိမ်းပြီးရင်လည်း ပေါင်းမြက်တွေ၊ အဖျင်းအမှော်၊ ဖုန်ခဲသဲတွေ ပြောင်စင်အောင်ပြာတီးသန့်စင်ရမှာပေါ့။ ဒါဆို မျိုးကောင်းမျိုးသန့်မျိုးစေ့တွေကို ဈေးကြီးကြီးပေးပြီး ဝယ်စရာမလို၊ အချိန်ကုန်၊ လူပန်း၊ ငွေကုန်ခံပြီး လိုက်ရှာနေစရာမလိုဘဲ

**❛ကိုယ့်မှာရှိနေတဲ့မျိုးက မျိုးရဲ့ အရင်းအမြစ်မှန်ဖို့တော့လိုတာပေါ့။ ဒီမျိုးကို ကိုယ်ဘယ်ကရသလဲ၊ စိုက်ပျိုးရေးသုတေသနခြံတွေကလား၊ စိုက်ပျိုးရေးမျိုးစေ့ခြံတွေကလား၊ ဒီလိုခြံတွေမှာတော့ မျိုးစေ့ပညာရှင်တွေလည်းရှိတော့ မျိုးကောင်းဖို့အတွက် စိတ်ချရမှာပေါ့၊ အဲဒီလို မျိုးတစ်မျိုးရပြီးရင် ကိုယ့်လယ်မှာပဲ သုံးနှစ်လောက် မျိုးသန့်အောင်ထိန်းပြီး ပြန်လည်အသုံးပြု စိုက်ပျိုးနိုင်တဲ့အတွက် မျိုးစေ့ဖိုး အပိုငွေမသုံးရဘဲ မျိုးကလည်း ကိုယ်ကိုယ်တိုင်လုပ်ထားတဲ့အတွက် စိတ်ချရတဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့ရရှိနိုင်မှာဖြစ်❜**



ကိုယ့်လယ်မှာပဲ ထုတ်လုပ်နိုင်ပြီပေ့ါ။

တောင်သူကြီးတွေအနေနဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတွေဆိုပြီး အထင်ကြီးနေစရာမဟုတ်ပါ၊ သူတို့လည်း ဒီနည်းကိုပဲ အသုံးပြုပြီး ထုတ်လုပ်ကြတာ ဖြစ်ပါတယ်။ သူတို့ကတော့ ဧရိယာ ကျယ်ကျယ်ပြန့်ပြန့်ထုတ်တဲ့အတွက် အခြောက်ခံစက်တွေ၊ မျိုးစေ့သန့်စင်စက်တွေသုံးကြတာနဲ့ တောင်သူတွေကတော့ နေလှန်းတယ်၊ ဆန်ကောဆန်ခါတွေနဲ့ ပြာတီးသန့်စင်တယ်၊ ဒါပဲကွာခြားတာဖြစ်ပါတယ်။

**စိတ်ချရတဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့ရရှိနိုင်**

တစ်ခုပဲရှိတယ် ။ ကိုယ့်မှာရှိနေတဲ့မျိုးက မျိုးရဲ့ အရင်းအမြစ် မှန်ဖို့တော့လိုတာပေ့ါ။ ဒီမျိုးကို ကိုယ်ဘယ်ကရသလဲ၊ စိုက်ပျိုးရေးသုတေသနခြံတွေကလား၊ စိုက်ပျိုးရေမျိုးစေ့ခြံတွေကလား၊ ဒီလိုခြံတွေမှာတော့ မျိုးစေ့ပညာရှင်တွေလည်းရှိတော့ မျိုးကောင်းဖို့အတွက် စိတ်ချရမှာပေ့ါ၊ အဲဒီလို မျိုးတစ်မျိုးရပြီးရင် ကိုယ့်လယ်မှာပဲ သုံးနှစ်လောက် မျိုးသန့်အောင်ထိန်းပြီး ပြန်လည်အသုံးပြု စိုက်ပျိုးနိုင်တဲ့အတွက် မျိုးစေ့ဖိုး အပိုငွေမသုံးရဘဲ မျိုးကလည်း ကိုယ်ကိုယ်တိုင်လုပ်ထားတဲ့အတွက် စိတ်ချရတဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဒီလိုစဉ်းစားကြည့်ကြပါစို့ ။ လယ်ငါးဧကရှိတဲ့ တောင်သူတစ်ယောက်က စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့တွေကို ၁သမ ၁၀ (၀ ၁သမ ၁၀)ဧကစာပဲ ဝယ်ယူစိုက်ပျိုးပြီး အဲဒီ ၀ ၁သမ ၁၀ ဧကကို မျိုးသန့်အောင်ထိန်း၊ နောက်ရာသီမှာ ကိုယ့်လယ်ငါးဧကအတွက် အသုံးပြုလိုက်၊ နောက် နှစ်ရာသီ၊ သုံးရာသီလောက် မျိုးသန့်အောင်လုပ်ပြီး ဆက်သုံးနိုင်မယ်ဆိုရင် မျိုးစေ့ဖိုးအတွက် ကုန်ကျစရိတ် များစွာသက်သာသွားမှာဖြစ်သလို မျိုးကောင်းမျိုးသန့် မျိုးစေ့ကို အသုံးပြုစိုက်ပျိုးရတဲ့အတွက် အထွက်ကောင်း၊ အရည်အသွေးကောင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ပြီး ဈေးကောင်းလည်းရမယ့် ထွက်ကုန်တွေကို ထုတ်လုပ်နိုင်မှာဖြစ်ပါကြောင်း မျိုးကောင်းမျိုးသန့် မျိုးစေ့သုံးစွဲနိုင်မယ့် ကွန်ချက်လေးအဖြစ် တင်ပြလိုက်ပါတယ်။ အပေါ်မှာ ပြောပြထားတာတွေထက် ထပ်ပြီး အသေးစိတ်သိချင်သေးရင်တော့ ပြောပြပေးပါမယ်၊ ထပ်ရှင်းပြမှ ပိုရှုပ်သွားမှာလည်း စိုးပါတယ်။

မျိုးကောင်းအသစ်တစ်မျိုး ရဖို့ဆိုရင် သီးနှံပေါ်မူတည်ပြီး ၁၀ နှစ် ကြာမလား၊ ၁၅ နှစ် ကြာမလား မပြောနိုင်ပါဘူး။ သားဆက်တစ်ခုရဖို့အတွက် အရင်ဦးဆုံး မိဘတွေလိုတာပေ့ါ၊ မိဘပင်တွေမှာ ကျွန်တော်တို့လိုချင်တဲ့ လက္ခဏာတွေ ဥပမာ- အထွက်ကောင်းတာ၊ အရည်အသွေးကောင်းတာ၊ ပိုးမွှားရောဂါဒဏ်ခံနိုင်တာ၊ ရာသီဥတုဒဏ်ခံနိုင်တာ၊ ရေငတ်ခံနိုင်တာ၊ ဆားငန်ဒဏ်ခံနိုင်တာ၊ အရပ်ပုတာ၊ အရပ်ရှည်တာ စသည်ဖြင့် ပါအောင် အရင်ဆုံးစုဆောင်းလို့ ရသမျှမျိုးတွေကို စိုက်ကြည့်ရတာက စရပါမယ်။ ပြီးမှ ကိုယ်လိုချင်တဲ့ လက္ခဏာပါတဲ့ မျိုးလိုင်းတွေကို ရွေးချယ်ရမယ်။ ပြီးမှ မျိုးစပ်ရမယ်။ မျိုးစပ်ပြီး ရလာတဲ့ မျိုးလိုင်းအသစ်တွေကို ပြန်စမ်းသပ်စိုက်ကြည့်ရမယ်။ ကိုယ်လိုချင်တဲ့လက္ခဏာတွေ မပါရင် အစကပြန်လုပ်ရမယ်။ တစ်ခါလုပ်ရင် အနည်းဆုံး သီးနှံတစ်ရာသီဆိုတော့ စဉ်းစားသာကြည့်ဗျို့၊ ဘယ်လောက်ကြာမလဲဆိုတာ။ ဒါကြောင့်များသောအားဖြင့် မျိုးစပ်ပညာရှင်တွေဟာ မျိုး နှစ်မျိုး၊ သုံးမျိုး ရဖို့အတွက် သူတို့တစ်ဘဝလုံးရဲ့ အချိန်အများစုကို စတေးရတာပေ့ါ။ မျိုးကောင်းတစ်မျိုးရဲ့တန်ဖိုးကို သိစေချင်လို့ တင်ပြတာပါ။

ပြီးတော့ အားလုံးသိကြတဲ့အတိုင်း မျိုးစေ့မှာ စပ်မျိုးနဲ့ သဘာဝဝတ်မှုန်ကူးမျိုးဆိုပြီး ယေဘုယျအားဖြင့် နှစ်မျိုးရှိပါတယ်။ သဘာဝဝတ်မှုန်ကူးမျိုးဆိုတာကတော့ အကြမ်းအားဖြင့် ကိုယ့်မျိုးကိုယ်ပြန်ထားလို့ရတဲ့ မျိုးတွေကို ဆိုလိုတာပါ၊ ကျွန်တော်တို့နိုင်ငံက စပါးမျိုးအများစုဟာ အဲဒီလိုမျိုးတွေဖြစ်ပါတယ်။ ကျွန်တော်အပေါ်မှာတင်ပြခဲ့တဲ့ ကိုယ့်လယ်မှာ ကိုယ့်မျိုးသန့်ထိန်းတာက ဒီလို သဘာဝ ဝတ်မှုန်ကူးမျိုးတွေကိုပဲ လုပ်လို့ရမှာဖြစ်ပါတယ်။ စပ်မျိုးတွေမှာတော့ ကိုယ့်မျိုးကိုယ်ထား၊ ကိုယ့်လယ်မှာ ကိုယ့်မျိုးသန့်ထိန်းလို့မရဘူးဆိုတာကိုတော့ သေချာသိထားဖို့လိုပါတယ်။

စပ်မျိုးတွေကို စိုက်ပျိုးပြီး ရရှိလာတဲ့ မျိုးစေ့ (ဒုတိယသားဆက်) တွေကို ပြန်လည်စိုက်ပျိုးမယ်ဆိုရင် အပင်များညီညာမှုမရှိခြင်း၊ အသီးအရွယ်များ မညီညာခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်စွမ်းနည်းပါးလာခြင်းနဲ့ နောက်ဆုံးအထွက်နှုန်းရောအရည်အသွေးပါ လျော့နည်းကျဆင်းခြင်းတို့ကို ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ဒီလို ဒုတိယသားဆက်တွေကို စိုက်ပျိုးမယ်ဆိုရင် ကြီးမားတဲ့ ဆုံးရှုံးမှုတွေကို ကြုံတွေ့ရမှာဖြစ်ကြောင်း လေးလေးနက်နက် အသိပေးချင်ပါတယ်။

ဒါကတစ်ပိုင်းပေ့ါ။ နောက်တစ်ပိုင်းက သဘာဝဝတ်မှုန်ကူးမျိုးတွေကို ကိုယ့်မျိုးကိုယ် မျိုးသန့်အဖြစ် ထိန်းသိမ်းမယ်ဆိုရင်လည်း သတိထားသင့်တဲ့အချက်လေးတွေရှိပါသေးတယ်။ ဥပမာ - စပါးမျိုးနှစ်မျိုး စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေအနေနဲ့ အခြောက်လှန်းချိန်မှာ မိုးကာ တစ်ချပ်တည်းကို သုံးမယ်ဆိုရင် တစ်မျိုးလှန်းပြီး နောက်တစ်မျိုးလှန်းချိန်မှာ မိုးကာကို သေသေချာချာ သန့်ရှင်းပြီးမှ အသုံးပြုဖို့ လိုအပ်ပါတယ်။ ဒီလိုပဲ ဆန်ကောဆန်ကာတွေကိုလည်း တစ်မျိုးပြီးရင် နောက်တစ်မျိုးမသုံးခင် သေချာစွာ သန့်ရှင်းဖို့လိုပါတယ်။ မျိုးရောနိုင်ပြီး မျိုးသန့်စင်ဖို့အတွက် အန္တရာယ်အကြီးဆုံး လုပ်ငန်းအဆင့်တွေဖြစ်ပါတယ်။ ရိတ်သိမ်းချိန်မှာလည်း ရိတ်သိမ်းခြွေလှေ့စက်တစ်စီးပဲ သုံးမယ်ဆိုရင် သေချာပြောင်စင်အောင် သန့်ရှင်းဖို့ လိုမှာဖြစ်ပါတယ်။ **စာမျက်နှာ ၇ သို့** ❄

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

စည်းလုံးချစ်ကြည်လက်တွဲညီ

ရွှေပြည်သစ်ဆီလှမ်းကြမည်။

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၄-၁၁-၂၀၂၅)

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။

★ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။

★ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ တောင်သူများနှင့်တွေ့ဆုံ၊ ဆောင်းနေကြာမျိုးစေ့နှင့် အနိမ့်တင်ဆိုလာများ ထောက်ပံ့ပေးအပ်



နေပြည်တော် နိုဝင်ဘာ ၉

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းဝင်း သန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုများမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်ကာ ဆန်နှင့် စားသုံးဆီများ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ရေအေးကျေးရွာ (KC)၌ တောင်သူတွေ့ဆုံပွဲနှင့် သီးထပ် စိုက်ပျိုးနိုင်ရေး အနိမ့်တင်ဆိုလာပန့်များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်၍ နေပြည်တော် အတွင်း သီးထပ်စိုက်ပျိုးနိုင်ရေး၊ မိုး၊ ဆောင်း၊ နွေ ရာသီပြည့်စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြေအောက်ရေစက်ရေတွင်းများ တူးဖော်ခြင်း၊ ဆိုလာစနစ် ပြောင်းလဲတပ်ဆင်ခြင်း၊ ယာယီချောင်းပိတ်ဆည်များ တည်ဆောက်ခြင်း၊ ဆိုလာနှင့် လျှပ်စစ်ရေတင် စနစ်များ တည်ဆောက်ခြင်း၊ ကျေးလက်ထိန်းဆည်များ ပြုပြင်ခြင်း၊ သဘာဝ ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌက တောင်သူများကို အနိမ့်တင်ဆိုလာပန့်များနှင့် နေပြည်တော် ကောင်စီဝင်က ရေဆင်းစပ်မျိုးနေကြာ-၁ နေကြာမျိုးစေ့များ ပေးအပ်ကာ တောင်သူများ၏ တင်ပြဆွေးနွေးချက်များအပေါ် ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်တို့အတွင်း မန္တလေးမြေလျှင် လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် လမ်းပိုင်းများ နိုင်လွန်ကတ္တရာ ခင်းကျင်းနေမှု၊ လမ်းဘေးပလက်ဖောင်းများနှင့် ကပ်တံ့များ ပြန်လည်ပြုပြင်နေမှု အခြေအနေများ၊ လမ်းများ သန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် လမ်းဘေး မြေယာရှုခင်းများ သန့်ရှင်းသာယာရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## အင်အားအသင့်အတင့်ရှိသော မြေလျှင်တစ်ခု လှုပ်ရှားသွား

နေပြည်တော် နိုဝင်ဘာ ၉

ယနေ့မြန်မာစံတော်ချိန် ၁၃ နာရီ၊ ၀၈ မိနစ်၊ ၂၉ စက္ကန့်တွင် ကမ္ဘာအေး မြေလျှင်စခန်းမှ အနောက်တောင်ဘက် မိုင် ၃၄၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ၊ မြောက်လတ္တီတွဒ် ၁၂ ဒသမ ၄၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၈၀ ဒီဂရီ၊ အနက် ၁၁၃ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်) တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေလျှင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**



❝ မျိုးစေ့မှာ စပ်မျိုးနဲ့ သဘာဝဝတ်မှုန်ကူးမျိုးဆိုပြီး ယေဘုယျအားဖြင့် နှစ်မျိုးရှိပါတယ်။ သဘာဝဝတ်မှုန်ကူးမျိုးဆိုတာကတော့ အကြမ်းအားဖြင့် ကိုယ့်မျိုးကိုယ် ပြန်ထားလို့ရတဲ့မျိုးတွေကို ဆိုလိုတာပါ၊ ကျွန်တော်တို့နိုင်ငံက စပါးမျိုးအများစုဟာ အဲဒီလိုမျိုးတွေ ဖြစ်ပါတယ်။ ကျွန်တော် အပေါ်မှာတင်ပြခဲ့တဲ့ ကိုယ့်လယ်မှာ ကိုယ့်မျိုးသန့်ထိန်းတာက ဒီလို သဘာဝဝတ်မှုန်ကူးမျိုးတွေကိုပဲ လုပ်လို့ရမှာဖြစ်ပါတယ်။ စပ်မျိုးတွေမှာတော့ ကိုယ့်မျိုးကိုယ်ထား၊ ကိုယ့်လယ်မှာ ကိုယ့်မျိုးသန့်ထိန်းလို့မရဘူးဆိုတာကိုတော့ သေချာသိထားဖို့လို ❞

❋ စာမျက်နှာ ၆ မှ

စီးပွားဖြစ် မျိုးစေ့ထုတ်လုပ်နေကြတဲ့ တောင်သူကြီးတွေ၊ မျိုးစေ့ထုတ်သမအသင်းတွေ၊ ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်ငန်းတွေအနေနဲ့ကတော့ မျိုးသန့်ထုတ်လုပ်တဲ့စိုက်ခင်းတွေမှာ မျိုးရောတွေကိုပယ်နိုင်ဖို့ အဓိက အရေးကြီးပါတယ်။ ဒီလိုမျိုး စီးပွားဖြစ်မျိုးစေ့ ထုတ်လုပ်နေကြတဲ့သူတွေရော၊ ကိုယ့်မျိုးကိုယ် မျိုးသန့်ထိန်းသိမ်းတဲ့သူတွေရော ကျန်တဲ့လုပ်ငန်းတွေမှာ လွယ်ကူနိုင်ပေမယ့် စိုက်ခင်းအတွင်း မျိုးရောပယ်တဲ့လုပ်ငန်းကို ဆောင်ရွက်ဖို့ အခက်အခဲရှိခဲ့ရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ နီးစပ်ရာဌာနပိုင်မျိုးသန့်ခြံတွေ၊ မျိုးစေ့ရုံးတွေနဲ့လည်းကောင်း၊ စိုက်ခင်းမှ ထွက်ရှိလာတဲ့မျိုးစေ့တွေ စံချိန်စံညွှန်းပြည့်မီမှု ရှိ/မရှိ စစ်ဆေးဖို့အတွက် မျိုးစေ့စစ်ဆေးရေးဓာတ်ခွဲခန်းများနဲ့လည်းကောင်း ဆက်သွယ်ပေါင်းစပ်ဆောင်ရွက်နိုင်ပါကြောင်းကိုလည်း ဌာနမှ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးမှုအရ သိရှိရပါတယ်။

### သုံးစွဲလာနိုင်မယ့်အခွင့်အလမ်းနဲ့ ကြီးမားတဲ့ဈေးကွက်

မျိုးစေ့ဌာနမှ တာဝန်ရှိသူတွေနဲ့ ဆွေးနွေးမှုအရ စီးပွားဖြစ် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေကြတဲ့ ပုဂ္ဂလိကနဲ့ အဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံတော်က ပြည်တွင်းမျိုးစေ့ထုတ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအားပေးဆောင်ရွက်နေတဲ့ ကာလဖြစ်ပါတယ်။ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူတွေအနေနဲ့လည်း မျိုးကောင်းမျိုးသန့် မျိုးစေ့သုံးစွဲခြင်းရဲ့ အကျိုးကျေးဇူးတွေကို တစ်စတစ်စ သိရှိလာတာနဲ့အမျှ ပြည်တွင်း မျိုးကောင်းမျိုးသန့်မျိုးစေ့သုံးစွဲလာနိုင်မယ့် အခွင့်အလမ်းနဲ့ ကြီးမားတဲ့ ဈေးကွက်ရှိလာနိုင်တာကြောင့် မျိုးစေ့စီးပွားရေးမှာ အခုထက်ပိုပြီး ရင်းနှီးမြှုပ်နှံကြဖို့ကိုလည်း အကြံပြုတိုက်တွန်းလိုပါတယ်။

ဒါ့အပြင် ပြည်တွင်းမှာ နည်းမှန်လမ်းမှန်နဲ့ စီးပွားဖြစ် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြတဲ့ ပုဂ္ဂလိက၊ အဖွဲ့အစည်းတွေနဲ့ သုံးစွဲသူတောင်သူတွေကို ကာကွယ်ပေးနိုင်ဖို့နဲ့ စံချိန်စံညွှန်းမပြည့်မီတဲ့ မျိုးစေ့တွေကို ဖြန့်ဖြူးရောင်းချနေသူတွေ၊ မသမာတဲ့နည်းနဲ့ အတုအပတွေကို ရောင်းချနေသူတွေကို အရေးယူနိုင်ဖို့ကိုလည်း မျိုးစေ့ဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရတဲ့အတွက် ပြည်တွင်းမျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နေကြသူတွေအတွက် ပိုပြီး စိတ်ချလုံခြုံတဲ့ စီးပွားရေးရပ်ဝန်းတစ်ခု ဖြစ်လာဖို့ ရှိနေကြောင်းကိုလည်း အသိပေးလိုပါတယ်။

ဒီဆောင်းပါးလေးမှာတော့ တောင်သူတွေအနေနဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့ကို အဓိကလွယ်ကူစွာရရှိစေပြီး ကုန်ကျစရိတ်လည်း နည်းပါးစေတဲ့ မျိုးစေ့အတွက် ကွန်ချက်လေးကို မျှဝေပေးချင်တာဖြစ်ပြီး တောင်သူတစ်ဦးတစ်ယောက်အတွက် အကျိုးရှိသွားမယ်ဆိုရင်ကို များစွာ ကျေနပ်အားရမိမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# ကျောက်မဲမြို့တွင် ပညာပန်းတို့ တစ်ဖန်ပြန်လည် ပွင့်လန်းနေပြီ

**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များပေါ်များခြင်းဖြစ်သည်။ ယနေ့ ကလေးသူငယ် လူငယ်လူရွယ်များသည် အနာဂတ်တွင် မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ကို အကောင်း၊ အဆိုးဖန်တီးနိုင်သူများဖြစ်ပြီး ပညာသင်ကြားဆည်းပူးရေးကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကာ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ယူနိုင်ရေး မိဘ၊ ဆရာ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများအားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။**

**တွေ့ဆုံမေးမြန်း**
**T Z T(MoE)**


ဒေါ်နန်းမူရင်(ကျောင်းအုပ်ကြီး)


မောင်ကျော်ဇင်မင်းထက်


နန်းဥမ္မာဦး


မောင်မင်းခန့်သော်


ဦးကျော်စွာဝင်း


ကျောင်းသားမိဘတစ်ဦး

ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက “နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး”ဆိုသည့် ဦးတည်ချက်ကိုချမှတ်ပြီး ပညာရေးကဏ္ဍကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များတွင် အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တည်ငြိမ်အေးချမ်းမှုများပျက်စီးပြီး ကျောင်းများပိတ်ထားခဲ့ရသောကြောင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြား၊ သင်ယူမှုအခွင့်အလမ်းများ စာသင်နှစ်တစ်နှစ်ခန့် ဆုံးရှုံးနစ်နာခဲ့ရသည်။

ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြို့ကြီးများဖြစ်သော နောင်ချို၊ ကျောက်မဲ၊ သီပေါမြို့များကို တပ်မတော်က အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နေပြီဖြစ်ကာ အခြေခံပညာကျောင်းများတွင် စာသင်နောက်ကျခဲ့ရသည့် ကျောင်းသား ကျောင်းသူများအတွက် အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ ကျောက်မဲမြို့နယ်အတွင်း အခြေခံပညာကျောင်းများတွင် စာသင်နောက်ကျခဲ့ရသည့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပြန်လည်ပညာသင်ကြားနိုင်ပြီဖြစ်ရာ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ၏ ဝမ်းသာပီတိစကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

**ဒေါ်နန်းမူရင်(ကျောင်းအုပ်ကြီး)**
**အမှတ်(၃)အခြေခံပညာနှင့်**
**စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း**
**ကျောက်မဲမြို့**

တိုက်ပွဲတွေဖြစ်ပွားတဲ့ကာလမှာ ရှမ်းအရှေ့တာချီလိတ်ကို ခေတ္တသွားနေခဲ့ရပါတယ်။ အဲဒီကို သွားတဲ့အခါမှာလည်း လမ်းခရီးမှာ အခက်အခဲအမျိုးမျိုးကြုံတွေ့ခဲ့ရတယ်။ အခု ကျောက်မဲမြို့ကို ပြန်လည်ရောက်ရှိလာတုန်းက ကျွန်မတို့ကျောင်းပျက်စီးမှုကိုကြည့်ပြီး အလွန်စိတ်မကောင်းဖြစ်ရပါတယ်။ ကလေးတွေ အရင်လိုစာသင်နိုင်ဖို့ အတတ်နိုင်ဆုံးကြိုးစားပေးမှာဖြစ်ပါတယ်။ အခု ကျွန်မတို့ ဆရာဆရာမတွေ၊ ရပ်မိရပ်ဖတွေပူးပေါင်းပြီး ကျောင်းကြီးသာယာလှပရေး စွမ်းဆောင်ကြိုးစားနေပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ကျောင်းကိုပြန်ရောက်လာတဲ့အတွက် အများကြီးဝမ်းသာအားရမိပါတယ်။ ကျောက်မဲမြို့မှာ အရင်လို အေးအေးချမ်းချမ်းသာသာယာယာနဲ့ ကျောင်းမှာ ကျောင်းသား ကျောင်းသူတွေ စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် ကျောင်းတက်နေရတာကို မြင်ရတဲ့အတွက် ဆရာမတစ်ဦးအနေနဲ့ အများကြီးစိတ်ချမ်းသာရပါတယ်။

**မောင်ကျော်ဇင်မင်းထက်(Grade –12)**
**အထက(၁) ကျောက်မဲမြို့**

ကျွန်တော်ကတော့ အထက(၁) Grade–12 STEAM–1 က ကျောင်းသားတစ်ဦးဖြစ်ပါတယ်။ ကျောင်းတက်နေစဉ် ရုတ်တရက်ဖြစ်ရတဲ့တိုက်ပွဲကြောင့် ခေတ္တနေရပ်ရှောင်ခဲ့ရပါတယ်။ တခြားမြို့၊ တခြားရွာမှာ သွားနေခဲ့ရပါတယ်။ ကိုယ့်အရပ်ဒေသမဟုတ်တဲ့အတွက် အခက်အခဲများစွာရှိခဲ့ပါတယ်။ ကျောင်းတွေဖွင့်တော့ ကျောင်းတက်ချင်မိပါတယ်။ အခုကတော့ ကိုယ့်နေရပ်မှာ ကျောင်းပြန်တက်ရတော့ အင်မတန်ပျော်မိပါတယ်။ ကျောင်းနားပြီး စိတ်က အပြင်ရောက်တာနဲ့စာရင် ကျောင်းပညာရေးမှာ စိတ်နှစ်ထားတာက ပိုပြီးကောင်းပါတယ်။

**မနန်းဥမ္မာဦး (Grade –12)**
**အထက(၁) ကျောက်မဲမြို့**

ကျွန်မ Grade–12 STEAM–1 ကျောင်းသူ ဖြစ်ပါတယ်။ တိုက်ပွဲဖြစ်တဲ့အချိန်မှာ ကျွန်မတို့ မန္တလေးဘက်မှာ သွားရှောင်နေရပါတယ်။ ကိုယ်နေဖူးတဲ့ဒေသမဟုတ်တဲ့အတွက်ကြောင့် မပျော်ခဲ့ဘူး။ အခက်အခဲတွေရှိခဲ့ပါတယ်။ အခုကတော့ ကျွန်မတို့ ကျောက်မဲမြို့မှာ ကျောင်းပြန်ဖွင့်နေပြီဖြစ်တဲ့အတွက် ကိုယ့်အိမ်၊ ကိုယ့်ဒေသမှာ နေခွင့်ရတယ်၊ ကျောင်းလည်း ပြန်တက်ခွင့်ရတဲ့အတွက် တကယ်ကိုဝမ်းသာမိပါတယ်။

**မောင်မင်းခန့်သော် (Grade –12)**
**အထက(၁) ကျောက်မဲမြို့**

တိုက်ပွဲဖြစ်ပွားစဉ်ကာလအတွင်း ပြင်ဦးလွင်ကဘုန်းကြီးကျောင်းမှာ ခေတ္တရှောင်နေခဲ့ရပါတယ်။ ပညာရေးအတွက် အခက်အခဲတွေအများကြီးရှိခဲ့ပါတယ်။ လျှပ်စစ်မီးအဆင်မပြေတာ၊ ခရီးသွားလာရေးအဆင်မပြေတာတွေ ရှိခဲ့ပါတယ်။ အခုကတော့ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ကျောင်းကို ပြန်လာရတဲ့အတွက် အင်မတန်ပျော်ရွှင်မိပါတယ်။ ကိုယ့်နေရပ်က ကျောင်းမှာပဲ စာပြန်သင်ယူနိုင်ပါပြီ။ ဆရာ ဆရာမတွေက စေတနာထားပြီး သင်ကြားပေးကြတယ်၊ ဆရာ ဆရာမတွေက အကောင်းဆုံးနဲ့ အစွမ်းဆောင်နိုင်ဆုံး ကြိုးစားပေးကြပါတယ်။ ဒါကြောင့် အခု ကျောင်းမှာ စာပြန်လည်သင်ကြားရမှုက အဆင်ပြေပါတယ်။ ကျောင်းကို မရောက်လာသေးတဲ့ သူငယ်ချင်းတွေကို အရှုံးမပေးပါနဲ့၊ ကြိုးစားကြပါလို့ ပြောချင်ပါတယ်။ ကျောင်းပြန်လာတက်ဖို့လည်း တိုက်တွန်းချင်ပါတယ်။

**ဦးကျော်စွာဝင်း(ကျောင်းသားမိဘ)**
**ကျောက်မဲမြို့**

အခုလို ကျောင်းတွေပြန်လည်ဖွင့်လှစ်ပြီး ကိုယ့်မြို့၊ ကိုယ့်ရွာမှာပဲ ကလေးတွေ အေးအေးချမ်းချမ်း စာပြန်သင်ခွင့်ရတာ မိဘတစ်ဦးအနေနဲ့ အတိုင်းမသိဝမ်းသာမိပါတယ်။ ကျောင်းတက်ရင်းနဲ့ တိုက်ပွဲရှောင်ပြီး တခြားနေရာဒေသမှာ သွားနေရတဲ့အခါ ကိုယ့်ရပ်ရွာမဟုတ်တဲ့အတွက် တကယ်တော့ အဆင်မပြေတာတွေ အများကြီးရှိခဲ့ပါတယ်ခင်ဗျ။ ကျွန်တော့်သားသမီးတွေကို ကိုယ့်မြို့၊ ကိုယ့်အိမ်ကနေ အေးအေးချမ်းချမ်း အဆင်ပြေပြေနဲ့ ကျောင်းတက်စေချင်တာပါ။

ယခုအခါ ကျောက်မဲဒေသ၌ နယ်မြေအေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ကျောင်းတံခါးများ ဖွင့်လှစ်ကာ စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုအသံများ၊ စာကျက်စာအံသံများဖြင့် လွှမ်းခြုံနေပြီဖြစ်သည့်အတွက် ဒေသခံမိဘပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ဝမ်းသာကြည်နူးမှုက အတိုင်းမသိပင်။ ဆက်လက်၍လည်း မိမိတို့အရပ်၊ မိမိတို့ဒေသတွင် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ ကျောင်းသို့ရောက်ရှိရေး၊ အချိန်မတိုင်မီ ကျောင်းမထွက်ကြရေး၊ တန်းစဉ်မှန်မှန်ကူးပြောင်းရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အဆင့်မြင့်ပညာများ သင်ယူပြီးမြောက်ရေးအတွက် မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများအားလုံးက ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ကြပြီး စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

## သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ကျောက်တံတား နိုဝင်ဘာ ၉**

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တံတားမြို့နယ်ရွှေတံတား အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာ ၇ ရက်က တိပိဋကနိကာယ မော်လမြိုင်ကျောင်းတိုက်၌ ကျင်းပသည်။

အစည်းအဝေးတွင် ရွှေတံတား အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု လီမိတက် ဥက္ကဋ္ဌ ဒေါ်မေမေတင်က အမှာစကားပြောကြားသည်။



ဆက်လက်၍ ရွှေတံတား အထွေထွေစီးပွားရေး အသင်းစု ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်လေးလေးနွယ်က ဖတ်ကြားတင်ပြပြီး အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်များကိုရယူကာ အသင်းဝင်အသင်းများ၏ အစုပေါ်အမြတ်ငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေး အသိပညာပေးနှိုးဆော်

**ပခုက္ကူ နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးနှင့် သိရှိလိုက်နာဆောင်ရွက်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ ယမန်နေ့ညနေ ၄ နာရီက ကွင်းဆင်း အသိပညာပေး နှိုးဆော်ကြသည်။



ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ပြည်သူများ လိုက်နာ ဆောင်ရွက်ရမည့် ရှောင်ရန်/ ဆောင်ရန်အချက်များကို ပခုက္ကူမြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းလှည့်လည်ကာ အသိပညာပေး နှိုးဆော်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၄၈ ရက်

သာ လိုတော့သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅)ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ မြို့နယ် / ရပ်ကွက် / ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

ကလော နိုဝင်ဘာ ၉

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ တေဇခန်းမ၌ ရှမ်းပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲတို့ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မင်းဝင်းက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရာတွင် မဲပေးစက်များ၏ အားသာချက်များ၊ မဲရလဒ်များအား အချိန်တိုအတွင်းရရှိနိုင်ခြင်း၊ မဲဆန္ဒရှင်များအနေဖြင့် လွယ်ကူစွာဆန္ဒမဲပေးနိုင်သည့်အတွက် ခိုင်မာမှုရှိကြောင်း၊ မဲပေးစက်များအသုံးပြုခြင်းဆိုင်ရာသင်တန်းများပေး၍ လက်တွေ့အသုံးပြုတတ်ရန်လိုအပ်ကြောင်း၊ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးဆောင်ရွက်ရန်ကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးစုဝေးနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် သတင်းရယူခွင့်ပြုရေးဆိုင်ရာကိစ္စရပ်များ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရေးနှင့် ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခွန်မြတ်ဆန်းထွန်းက ရွေးကောက်ပွဲဆိုင်ရာကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## လဲချားမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာခြင်းမပြုမီ မဲစာရင်းမှန်ကန်စေရေး ပူးပေါင်းဆောင်ရွက်

လဲချား နိုဝင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ထပ်မံကပ်ထားကြေညာခြင်း မပြုမီ မဲစာရင်းများမှန်ကန်စေရေးအတွက်စစ်ဆေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများစုပေါင်းပြီး ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းမကပ်မီ မဲစာရင်းမှန်ကန်စေရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့**

## ပန်းတောင်းမြို့နယ်၌ ဒုတိယအကြိမ်မဲစာရင်းမှန်ကန်မှုရှိစေရေး မဲစာရင်းတိုင်းတာစစ်ဆေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပန်းတောင်း နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ဒုတိယအကြိမ် မဲစာရင်း မှန်ကန်မှုရှိစေရေး မဲစာရင်း တိုင်းတာစစ်ဆေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရက အမှန်တကယ် ပါဝင်သင့်သည့် မဲဆန္ဒရှင်စာရင်းများ ကျန်ရှိမှုမရှိစေရေး၊ မပါသင့်သည့်စာရင်းများ ပါရှိမှုမရှိစေရေးနှင့် အချက်အလက်မှားယွင်းခြင်းများကို ယခုပထမအကြိမ် ကပ်ထား ကြေညာစဉ်ကပင် သေချာစိစစ်ကာ နောက်တစ်ကြိမ် ကပ်ထားကြေညာမည့် စာရင်းတွင် ပြည့်စုံမှန်ကန်မှုရှိစေရေးတို့အတွက် ရည်မှန်းချက်ချကာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဒေါ်အိသင်ဇာကျော်က ပထမအကြိမ်မဲဆန္ဒရှင်စာရင်းကို တင်ပြခဲ့ပြီး ယာယီရွှေ့ပြောင်းနေထိုင်သူများ အနေဖြင့်လည်း သတ်မှတ်ပုံစံဖြင့် လျှောက်ထားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

## ငပုတောမြို့နယ်၌ မဲစာရင်းများ ဒုတိယအကြိမ်ကြေညာခြင်းမပြုမီ ပြည့်စုံမှန်ကန်စေရေး စိစစ်လျက်ရှိ

ငပုတော နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲစာရင်းများ ဒုတိယအကြိမ်ကြေညာခြင်းမပြုမီ ပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။



### ကြည့်ရှုစစ်ဆေး

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက ရပ်ကွက်/ ကျေးရွာအုပ်စုများမှ ဆောင်ရွက်ထားရှိသည့် ပုံစံ(၃)၊ (၃က)၊ (၄)၊ (၄က)၊ ယာယီနေရပ်စွန့်ခွာသူများ၊ ပူးတွဲ(၁)၊ ပုံစံ(၁)၊ မြေပြင်တွင် ပြန်လည်ရောက်ရှိသူများ ပါရှိမှု ရှိ မရှိ၊ မြေပြင်တွင် သေဆုံးသူများပါရှိနေမှု ရှိမရှိ၊ မဲစာရင်းများ ပြည့်စုံမှန်ကန်စိစစ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဒေသစီးပွားတိုးပွားလာစေမည့် တိုင်းရောမှ အုန်းချိုမွှေးစိုက်ပျိုးရေး

**သတင်းဆောင်းပါး - နဒီမင်း၊ ဓာတ်ပုံ - ကိုထွန်း**



လူ့အရပ်နှင့် လက်တစ်ကမ်းအကွာမှပင် အလွယ်တကူခူးဆွတ်နိုင်ပြီး အသီးခိုင်တို့ဖြင့် ဝေဆာလျက်ရှိသော အုန်းစိုက်ခင်းတန်းကြီး တစ်ခု။

ဧကအားဖြင့် ၁၈၀ နီးပါးကျယ်ဝန်းသည့် ရေနက်ကွင်းကြီးတစ်ခုအတွင်း အုန်းပင်ပေါင်း တစ်သောင်း ငါးထောင်နီးပါး စနစ်တကျ ပေါင်ခတ်စိုက်ပျိုးထားသည့် ထိုအုန်းစိုက်ခင်းကား တိုင်းရောအတွင်း စမ်းသပ်စိုက်ပျိုးနေသည့် အုန်းချိုမွှေးစိုက်ခင်းများထဲက ဇေယျာမြို့နယ်အတွင်းရှိ အုန်းချိုမွှေးစိုက်ခင်းပင်ဖြစ်သည်။

“ရေနက်ကွင်းတွေကို ဒီအတိုင်းထားမယ့်အတူတူ အကျိုးရှိရှိ အသုံးချတဲ့အနေနဲ့ ပေါင်(ဘောင်)ခတ်တဲ့စနစ်နဲ့ စိုက်ပျိုးထားတာပါ။ ရေတစ်ပေါင်(ဘောင်)၊ ကုန်းတစ်ပေါင်(ဘောင်) စိုက်နည်းပေါ့” ဟု ဧရာဝတီတိုင်းဒေသကြီး ဇေယျာမြို့နယ် ယင်းကဒစ်ကျေးရွာမှ အုန်းချိုမွှေးစိုက်ပျိုးသူ ဦးဇော်မင်းဦးက ပြောသည်။

“ရိတ်သိမ်းခူးဆွတ်ဖို့ အဆင်ပြေအောင် မြောင်းပေါင်နဲ့ စိုက်ပျိုးရတယ်။ ပိုးကျတာ၊ ဝတ်မှုန်ကူးတာတွေ ဂရုစိုက်ပေးရပါတယ်။ အခြားသီးနှံတွေလို ကရိကထတော့ သိပ်မများဘူး”ဟု ၎င်းက ပြောသည်။

အုန်းချိုမွှေး အဓိကစိုက်ပျိုးသည့်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ သီရိလင်္ကာနှင့် အိန္ဒိယ စသည့်နိုင်ငံတို့တွင်လည်း စိုက်ပျိုးကြသည်။



ဧရာဝတီတိုင်းဒေသကြီးသည် အုန်းချိုမွှေးစိုက်ပျိုးရန် သင့်တော်သော ရာသီဥတုနှင့် မြေဆီလွှာအမျိုးအစားရှိသည့်အတွက် အုန်းချိုမွှေးစိုက်ပျိုးရေးကို လွန်ခဲ့သည့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဇေယျာမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့တွင် စတင်စိုက်ပျိုးခဲ့သည်။ အခြားမြို့နယ်များဖြစ်သည့် မော်ကျွန်းမြို့နယ်နှင့် ငွေဆောင်၊ ချောင်းသာဘက်တို့တွင်လည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးခဲ့ကြသည်။

လက်ရှိစိုက်ပျိုးမှုအနေဖြင့် ဇေယျာမြို့နယ်တွင် အုန်းချိုမွှေး စိုက်ဧက ၁၈၀ ခန့်ရှိသည်ဖြစ်ရာ ဧကအားဖြင့် အများဆုံးစိုက်ပျိုးထားသည်ဟု ဆိုနိုင်သည်။

ဧရာဝတီတိုင်းတစ်တိုင်းလုံးတွင် စုစုပေါင်းစိုက်ဧက ၂၂၀ ခန့်ရှိပြီး တစ်လလျှင် အလုံးပေါင်း ၇၅၀၀ နှင့် ၈၀၀၀ ကြား ခူးဆွတ်နိုင်ပြီဖြစ်ရာ အုန်းချိုမွှေးစိုက်ပျိုးရေးသည် အောင်မြင်ဖြစ်ထွန်းသည့်အနေအထားဟု ဆိုရမည်ဖြစ်သည်။ ထို့ပြင် ဧက ၂၀၀ ကျော် တိုးချဲ့စိုက်ပျိုးရန်လည်း စီစဉ်ထားကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း စမ်းသပ်စိုက်ပျိုးနေသည့် အုန်းချိုမွှေးပင်များ၏ မူလမျိုးရင်းမှာ ထိုင်းနိုင်ငံဖြစ်ပြီး Numhon ဟုခေါ်ပြီး မျိုးရင်း ၃ မျိုးရှိသည်။ ယခုလက်ရှိ ဧရာဝတီတွင် စိုက်ပျိုးသည့်မျိုးမှာ ထိုင်းနိုင်ငံမှ မှာယူတင်သွင်းစိုက်ပျိုးထားသည့် အရည်သောက်အုန်း အမျိုးအစားဖြစ်ပြီး အဆိုပါ အုန်းချိုမွှေး၏အရည်မှာ သာမန်အုန်းရည်များထက် ချိုမွှေးပြီး အရသာရှိသည့်အတွက် ပြည်တွင်း၊ ပြည်ပ ဈေးကွက်များတွင် ဝယ်လိုအားမြင့်မားကာ ဈေးကောင်းရရှိနေသည့် အသီးမျိုးလည်း ဖြစ်သည်။

လက်ရှိဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် အုန်းချိုမွှေးများအား ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ခြင်းမရှိသေးသော်လည်း ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့်မြို့များသို့ တင်ပို့နေပြီး ရန်ကုန်မြို့ရှိ City Mart များနှင့် Markro၊ Pro 1 စသည့် အရောင်းဆိုင်များသို့ နေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

“ရန်ကုန်ဈေးကွက်ကတော့ အဓိကပေါ့။ အဆင့်မြင့်ဈေးအရောင်းဆိုင်ကြီးတွေ၊ စားသောက်ဆိုင်တွေပို့တယ်။ ဈေးကွက်ထဲတင်တဲ့အခါ အုန်းသီးတစ်လုံးကို ၅၀၀၀ ကနေ ၆၀၀၀ ကြားရတယ်။ လောလောဆယ် ပြည်ပကိုတင်ပို့တာ မရှိသေးပါဘူး။ ထွက်ရှိတဲ့ အသီးအရေအတွက်နည်းနေသေးတာမို့ပါ”ဟု အုန်းချိုမွှေးစိုက်ပျိုးသူ ဦးဇော်မင်းဦးက ပြောသည်။

မြန်မာ့မျိုးရင်းအုန်းသီးပင်များသည် နှစ်ရှည်ပင်အမျိုးအစားဖြစ်ပြီး အပင်သက်တမ်းအနည်းဆုံး ၇ နှစ်မှ ၁၀ နှစ်ကြားရှိမှသာ စတင်အသီးသီးသော်လည်း ထိုင်းအုန်းချိုမွှေး၏ အပင်သက်တမ်းမှာ ၂ နှစ်ခွဲနှင့် ၃ နှစ်ကြားတွင် စတင်အသီး သီးသည်။ ထို့ပြင် မြန်မာအုန်းသီးမျိုးက တစ်ဧကလျှင် အပင် ၇၀ စိုက်ပျိုးနိုင်ပြီး ထိုင်းအုန်းချိုမွှေးက တစ်ဧကလျှင် အပင် ၉၀ စိုက်ပျိုးနိုင်သည့်အတွက် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်သည့် သဘောရှိသည်။

“ဒီအုန်းပင်မျိုးက စစိုက်တဲ့အချိန်ကနေ ၂ နှစ်ခွဲနဲ့ ၃ နှစ်ကြားမှာ အသီးသီးတယ်။ ခူးဆွတ်လို့ရတယ်။ တစ်နှစ်ကို အပင်ငယ်တဲ့အရွယ်မှာ ၅၀ ကနေ ၇၀ ကြားသီးတယ်။ အခုက စစိုက်ခါစလည်းဖြစ် အပင်ကလည်း ငယ်သေးတော့ အရှုံးအမြတ်က မှန်းလို့မရသေးဘူး။ နောက်နှစ်လောက်ဆို သိရပြီ” ဟု အုန်းချိုမွှေးစိုက်ပျိုးသူ ဦးဇော်မင်းဦးက ပြောသည်။

ယခင်က အုန်းချိုမွှေးမှတစ်ဆင့် အုန်းသကြားထုတ်လုပ်ခဲ့သော်လည်း စီးပွားရေးအရ တွက်ခြေမကိုက်သည့်အတွက် များစွာထုတ်နိုင်ခြင်းမရှိခဲ့ပေ။ ယခုလက်ရှိအချိန်တွင် အုန်းချိုမွှေးအုန်းဖူးမှ အုန်းသကာရည် ထုတ်လုပ်ပြီး ပြည်ပတင်ပို့ရောင်းချနိုင်ရေး လုပ်ငန်းရှင်တချို့က ဆောင်ရွက်နေသည်ကို ကြားသိနေရသည်။

> **မြန်မာ့မျိုးရင်းအုန်းသီးပင်များသည် နှစ်ရှည်ပင်အမျိုးအစားဖြစ်ပြီး အပင်သက်တမ်းအနည်းဆုံး ၇ နှစ်မှ ၁၀ နှစ်ကြားရှိမှသာ စတင်အသီးသီးသော်လည်း ထိုင်းအုန်းချိုမွှေး၏ အပင်သက်တမ်းမှာ ၂ နှစ်ခွဲနှင့် ၃ နှစ်ကြားတွင် စတင်အသီးသီးသည်။ ထို့ပြင် မြန်မာအုန်းသီးမျိုးက တစ်ဧကလျှင် အပင် ၇၀ စိုက်ပျိုးနိုင်ပြီး ထိုင်းအုန်းချိုမွှေးက တစ်ဧကလျှင် အပင် ၉၀ စိုက်ပျိုးနိုင်သည့်အတွက် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်သည့် သဘောရှိ**

“အုန်းသကာရည်အတိုင်း ပြည်ပတင်ပို့နိုင်ရေး လုပ်ငန်းရှင်တစ်ဦးက ချိတ်ဆက်လာတာရှိပါတယ်။ Contract farming ပုံစံနဲ့ ဆောင်ရွက်မှာဖြစ်ပြီး တကယ်အကျိုးအမြတ်ရှိလာရင် အခြားတောင်သူတွေလည်း အုန်းချိုမွှေးကို ပိုမိုစိုက်ပျိုးလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်”ဟု ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ပြောသည်။

အထူးသဖြင့် ထိုင်းအုန်းချိုမွှေးမှ ထုတ်လုပ်ရရှိသည့် အုန်းဂျယ်လီသည် အိမ်နီးချင်းနိုင်ငံများတွင် စားသုံးသူအကြိုက် ဈေးကွက်ဝင်အစားအစာဖြစ်သည့်အတွက် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်သည်။

“အုန်းချိုမွှေးကနေ အုန်းဂျယ်လီထုတ်ပြီး တင်ပို့ရောင်းချနိုင်ဖို့၊ လိုအပ်တဲ့စက်ပစ္စည်းတွေရရှိနိုင်ဖို့၊ ထိုင်းဘက်ကစက်ရုံတွေမှာ သွားရောက်လေ့လာနိုင်ဖို့နဲ့ ဝယ်ယူနိုင်ဖို့ ချိတ်ဆက်ပေးနေတာတွေရှိပါတယ်”ဟု အုန်းချိုမွှေးစိုက်ပျိုးရေးကို အကောင်အထည်ဖော်နေသည့် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ပြောသည်။

အုန်းချိုမွှေးပင်များသည် အခြားသီးနှံများထက် ပြုစုရမှု သက်သာခြင်း၊ နှစ်ရှည်သီးနှံပင်ဖြစ်ခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံစိုက်ပျိုးသည့်အချိန်မှစ၍ နောက်နှစ်တိုင်း အကျိုးအမြတ် များစွာရရှိမည့် သီးနှံမျိုးဖြစ်ရာ အုန်းချိုမွှေး စိုက်ပျိုးရန် သင့်လျော်သော မြေဆီလွှာရှိသည့် တိုင်းရောအတွင်း ပိုမိုတိုးချဲ့စိုက်ပျိုးသင့်သည့် သီးနှံမျိုးဖြစ်သည်။

ထို့ပြင် အုန်းသီးမှ ထွက်ရှိသည့် အခွံ၊ အသား၊ အရည်စသည်တို့ကို စားသောက်ကုန်ထုတ်လုပ်ရာတွင်လည်းကောင်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်ရာတွင်လည်းကောင်း အသုံးပြုသည်။ အဓိကအားဖြင့် စားသောက်ကုန်လုပ်ငန်းများတွင် အများဆုံး အသုံးပြုသည်။ သို့အတွက် အဘက်ဘက်မှ ဝင်ငွေတိုးနိုင်သည့် အသီးအနှံမျိုးဟုဆိုလျှင် မှားမည်မထင်ပေ။

စိုက်ပျိုးရေး စတင်လုပ်ဆောင်ချိန်မှစ၍ အသီးခူးဆွတ်ပြီး ဈေးကွက်သို့ တင်ပို့ချိန်ထိ လုပ်သားများ အသုံးပြုရသည့်အတွက် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာသည်။

သို့အတွက် အုန်းချိုမွှေး စိုက်ပျိုးရေးကို အရည်အသောက်ထုတ်လုပ်ရုံမျှမက စားသုံးသူအကြိုက် ရောင်းကုန်များ ဖြစ်လာစေရန် ဆန်းသစ်တီထွင်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်တင်ပို့နိုင်ရေး ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဆိုပါက တိုင်းရော၏ အုန်းချိုမွှေးစိုက်ပျိုးရေးသည် ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာ ရောက်မည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို ပိုမိုအကျိုးဖြစ်ထွန်းစေသည့် စိုက်ပျိုးရေးတစ်ခုဖြစ်လာမည်မှာ မလွဲကေန်ပင် ဖြစ်သည်။

# အသိဉာဏ်ပညာကို လက်တွေ့အသုံးချပြီး မိမိဘဝမှာ ကျန်းမာအောင်မြင် ပျော်ရွှင်အောင် ကြိုးစားကြပါလို့ အကြံပြုချင်ပါတယ်

**ဒေါက်တာတင်ထွန်းဦး**

**အင်တာဗျူး-သစ္စာ(MNA)**
**ဓာတ်ပုံ-ဇွဲမာန်**

**စာပေသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု၊ အသည်းနှလုံးဖြစ်ပြီး လူသားတို့၏ ဘဝမြှင့်တင်မှုကို တွန်းအားပေးရာလည်းဖြစ်သည်။ သုတစာပေသည် အတွေးအခေါ်ကို ရှင်သန်စေပြီး ရသစာပေသည် နှလုံးသားကိုနူးညံ့စေကာ အမှားအမှန်ကို ဝေဖန်နိုင်စွမ်းရှိသည်။ သုတရသပေါင်းစည်းမှုသည် ဖွံ့ဖြိုးတိုးတက်လိုသော စိတ်ဆန္ဒ၊ နိုင်ငံချစ်စိတ်နှင့်မျိုးချစ်စိတ်တို့ကို ရှင်သန်စေသည်။ စာပေဖတ်ရှုလေ့လာမှုမှ တီထွင်ကြံဆလိုမှုနှင့် မှန်ကန်သော အတွေးအခေါ်တို့ကို ပေးစွမ်းလျက်ရှိသည်။**

ထို့ကြောင့် နိုင်ငံတော်က စာပေကိုမြတ်နိုးတန်ဖိုးထား၍ စာပေပညာရှင်တို့၏ စာပေဂုဏ်ကို အသိအမှတ်ပြုတန်ဖိုးထားသောအားဖြင့် အမျိုးသားစာပေဆုများကို နှစ်စဉ်ချီးမြှင့်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ၂၀၂၄ ခုနှစ်၏ အမျိုးသား စာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များကို ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါ အမျိုးသားစာပေဆုရရှိကြသူများထဲမှ စာပေပညာရှင် ဒေါက်တာတင်ထွန်းဦး၏ စကားသံတို့ကို စာပေချစ်သူတို့ထံ ဝေမျှလိုက်ရပါသည်။

**ဒေါက်တာတင်ထွန်းဦး (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ)**

ကျွန်တော့်အနေနဲ့ စာဖတ်သူတွေရဲ့ အားပေးမှုကို အထူးရရှိခဲ့တဲ့ ဒီစာအုပ်ကို အခုလို နိုင်ငံတော်ရဲ့ အသိအမှတ်ပြုခြင်းခံရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဖတ်ရှုအားပေးခဲ့ကြတဲ့ စာဖတ်ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ အခုရရှိတဲ့ အမျိုးသားစာပေဆုဟာ လေးကြိမ်မြောက်ဖြစ်ပါတယ်။ ၁၉၉၁ နဲ့ ၁၉၉၄ ခုနှစ်မှာ နှစ်ကြိမ်ရရှိခဲ့ပြီး နှစ်ပေါင်း ၃၀ နီးပါးလောက်ကြာမှ ၂၀၂၃ ခုနှစ်အတွက် မနှစ်ကရခဲ့ပါတယ်။ အခု ၂၀၂၄ ခုနှစ်အတွက် ထပ်မံရရှိတာကြောင့် လေးကြိမ်မြောက်လည်း ဖြစ်ပါတယ်။ အရင်သုံးကြိမ်ရရှိခဲ့စဉ်က သုတပဒေသာဘာသာရပ်ရဲ့ အသုံးချသိပ္ပံနဲ့ ရိုးရိုးသိပ္ပံဆိုတဲ့ ဘာသာရပ်တွေမှာ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ အခုဆုရတဲ့စာအုပ်က သုတပဒေသာ(ဝိဇ္ဇာ)ဘာသာရပ်နဲ့ ရရှိတာဖြစ်တဲ့အတွက် မတူညီတဲ့ဘာသာရပ်နဲ့ ဒီနှစ်မှာ ဆုရရှိတာကြောင့် ပိုပြီးကျေနပ်



ဒေါက်တာတင်ထွန်းဦး

အားရမိပါတယ်။

ပြည်သူလူထုအနေနဲ့ ဘဝမှာ ချမ်းမြေ့ပျော်ရွှင်စွာ နေချင်ရင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး အသက်ရှည်ချင်ရင် ဖိစီးမှုရှင်းပြီး သောကကင်းဖို့ လိုပါတယ်။ ဒီစာအုပ်နာမည်က ဖတ်ရလွယ်အောင် "ဖိစီးမှုရှင်း သောကကင်း" ဆိုပေမယ့် တကယ်တမ်းပိုပြီး ဆီလျော်တဲ့အမည်ကတော့ "ဖိစီးမှုများကိုကျော်လွှား၊ သောကကို ဖယ်ရှား" ဖြစ်ပါတယ်။ လူတိုင်းရင်ဆိုင် ကြုံတွေ့နေကြရတဲ့ Stress လို့ခေါ်တဲ့ ဖိစီးမှုတွေကို ဖယ်ရှားပစ်ဖို့ ခက်လှပါတယ်။ အထူးသဖြင့် စိတ်ဖိစီးမှုတွေကို စနစ်တကျ ရင်ဆိုင်ဖြေရှင်း ကျော်လွှားပြီး ရှင်းသွားစေနိုင်ပါတယ်။ အဲဒီလိုပဲ Anxiety လို့ခေါ်တဲ့ သောကကိုတော့ ဖယ်ရှားပစ်လို့လည်းရပါတယ်။ မဖယ်ရှားနိုင်တဲ့ သောကတွေကို မှန်မှန်ကန်ကန်ရင်ဆိုင်နိုင်ရင် သောကတွေ ကင်းသွားမှာဖြစ်ပါတယ်။

ဖိစီးမှုရှင်းပြီး သောကကင်းစေဖို့ သိပ္ပံနည်းကျ နည်းလမ်းကောင်းတွေကို စနစ်တကျပြုစုပြီး ကျွန်တော့်ရဲ့အတွေ့အကြုံ၊ ခံယူချက်နဲ့ လက်တွေ့ကျင့်သုံးနေထိုင်မှု နည်းလမ်းတွေကိုပါ ထည့်သွင်းပြီး ပြည့်ပြည့်စုံစုံ ရိုးရိုးရှင်းရှင်း ဖော်ပြထားတဲ့ စာအုပ်လည်း ဖြစ်ပါတယ်။

စာပေနဲ့ပတ်သက်ပြီး ပြောချင်တာကတော့ Accept, Analyze နဲ့ Apply ဆိုတဲ့ "A" သုံးလုံးဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ မိမိဘဝအတွက် အကျိုးပြုနိုင်မယ့် စာကောင်းပေမွန်တွေကို တတ်နိုင်သမျှ ကြိုးစားပြီးဖတ်ပါ၊ မှတ်ပါ။ ရနိုင်သမျှ လက်ခံစုဆောင်းပါ။ Accept လုပ်ပါ။ အဲဒီကရတဲ့ အချက်အလက်(Information)နဲ့ ဗဟုသုတ(Knowledge) တွေကို စဉ်းစားဆင်ခြင် သုံးသပ်ပြီး Analyze လုပ်ပြီး မိမိရဲ့ကိုယ်ပိုင်ပစ္စည်းဖြစ်စေပါ။ ပြောချင်တာက မိမိရဲ့အသိဉာဏ်ပညာ(Wisdom) နဲ့ အတွေးအခေါ်(Idea)တွေကို ရင့်သန်ထက်မြက်စေပါ။ အသိဉာဏ်ပညာကို လက်တွေ့အသုံးချပြီး မိမိဘဝမှာ ကျန်းမာအောင်မြင်ပျော်ရွှင်အောင် ကြိုးစားကြပါလို့ အကြံပြုချင်ပါတယ်။

အခုလို ထပ်မံအသိအမှတ်ပြုခံရတဲ့အတွက် ပိုပြီးအားတက်မိပါတယ်။ ပိုပြီးစာရေးချင်စိတ်တွေ ပေါ်လာပါတယ်။ ရေးစရာတွေကလည်း အများကြီးရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်က Lifelong Learning ဆိုတဲ့စကားနဲ့အညီ ဘဝတစ်သက်တာလုံး တတ်နိုင်သမျှ ကြိုးပမ်းအားထုတ် လေ့လာနေတာဖြစ်လို့ အများပြည်သူအတွက် အကျိုးရှိမယ့်အချက်တွေကို ပိုပြီးသိလာရပါတယ်။ ဒါကြောင့် ပြည်သူ့အကျိုးပြုစာပေတွေကို အတတ်နိုင်ဆုံး ဆက်လက်ရေးသားသွားဖို့ ရည်ရွယ်ထားပါတယ်။

## ပြည်တွင်းငွေလွှဲဝန်ဆောင်မှုကဏ္ဍအတွက် နိုင်ငံတကာ ငွေလွှဲအဖွဲ့အစည်း MoneyGram နှင့် ရေဝတီဘဏ်တို့ မိတ်ဖက်ပူးပေါင်း

**ရန်ကုန် နိုဝင်ဘာ ၉**

ကမ္ဘာတစ်ဝန်းမှ မြန်မာနိုင်ငံသို့ ငွေလွှဲဝန်ဆောင်မှုများကို ပြုလုပ်နိုင်စေရန်အတွက် နိုင်ငံတကာ ငွေလွှဲအဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် MoneyGram International, Inc နှင့် မြန်မာနိုင်ငံ၏ ဘဏ်တစ်ခုဖြစ်သည့် ရေဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (AYA Bank Public Company Limited) တို့ မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ပူးပေါင်းလိုက်ပြီဖြစ်ကြောင်း ရေဝတီဘဏ်မှ သိရသည်။

ပေါင်းစည်းမှု၏ ရလဒ်အနေဖြင့် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများနှင့် ၎င်းတို့၏ မိသားစုဝင်များက MoneyGram ၏ ကမ္ဘာလုံးဆိုင်ရာ ငွေလွှဲကွန်ရက်မှတစ်ဆင့် ပေးပို့သောငွေလွှဲများကို မြန်မာနိုင်ငံတွင် လွယ်ကူစွာ လက်ခံနိုင်မည်ဖြစ်သည်။

"မြန်မာနိုင်ငံက မိသားစုတွေအတွက် နိုင်ငံခြားငွေလွှဲတွေကို လွယ်ကူချောမွေ့စွာ လက်ခံနိုင်အောင် အခုလို ရေဝတီဘဏ်နဲ့အတူ ပူးပေါင်းနိုင်တဲ့အတွက် အထူးပဲ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကတစ်ဆင့် မြန်မာပြည်အတွင်းမှာရှိတဲ့ မိသားစုတွေဟာ နိုင်ငံခြားငွေလွှဲတွေကို အချိန်နဲ့တစ်ပြေးညီ ဘဏ်ခွဲတွေ၊ AYA Pay အေးဂျင့်တွေနဲ့ Mobile Wallets တွေကတစ်ဆင့် လက်ခံနိုင်မှာဖြစ်ပါတယ်။ အခုလို အတူတကွပူးပေါင်းဆောင်ရွက်နိုင်မှုဟာ ကျွန်တော်တို့ MoneyGram ရဲ့ အာရှပစိဖိတ်ဒေသအတွင်း ရပ်တည်ချက်ဖြစ်တဲ့ ခေတ်မီဆန်းသစ်ပြီး စိတ်ချရတဲ့ ငွေလွှဲပေးပို့ခြင်း ဝန်ဆောင်မှုအတွက် ကြီးမားတဲ့အထောက်အကူတစ်ခုဖြစ်လာစေမှာပါ" ဟု MoneyGram ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ဒါရိုက်တာ Vijay Raj Poduval က ပြောကြားသည်။




အဆိုပါငွေလွှဲများကို ရေဝတီဘဏ်၏ ရုံးခွဲပေါင်း ၂၆၅ ခုတွင်လည်းကောင်း၊ AYA Mobile Banking App မှတစ်ဆင့်လည်းကောင်း၊ သို့မဟုတ် AYA Pay မိုဘိုင်းအက်ပ်နှင့် နိုင်ငံအနှံ့ရှိ အေးဂျင့်ကွန်ရက်များမှတစ်ဆင့်လည်းကောင်း လက်ခံနိုင်မည်ဖြစ်သည်။

"မြန်မာနိုင်ငံမှာရှိတဲ့ မိသားစုတွေအတွက် နိုင်ငံခြားငွေလွှဲ ဝန်ဆောင်မှုဟာ အလွန်အရေးပါတဲ့ အထောက်အပံ့တစ်ခုအဖြစ် တည်ရှိနေပါတယ်။ အခုလို MoneyGram နဲ့အတူ ပူးပေါင်းဆောင်ရွက်ခြင်းဟာ မြန်မာနိုင်ငံနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးကို ချိတ်ဆက်ပေးနေတဲ့ ကျွန်တော်တို့ ရေဝတီဘဏ်ရဲ့ ခိုင်မာတဲ့ လုပ်ဆောင်ချက်တွေအပေါ်မှာ အခြေခံပြီး လုပ်ဆောင်ခြင်းပဲဖြစ်ပါတယ်။အခုလို MoneyGram နဲ့ ပေါင်းစည်းခြင်း ရလဒ်အနေနဲ့ ရေဝတီဘဏ် ဝန်ဆောင်မှုအသုံးပြုသူများဟာ ကမ္ဘာတစ်ဝန်းမှ နိုင်ငံခြားငွေလွှဲများကို ဘဏ်ခွဲတွေ၊ AYA Mobile App နဲ့ AYA Pay တို့မှာ ပိုမိုလွယ်ကူမြန်ဆန်စွာ လက်ခံနိုင်လာမှာဖြစ်ပါတယ်" ဟု ရေဝတီဘဏ်၏ Chief Business Officer ဦးနေလင်းထွဋ်က ဆိုသည်။

အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် မိတ်ဖက်အဖွဲ့အစည်းနှစ်ခု၏ အားသာချက်များဖြစ်သည့် MoneyGram ၏ နိုင်ငံတကာကွန်ရက်ဖြန့်ကြက်နိုင်မှုနှင့် ရေဝတီဘဏ်၏ တစ်နိုင်ငံလုံးတွင် ဘဏ်ခွဲများ နေရာဒေသအလိုက် ဖြန့်ကြက်ထားရှိနိုင်မှု၊ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများ ခိုင်မာမှုတို့ကို အခြေပြုထားခြင်းဖြစ်ပြီး ပိုမိုကောင်းမွန်ကျယ်ပြန့်သည့် ငွေကြေးဝန်ဆောင်မှုကွန်ရက်များကို ပေးအပ်လာနိုင်မည်ဖြစ်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိ မိသားစုဝင်များကြား ငွေလွှဲဝန်ဆောင်မှုများကို လွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**



## ရမည်းသင်းမြို့နယ် အင်ကြင်းကန်-အုတ်ဖိုလမ်းမှ ဆူးတပ်ရွာသွားလမ်း ကျောက်ရောမြေခင်းခြင်းဆောင်ရွက်

**ရမည်းသင်း နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အင်ကြင်းကန်-အုတ်ဖိုလမ်းမှ ဆူးတပ်ရွာသွားလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ခရိုင်/မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ယမန်နေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အင်ကြင်းကန်-အုတ်ဖိုလမ်းမှ ဆူးတပ်ရွာသွားလမ်းပိုင်း လမ်းအရှည် (၀/၃.၄၉)မိုင် ကျောက်ရောမြေခင်းခြင်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၈ သန်းဖြင့် ဌာနမှ တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ရာ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ရမည်းသင်းမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလမ်းသည် အကျိုးပြုကျေးရွာသုံးရွာ၊ လူဦးရေ ၁၇၀၆ ဦးတို့အား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပဲခူးမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်



ပဲခူး နိုဝင်ဘာ ၉

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ် အင်းတကော်မြို့ ကျေးလက်ကျန်းမာရေးဌာန၌ ရဟန်းရှင်လူ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများသည် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး၊ ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး၊ ပဲခူးခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်အတူ ဆေးကုသမှု လာရောက်ခံယူကြသည့် ပြည်သူများအား အားပေးစကားပြောကြားကာ အထူးကုဆရာဝန်ကြီးများက ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဆေးကုသမှုလာရောက်ခံယူကြသည့် ရဟန်းရှင်လူပြည်သူ ၇၀၀ ကျော်ကို နေ့လယ်စာ ထမင်းဘူး၊ ရေသန့်နှင့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အထူးကုဆရာဝန်ကြီးများက ကျန်းမာရေး စောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထွေထွေရောဂါသမားတော်၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ မျက်စိ နား နှာခေါင်း လည်ချောင်း၊ အကြောအဆစ်၊ ဓာတ်မှန်၊ သွားနှင့်ခံတွင်း၊ စိတ်ကျန်းမာရေး၊ ကလေး စသည့် အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက အင်းတကော်မြို့ ကျေးလက်ကျန်းမာရေးဌာန နယ်မြေအတွင်းရှိကျေးရွာများမှ ရဟန်းရှင်လူပြည်သူစုစုပေါင်း ၇၀၀ ကျော်ကို ကျန်းမာရေး စစ်ဆေးကုသမှုပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၉

ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(Rural Bussines Fund)ဆောင်ရွက်လျက်ရှိသည့် သန်လျင်မြို့နယ် ဘော့သပြေကန်ကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် နို့စားနွားမွေးမြူခြင်းလုပ်ငန်းကို ယမန်နေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းသို့စစ်ဆေးရာတွင် အမြဲတမ်းအတွင်းဝန်က မွေးမြူရေးဆောင်ရွက်နေသူများ၊ တောင်သူများနှင့်တွေ့ဆုံ၍ နွားစားမြက်နေပီယာများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အစာအတွက် ကောက်ရိုးချဉ်ဖတ်စမ်းသပ်ပြုလုပ်၍ သက်ဆိုင်ရာမှ နည်းပညာအကူအညီပေးရေးတို့ကို ဆွေးနွေးမှာကြားသည်။

သန်လျင်ခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(Rural Bussiness Fund)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာပေါင်း ခြောက်ရွာရှိပြီး အသားတိုးဝက်မွေးမြူခြင်း၊ နို့စားနွားမွေးမြူခြင်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေကြောင်း သိရသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်သည် သန်လျင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ဘုရားကုန်းကျေးရွာအုပ်စု ကျိုက်အင်းကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းဖြင့် အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ( ၁၇ )နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကိုနိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ရမည်းသင်းမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

ရမည်းသင်း နိုဝင်ဘာ ၉

ရမည်းသင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပသည်။



ဆွေးနွေးပွဲသို့ ရမည်းသင်းခရိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ ရမည်းသင်းမြို့နယ်ရှိ တောင်သူများ၊ စိုက်ပျိုးရေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးထွက်ကုန် ဝယ်ယူကြိတ်ခွဲသည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ရမည်းသင်းခရိုင် ဦးစီးမှူး ဦးအောင်မျိုးဝေက ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်မန္တလေးတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းထက်က ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်သင်းသင်းချိုက မြေဆီလွှာစီမံခန့်ခွဲမှုနည်းလမ်းများနှင့်ဓာတ်မြေဩဇာ စနစ်တကျ အသုံးပြုနည်းများ၊ တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသွင်က ပန်းတိုင်အထွက်နှုန်းရရှိစေရေး အတွက် မျိုးကောင်းမျိုးသန့်သုံးစွဲရေးတို့ကို ဆွေးနွေးပြီး တက်ရောက်လာသူများ၏ သိလိုသည်များ ဆွေးနွေးမှုအပေါ် ပြန်လည်ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အောင်လံမြို့နယ် ကားကြီးဝင်းအတွင်း မီးဘေးလုံခြုံရေးစစ်ဆေး



အောင်လံ နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကားကြီးဝင်းအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးနေဖြိုးဝင်းနှင့် တပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ မော်တော်ယာဉ်များပေါ်တွင် မီးသတ်ဆေးဘူးထားရှိရန်နှင့် ဂိတ်ဝင်းအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများထားရှိစေရေး အကြံပြုပြောကြားပြီး အရေးပေါ်မီးလောင်မှု၊ မီးလန့်မှုဖြစ်ပွားပါက မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ စနစ်တကျအသုံးပြုတတ်စေရေး ပြသခဲ့ကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး တစ်အိမ်တက်ဆင်းစစ်ဆေး

ဇလွန် နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို ဇလွန်မြို့ ရပ်ကွက်များအတွင်း၌ ယနေ့ မွန်းလွဲပိုင်းက တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးပြည့်စုံဦးဆောင်ကာ သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ရုံးတာဝန်ရှိသူများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို တစ်အိမ်တက်ဆင်း ကြည့်ရှုစစ်ဆေး၍ လက်ထောက်မီးသတ်ဦးစီးမှူးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ဟိန်းကိုအောင်**



# လက်ဘနွန်နှင့် အစ္စရေးကြား ပုံမှန်ဆက်ဆံရေးပြန်လည်ထူထောင်ရန်မဖြစ်နိုင်ကြောင်း လက်ဘနွန်ပါလီမန်အကြီးအကဲပြောကြား

**ဘေရွတ် နိုဝင်ဘာ ၉**

လက်ဘနွန်နှင့် အစ္စရေးကြား ပုံမှန်ဆက်ဆံရေးပြန်လည်ထူထောင်ရန် မဖြစ်နိုင်ကြောင်း လက်ဘနွန်ပါလီမန် အကြီးအကဲ နာဗတ်ဗယ်ရီက နိုဝင်ဘာ ၈ ရက်တွင် ပြောသည်။

လက်ဘနွန်၊ အစ္စရေး၊ အမေရိကန်၊ ပြင်သစ်နှင့် ကုလသမဂ္ဂတို့ကြား အထက်ပါကိစ္စကို ကြားဝင်စေ့စပ်ညှိနှိုင်းသည့် အဖွဲ့အစည်းများမှတစ်ဆင့်သာ ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းက လက်ဘနွန် အယ်လ်အာဆတ် သတင်းစာအား ပြောသည်။

လက်ဘနွန်နှင့် အစ္စရေးကြား စေ့စပ်ဆွေးနွေးရာတွင် အရပ်သားကျွမ်းကျင်သူများ ပါဝင်ဆောင်ရွက်မည့်ကိစ္စကို တားမြစ်မည်မဟုတ်ဘဲ ၂၀၀၀ ပြည့်နှစ်က ဆောင်ရွက်ခဲ့သည့်ပုံစံအတိုင်း အရပ်သားကျွမ်းကျင်သူများဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

အစ္စရေး၏ တိုက်ခိုက်မှုကြောင့် လက်ဘနွန်နိုင်ငံ၏ ရပ်တည်ချက် ပြောင်းလဲမည်မဟုတ်ကြောင်း ၎င်းက ပြောသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ စတင်၍ အစ္စရေးနှင့် ဟဇ်ဘိုလာအဖွဲ့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့သော်လည်း လက်ဘနွန်နိုင်ငံအတွင်း အစ္စရေးက မကြာခဏတိုက်ခိုက်မှုများဆောင်ရွက်ခဲ့ပြီး လက်ဘနွန်နယ်စပ်တွင် အစ္စရေးတပ်ဖွဲ့များအား တပ်စွဲခဲ့သည်။ လက်ဘနွန်အရှေ့ပိုင်းနှင့် တောင်ပိုင်းတွင် နိုဝင်ဘာ ၈ ရက်က အစ္စရေးကလေကြောင်းမှ တိုက်ခိုက်ခဲ့ရာ သုံးဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်အမျိုးသားသတင်းအေဂျင်စီက ပြောသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**





## အာဂျင်တီးနားနိုင်ငံ Perito Moreno ရေခဲမြစ် အရည်ပျော်ကျမှု ပိုမိုပြင်းထန်လာ

**ဗျူနိုအေးရိစ် နိုဝင်ဘာ ၉**

အာဂျင်တီးနားနိုင်ငံတောင်ပိုင်း ပတ်တာဂိုးနီးယားဒေသရှိ Perito Moreno ရေခဲမြစ်သည် ယခင်ကထက် ပိုမိုလျင်မြန်စွာအရည်ပျော်လျက်ရှိကြောင်း ကျွမ်းကျင်သူများက ယနေ့ပြောကြားခဲ့သည်။

အဆိုပါ ရေခဲမြစ်၏သက်တမ်းမှာ နှစ်ပေါင်း ၁၀၀ ခန့် ရှိပြီဖြစ်သည်။ Perito Moreno ရေခဲမြစ်သည် ယူနက်စကိုကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ထားသော အမျိုးသားဥယျာဉ်တွင်တည်ရှိပြီး လူကြိုက်များသော ခရီးသွားဆွဲဆောင်မှုတစ်ခုဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် စတင်အရည်ပျော်ကျခဲ့ပြီး လက်ရှိတွင် ဧရိယာ ၂ စတုရန်းကီလိုမီတာနီးပါး အရည်ပျော်ကျခဲ့ကြောင်း ကျွမ်းကျင်သူများက ပြောသည်။ ရေခဲများ အရည်ပျော်ကျမှုသည် ပိုမိုပြင်းထန်လာခြင်းကြောင့် ရေခဲမြစ်သည် ၎င်း၏ဖြစ်တည်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်မည် မဟုတ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ရေခဲများအရည်ပျော်ကျမှု၏အကြောင်းရင်းမှာ ဒေသအတွင်း ပျမ်းမျှအပူချိန်မြင့်တက်ခြင်းကြောင့်ဖြစ်ကြောင်း ကိုးကားဖော်ပြကြသည်။

ရာသီဥတုပြောင်းလဲမှု၏ သိသာထင်ရှားသောသက်ရောက်မှုသည် ယခုကဲ့သို့ သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပေါ်လာခြင်းပင်ဖြစ်ကြောင်း ဟော့ကိုင်းဒိုးတက္ကသိုလ်မှ သုတေသီ မီနိုဝါ မာဆာဟီရိုက ပြောကြားသည်။

COP30 ကုလသမဂ္ဂရာသီဥတုညီလာခံကို ဘရာဇီးနိုင်ငံ၌ နိုဝင်ဘာ ၁၁ ရက်တွင် စတင်မည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ ကိုယ်စားလှယ်များက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် ကိုင်တွယ်ဖြေရှင်းမည့်နည်းလမ်းများကို ဆွေးနွေးကြမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းဖန်ဝမ် ဝင်ရောက်တိုက်ခတ်

**မနီလာ နိုဝင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ဖန်ဝမ် တိုက်ခတ်မှုကြောင့် နှစ်ဦးသေဆုံးကြောင်း သိရသည်။

ကန်တန်ဒူနတ်ပြည်နယ် ဗီကိုဒေသတွင် တိုင်ဖွန်းမုန်တိုင်းကြောင့် တစ်ဦးသေဆုံးကြောင်းနှင့် နိုင်ငံအလယ်ပိုင်း ဆယ်မာပြည်နယ်တွင် တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးပြီး အမျိုးသမီးတစ်ဦး သေဆုံးကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးရုံး တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၉ ရက်တွင်ပြောသည်။

နိုင်ငံအတွင်း ယခုနှစ်တွင် ၂၁ ကြိမ်မြောက်တိုင်ဖွန်းမုန်တိုင်းအဖြစ် တိုက်ခတ်ခဲ့သည့် ဖန်ဝမ်ကြောင့် ဒေသ ၁၂ ခုရှိ ဒေသခံ ၁ ဒသမ ၁ သန်းအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။ ၎င်းတိုင်ဖွန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ လူမှုဘဝလုပ်ငန်းများရပ်ဆိုင်းခြင်း ဖြစ်နိုင်ကြောင်း သိရသည်။



၎င်းတိုင်ဖွန်းမုန်တိုင်းကြောင့် ကမယ်ရိန်းနော်တက်ပြည်နယ်တွင် လေပြင်းတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

## ဂျပန်နိုင်ငံ၌ မဂ္ဂနီကျူ ၆ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ထား

**တိုကျို နိုဝင်ဘာ ၉**

ဂျပန်နိုင်ငံမြောက်ပိုင်းရှိ အီဝတဲနှင့် မီယာဂီစီရင်စုတို့၌ မဂ္ဂနီကျူ ၆ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် နိုဝင်ဘာ ၉ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ဂျပန်မိုးလေဝသ



အေဂျင်စီက အီဝတဲစီရင်စုအတွင်း ဆူနာမီအကြံပေးချက် ထုတ်ပြန်ကြေညာခဲ့သည်။

ဆူနာမီရေလှိုင်း၏ အမြင့်မှာ တစ်မီတာရှိမည်ဟု ခန့်မှန်းရသည်။ ကူဂျီနှင့် အိုဖူနာတိုဆိပ်ကမ်းများတွင် ၂၀ စင်တီမီတာအမြင့်ရှိဆူနာမီလှိုင်းတစ်ခုအား တွေ့ရှိခဲ့သည်။ ဆူနာမီလှိုင်းများသည် တစ်ကြိမ်ထက်မနည်း အကြိမ်ပေါင်းများစွာ ဖြစ်ပေါ်လာနိုင်သည့်အတွက် အဆိုပါဒေသနှင့် အနီးတစ်ဝိုက်ရှိ ပြည်သူများအနေဖြင့် ပင်လယ်ကမ်းခြေများနှင့် ဝေးကွာသောနေရာများ၌ နေထိုင်ကြရန် ဂျပန်မိုးလေဝသအေဂျင်စီမှ တာဝန်ရှိသူများက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## ဘရာဇီးနိုင်ငံ၌ လေဆင်နှာမောင်းတိုက်ခတ်၊ ခြောက်ဦးသေဆုံးပြီး ၇၅၀ ကျော် ထိခိုက်ဒဏ်ရာရ



**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၉**

ဘရာဇီးနိုင်ငံတောင်ပိုင်း ပါရန်နာပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ခြောက်ဦးသေဆုံးပြီး ၇၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိကာ တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း အာဏာပိုင်များက ယမန်နေ့တွင် ပြောကြားခဲ့သည်။

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် Rio Bonito do Iguacu မြို့၌ နေအိမ်များနှင့် အဆောက်အအုံအများအပြားပျက်စီးခဲ့ကြောင်း ဒေသတွင်းမီဒီယာက သတင်းဖော်ပြသည်။ လူပေါင်း ၁၄၀၀၀ ခန့်နေထိုင်သည့် အဆိုပါမြို့၏ ၈၀ ရာခိုင်နှုန်းခန့်မှာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ပါရန်နာပြည်နယ် အုပ်ချုပ်ရေးမှူးကာလို့စ်မတ်ဆာရာတင်ဟိုက ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုများအတွက် သဘာဝဘေးဆိုင်ရာ အရေးပေါ်အခြေအနေကို ကြေညာခဲ့သည်။

လေဆင်နှာမောင်းသင့် ပြည်သူများနှင့်ထပ်တူ ဝမ်းနည်းခံစားရပါကြောင်းနှင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့များ၊ ပြန်လည်ထူထောင်ရေးဝန်ထမ်းများနှင့် အရေးပေါ်ကျန်းမာရေးဝန်ဆောင်မှုများကို ချက်ချင်းဆောင်ရွက်ရန် ဘရာဇီးသမ္မတ လူလာဒါဆေးဗားက ညွှန်ကြားခဲ့သည်။

ပါရန်နာပြည်နယ်၏ သဘာဝပတ်ဝန်းကျင်နည်းပညာနှင့် စောင့်ကြည့်ရေးစနစ်အရ လေဆင်နှာမောင်း၏ အဆင့်သတ်မှတ်ချက်ကို အက်ဖ်(၂)အဖြစ် ကနဦးသတ်မှတ်ထားပြီး လေတိုက်နှုန်းမှာ ၁၈၀ နှင့် ၂၅၀ ကီလိုမီတာကြား ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၉

**ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)ဥက္ကဋ္ဌ သီရိပျံချီ စိုင်းအိုက်ပေါင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**မိုင်ဆုန်ခ- မင်္ဂလာပါ၊**

ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)ရဲ့ ဥက္ကဋ္ဌ သီရိပျံချီ စိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)ဟာ (၂၃-၆-၂၀၂၃) ရက်နေ့မှာ ပါတီမှတ်ပုံတင်အမှတ် (၂၈/၂၀၂၃)နဲ့ ပါတီတည်ထောင်ခွင့်ရရှိခဲ့ပါတယ်။ ဒီပါတီသစ်ကို တည်ထောင်ရခြင်းရဲ့ ရည်ရွယ်ချက်ကို ဦးစွာပထမ တင်ပြလိုပါတယ်။

(၂၀၁၀)ခုနှစ်မှာ ရှမ်းအမျိုးသားရေးအတွက် ဦးတည်ပြီး တည်ထောင်ခဲ့တဲ့ ကျားဖြူပါတီဟောင်းရဲ့ အမည်က ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဖြစ်ပြီး (၂၀၁၀)ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ် (၅၈)ဦး အနိုင်ရရှိခဲ့ပါတယ်။ ပြည်နယ်ဝန်ကြီး (၅)ဦးနဲ့ ပြည်ထောင်စု ဒုဝန်ကြီး (၁)ဦး ခန့်အပ်ခြင်း ခံခဲ့ရပါတယ်။ ဒါပေမဲ့ နိုင်ငံကို တိုးတက်ပြောင်းလဲနိုင်တဲ့အထိ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ နိုင်ငံကို တိုးတက်ပြောင်းလဲနိုင်ဖို့အတွက်ဆိုရင် ခိုင်မာတောင့်တင်းတဲ့ ပါတီတစ်ရပ်ကို မဖြစ်မနေ ထူထောင်နိုင်ရမှာ ဖြစ်ပါတယ်။ သို့မှသာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းသား (၁၃၅)မျိုးအပြင် နိုင်ငံသားတိုင်းကို ကိုယ်စားပြုတဲ့ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)ကို တည်ထောင်ရခြင်း ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

လက်ရှိ နိုင်ငံတော်ရဲ့ ပကတိအခြေအနေဟာ တိုင်းရင်းသားလက်နက်ကိုင်မျိုးစုံနဲ့ တော်လှန်ရေးအမည်ခံထားတဲ့ အဖွဲ့အစည်းတွေရဲ့ တော်လှန်ပုန်ကန်မှုတွေ ရှိနေတာကြောင့် ကျွန်တော်တို့ပါတီက **ပထမဦးစွာ ငြိမ်းချမ်းရေးကို** ရရှိအောင် ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

နိုင်ငံတွင်း လက်နက်ကိုင်ပဋိပက္ခအပြင် သဘာဝဘေးနှင့် စီးပွားရေးကပ်ဘေးဒုက္ခကို ခါးသီးစွာ ရင်ဆိုင်နေကြရတဲ့ကြားက ပြည်ပနိုင်ငံတွေရဲ့ စီးပွားရေးပိတ်ဆို့မှု(Sanction) ဒဏ်ရာဒဏ်ချက်တွေကိုပါ ကြုံတွေ့ခံစားနေရပါတယ်။ ဒီလိုအခက်အခဲမျိုးစုံကနေ ကျော်လွှားနိုင်ဖို့ဆိုရင် နယ်မြေတည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်ရမယ့်အပြင် နိုင်ငံတကာပိတ်ဆို့မှု(Sanction)တွေကို ရုပ်သိမ်းနိုင်အောင်လည်း ကျွန်တော်တို့ပါတီက ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သို့မှသာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပြန်လည်ဝင်ရောက်လာမှာဖြစ်ပြီး နိုင်ငံတော်ရဲ့ လူမှုရေး၊ စီးပွားရေး စတဲ့ ဘက်စုံကဏ္ဍတွေ ပြန်လည်ဦးမော့လာနိုင်မှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

လူငယ်တွေဟာ မိမိတို့ပညာရေးအတွက်၊ မိသားစုအတွက် ပြည်ပနိုင်ငံများသို့သွားပြီး အလုပ်လုပ်ကြဖို့ မျှော်လင့်ချက်တွေ ရှိနေကြပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပြန်လည်ဝင်ရောက်လာတဲ့အခါ နိုင်ငံတော်ရဲ့ လူမှုစီးပွားရေး ပြန်လည်ဦးမော့လာမှာဖြစ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒီအခါမှာ လူငယ်တွေရဲ့ ဘဝတက်လမ်း၊ အလုပ်အကိုင်တွေနဲ့ ယုံကြည်မှုတွေကို အာမခံချက်ပေးနိုင်ပြီဖြစ်လို့ လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးခြင်း၊ ယိုစီးခြင်းတွေ ရှိတော့မှာ မဟုတ်ပါဘူး။ လူငယ်တွေဟာ အလုပ်အကိုင်ရရှိရေးအတွက် ပြည်ပကို တရားမဝင်တဲ့လမ်းကနေ ထွက်ခွာနေရတာကြောင့် ကုန်ကျစရိတ်တွေများပြားပြီး အန္တရာယ်ပေါင်းစုံနဲ့လည်း ကြုံတွေ့နေကြရပါတယ်။ ဒီလို နစ်နာမှုတွေ မဖြစ်စေဖို့အတွက် ပြည်ပအလုပ်အကိုင်ရှာဖွေရေး Agency တွေ ဖွဲ့စည်းပြီး တရားဝင် နိုင်ငံခြားပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်လည်း တရားဝင် အခွန်ငွေတွေရ၊ လုပ်ငန်းခွင်အနိုင်ကျင့်ခြင်းကလည်း လွတ်ကင်းပြီး လူငယ်တွေ စိုးရိမ်ကြောင့်ကြမှုကင်းစွာနဲ့ စီးပွားရှာဖွေနိုင်မှာဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

စားဝတ်နေရေး အခက်အခဲနဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကို စနစ်တကျ လျှော့ချနိုင်မှသာ ပြည်သူတွေရဲ့ စားဝတ်နေရေး အဆင်ပြေမှာဖြစ်ပါတယ်။ လစာနည်းတဲ့ စက်မှုဇုန်နဲ့ ကုမ္ပဏီက ဝန်ထမ်းတွေ၊ အစိုးရဝန်ထမ်းတွေ၊ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းလာတဲ့ လူငယ်တွေ၊ မိသားစုဝင်တွေရဲ့ နေရေးထိုင်ရေးအတွက် တန်ဖိုးနည်းအဆောင်လိုမျိုး၊ အငှားအိမ်ရာစနစ်တွေ ဖော်ဆောင်နိုင်ဖို့နဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ထူထောင်နိုင်ဖို့ အထူးအတိုးနှုန်းချေးငွေတွေ အပြင် ကုန်ကြမ်းပစ္စည်းတွေကိုလည်း သက်သာတဲ့ဈေးနှုန်းနဲ့ ပံ့ပိုးပေးဖို့ ကျွန်တော်တို့ပါတီက ရည်မှန်းထားပါတယ်။

အခြေခံစားသောက်ကုန်တွေဖြစ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် အစရှိတာတွေကို ဈေးနှုန်းအချိုသာဆုံးနဲ့ အလွယ်တကူ ရရှိရန် ဆောင်ရွက်ပေးသွားမှသာ ပြည်သူတွေ စားသောက်ရေး အဆင်ပြေမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

တိုင်းပြည်စီးပွားရေးနဲ့ ပြည်သူတွေရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေဖို့အပြင် အလုပ်အကိုင်အခွင့်အလမ်းတွေကိုပါ ဖော်ဆောင်နိုင်ဖို့အတွက် နယ်စပ်ကုန်သွယ်ရေးကလည်း အလွန်အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ ငြိမ်းချမ်းတည်ငြိမ်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ထိုင်းနယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းအသစ်တစ်ခုကို ကြိုးစားဖော်ဆောင်သွားနိုင်ဖို့ ရည်မှန်းထားပါတယ်။ ဒီလိုကုန်သွယ်ရေးလမ်းကြောင်းကို ဖော်ဆောင်နိုင်ခဲ့မယ်ဆိုရင် ရှမ်းပြည်နယ်အတွက်သာမကဘဲ တစ်နိုင်ငံလုံးအတွက်ပါ ကုန်ဈေးနှုန်းတွေ တည်ငြိမ်လာမှာဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေလည်း မြောက်မြားစွာပေါ်ထွန်းလာမှာဖြစ်လို့ တိုင်းပြည်စီးပွားရေးကို များစွာ အထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

စိုက်ပျိုးရေးကဏ္ဍမှာ မိမိဒေသအတွက် လိုအပ်နေတဲ့ စက်ယန္တရားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရင် အချိန်နဲ့ ဝင်ငွေ တိုးလာမှာဖြစ်ပါတယ်။ ဒါကြောင့် လူအင်အားသုံးပြီး လုပ်ကိုင်တဲ့ လက်မှုလယ်ယာကနေ ခေတ်မီနည်းစနစ်နဲ့ လူအင်အားသိပ်မလိုအပ်တဲ့ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲနိုင်ရပါမယ်။ ဒါဟာလည်း ကျွန်တော်တို့ပါတီက ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား။**



အချုပ်အားဖြင့်ဆိုရင် ကျားဖြူပါတီဟာ နိုင်ငံသားများရဲ့ ရပိုင်ခွင့်၊ ဆောင်ရွက်ပိုင်ခွင့်နဲ့အညီ ကိုယ်စားပြုပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်ကို လေးစားတန်ဖိုးထားပြီး ပြည်သူတို့ရဲ့ ရင်ထဲက ပါတီ၊ ပြည်သူ့ထံမှ ပြည်သူ့ထံသို့ ကြိုးပမ်းဆောင်ရွက်မယ့်ပါတီ ဖြစ်ပါကြောင်း။ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး ဗဟိုနဲ့ အောက်ခြေအဆင့်ဆင့်ကြား ကောင်းမွန်သော စီမံအုပ်ချုပ်မှုယန္တရားကို ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ...

သမိုင်းတခေတ် အသစ်ရေးထိုးကြမယ့် ဒီလိုအချိန်အခါမျိုးမှာ ကျားဖြူပါတီနဲ့အတူ လက်တွဲပြီး တည်တံ့တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို အတူတကွ ဝိုင်းဝန်းတည်ဆောက်ကြပါစို့ ...

အနာဂတ်ကောင်းဖို့ ပြည်ထောင်စုကြီးကို ပြန်လည်ဖန်တီးကြပါစို့......

Create Our Great Future again လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

### နိုင်ငံတည်ထောင်ချိန်

သံစဉ် - လှိုင်ဇော်ဝင်း
တေးရေး - လရောင်+လှိုင်ဇော်ဝင်း
တေးဆို - လရောင်+ညီညီ+ မ

Intro ------ 14 Bar

V1/ နိုင်ငံထူထောင်ချိန်မှာ........... စုပေါင်းကြစို့လေ**(ကျား)....ဆို**
ပြည်သူတွေနိုးကြလို့ ...........ရင်ချင်းဆက်ကာရယ်
အသီးပွင့် ပန်းတွေ ...........ယိမ်းကတော့မယ်
ကျားဖြူပါတီ ဦးဆောင်ကာရယ် ...........ရှေ့သို့ချီမယ်
မျှော်မှန်းချက်တွေ အောင်မြင်ဖို့ ........... ကြိုးစားနေပါတယ်
တို့တွေမျှော်လင့် ........... တွေးလို့ ရင်ခုန်မယ်

V2/ ရင်မှာယုံကြည်စွာရယ်...........တည်ဆောက်ကြစို့ကွယ် **(မ)...ဆို**
ပျော်ရွှင်စွာ နွေးထွေးလို့ ........... ညှိနှိုင်းကြကာရယ်
အသီးအပွင့် ပန်းတွေ ........... စိမ်းလန်းတော့မယ်
ကျားဖြူပါတီ ဝင်ရောက်ကာရယ် ........... တိုင်းကျိုးကာကွယ်
မြန်မြန်ဆန်ဆန် အောင်မြင်ဖို့ ........... ဝိုင်းလို့ကူညီကွယ်
တို့တစ်တွေအောင်ရက် ........... တွေးလို့ပျော်နေမယ် . (ဟေး)

**Solo ...............အဝင်**

V3/ ရောင်နီအာရုံမှာ...........ဒို့အားသစ်တို့ဝေ **(ကျား+မ)**
စိုပြည်စွာ ဖူးပွင့်လို့ ...........အိုလှပပါတယ်
အသီးပွင့် ပန်းတွေ ........... ရိတ်သိမ်းကြရမယ်
ကျားဖြူပါတီ ဦးဆောင်တာကို.............. သွားစို့အတူကွယ်
ရည်မှန်းချက်တွေ အောင်မြင်ဖို့.............. ပေါင်းစုညီကာရယ်
တို့တစ်တွေ လက်တွဲ........................ စည်းလုံးစွာနေမယ်
တို့တစ်တွေ မျှော်လင့်........................ တွေးလို့ရင်ခုန်တယ်
တို့တစ်တွေ အောင်ရက် ...........စောင့်လို့မျှော်နေမယ် (ဟေး)

သံပြိုင်သီဆို ကျား + မ ဟေး......Fade..... out 3 ခေါက်

# ဒီမိုကရက်တစ်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၉

**ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဒေါ်သန်းသန်းနုက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




**လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင် -**

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို လာမယ့် ဒီဇင်ဘာလ(၂၈)ရက်နေ့မှာ ကျင်းပတော့မှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကို ချစ်မြတ်နိုးကြသူတွေဟာ ပါတီစုံစနစ်မှာ နိုင်ငံရေးပါတီတွေ တည်ထောင်ပြီး ရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ကြတာကို အားပေးကြပါတယ်။ ဒါ့အပြင် ဆန္ဒမဲပေးကြတဲ့ နိုင်ငံသားတွေကလည်း မိမိတို့နှစ်သက်လိုလားတဲ့ နိုင်ငံရေးပါတီတွေကို မိမိတို့အသဲကြားက မဲဆန္ဒများကိုပေးတာ အစဉ်အလာတစ်ခုပါပဲ။

မဲတစ်ပြားမပေးလည်း ဘာမှမဖြစ်ဘူးလို့ ဆိုကြပေမယ့် များပြားလာတဲ့အခါမှာ ဒီမိုကရေစီစနစ်ဟာ တင်းပြည့်ကျပ်ပြည့်မဖြစ်နိုင်တော့ပါ။ မဲဆန္ဒပေးနိုင်သူအားလုံးက မဲပေးနိုင်မှသာ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီ ဖြစ်နိုင်ပါတယ်။

ဒီမိုကရက်တစ်ဆိုသည်မှာ ဒီမိုကရေစီယုံကြည်သူများလို့ အဓိပ္ပာယ်ရပါတယ်။ “ဒီမိုကရက်တစ်ပါတီ”ဟု ဆိုခြင်းဖြင့် ဒီမိုကရေစီကို ယုံကြည်သူများ စုပေါင်းဖွဲ့စည်းထားတဲ့ ဒီမိုကရေစီစွမ်းအားကြီးလို့ အဓိပ္ပာယ်ရပါတယ်။

ဒီမိုကရက်တစ်ပါတီဟာ မြန်မာနိုင်ငံသူ နိုင်ငံသားများကို ဒီမိုကရေစီ အခွင့်အရေးအပြည့်အဝရရှိခံစားနိုင်ရန်နဲ့ ဒီမိုကရေစီထွန်းကားရေးအတွက် ဦးဆောင်ပေးလျက်ရှိပါတယ်။

ဒီမိုကရေစီဟုဆိုရာ၌ နိုင်ငံမှာ အချုပ်အခြာအာဏာသည် ပြည်သူလူထု၏ တည်ဆဲအာဏာဟူသမျှလူထုထံမှ ဆင်းသက်ရတဲ့စနစ်ကိုဆိုလိုပါတယ်။

ဒီမိုကရက်တစ်ပါတီက ယုံကြည်သော ဒီမိုကရေစီစနစ်တွင်လည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းဆိုတဲ့ လောကပါလတရားများ ထွန်းကား ကျင့်သုံးနိုင်ရေး၊ နိုင်ငံရေးလွတ်လပ်မှု၊ စီးပွားရေးလွတ်လပ်မှု၊ တရားစီရင်ရေးလွတ်လပ်မှု၊ လွတ်လပ်စွာ တွေးခေါ်ကြံဆနိုင်မှု၊ လွတ်လပ်စွာ ဟောပြောစည်းရုံးနိုင်မှု၊ လွတ်လပ်စွာ လူမှုအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်မှုစတဲ့ လွတ်လပ်မှုအခြေခံအခွင့်အရေးများကို ပြည်သူတို့ အပြည့်အဝ ခံစားနိုင်ကြရန် ဖြစ်ပါတယ်။

အမျိုးသားအချင်းချင်း ပြန်လည်ရင်ကြားစေ့ရေးဆိုတာဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျပါတယ်။ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို အမှန်တကယ်ကျေးဇူးပြုနိုင်တဲ့အတွက် အဲဒီမူကို “ဒီမိုကရက်တစ်ပါတီ”က အလေးအနက်ခံယူထားပြီး ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးအဖွဲ့ချုပ် နာယကကြီး ဦးနုပြောကြားခဲ့တဲ့ (လက်စားမချေ၊ သင်ပုန်းချေ) ချေ-နှစ်ချေမူကို ကျင့်သုံးခြင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ယနေ့ကာလဟာ မြန်မာနိုင်ငံသားများအချင်းချင်း သဘောထားကွဲလွဲမှုများပြင်းထန်နေချိန်လည်း ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် တစ်မျိုးသားလုံး မဖြစ်မနေ ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်ကြီးများလည်းရှိပါတယ်။ အဲဒီလုပ်ငန်းများ အောင်မြင်ထမြောက်စေဖို့ အေးချမ်းသာယာတဲ့ အခြေအနေနဲ့ အမျိုးသားချင်းပြန်လည်ရင်ကြားစေ့နိုင်ရေး အခြေအနေဖန်တီးပေးဖို့ အထူးလိုအပ်နေချိန် ဖြစ်ပါတယ်။ အဲဒီလိုအပ်ချက်အရ အတိတ်ရဲ့အနိဋ္ဌာရုံတွေကိုပြန်မလှည့်ဘဲ အနာဂတ်ခေတ်သစ်ဆီသို့ ရှေးရှုခြင်းဖြင့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးလမ်းကြောင်းကိုသာ ဦးတည်ကြရပါလိမ့်မယ်။

တစ်မျိုးသားလုံး အေးအတူပူအမျှ အတူတကွ လက်တွဲဆောင်ရွက်နိုင်ကြရေးအတွက် “မိမိတို့သည် … တစ်နိုင်ငံတည်းသားများ” ဖြစ်ကြသည်ဟူသော မိသားစုစိတ်ဓာတ်များထားရှိ၍ “ငါတို့အားလုံးသည် မြန်မာနိုင်ငံသားများ ဖြစ်ကြသည်” ဟူသောခံယူချက်ရှိရန် လိုအပ်နေချိန်လည်း ဖြစ်ပါတယ်။

“ဒီမိုကရက်တစ်ပါတီသည်” ရေရှည်တည်တံ့ခိုင်မြဲခြင်းရှိသည့် ပညာရေးစနစ်ကို ဦးတည်ပြီး စီမံကိန်းများ ချမှတ်ဆောင်ရွက်ပါမယ်။ အနည်းဆုံး အခြေခံအလယ်တန်းပညာကို အခမဲ့မသင်မနေရ ဥပဒေပြဋ္ဌာန်းပြီးဆောင်ရွက်ပါမယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ ပညာရေးစနစ်ကို ခေတ်နဲ့အမီ ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် နိုင်ငံခြားပညာသင်များ ပိုမိုစေလွှတ်ခြင်း၊ နိုင်ငံတကာမှကျွမ်းကျင်သည့် ပညာရှင်များကိုလည်း ဖိတ်ခေါ်လေ့ကျင့်စေခြင်းတို့ကို ပြုလုပ်ပါမယ်။

နိုင်ငံတကာပညာရေးစနစ်နဲ့ ရင်ပေါင်တန်းနိုင်အောင် တက္ကသိုလ်၊ ကောလိပ်နဲ့ စိုက်ပျိုးရေး၊ စက်မှုလက်မှုကျောင်းများကို ပြုပြင်မွမ်းမံခြင်းအားဖြင့် တိုးချဲ့ဆောင်ရွက်သွားပါမယ်။ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးပြီး နိုင်ငံတကာလူသားအရင်းအမြစ် ဈေးကွက်မှာ မြန်မာလုပ်သားများ ဝင်ရောက်ထိုးဖောက်နိုင်စေရန်အတွက် နည်းပညာနဲ့ အတတ်ပညာများကို သင်ကြားပေးခြင်းအားဖြင့်လည်း အစဉ်သဖြင့် အားပေးသွားပါမယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ကျန်းမာရေးစနစ်ကို ခေတ်နဲ့လျော်ညီစွာ နိုင်ငံတကာအဆင့်ရောက်အောင် တည်ဆောက်ပါမယ်။ လူတိုင်းအခမဲ့ဆေးဝါးကုသခွင့်ကို ရှေးရှုဦးတည်ပြီး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်သွားပါမယ်။ ပြည်သူ့ကျန်းမာရေးကို အနောက်တိုင်းဆေးပညာနည်း၊ တိုင်းရင်းဆေးပညာနည်းတွေနဲ့ ပေါင်းစပ်အကောင်အထည်ဖော်သွားပါမယ်။

အခြေခံပညာမူလတန်းနဲ့ အလယ်တန်းကျောင်း သင်ခန်းစာများမှာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ထည့်သွင်းပို့ချသွားပြီး ရုပ်သံ၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်နဲ့ လူမှုကွန်ရက်အင်တာနက်နည်းပညာများကို အသုံးပြုပြီး လူထုကျန်းမာရေး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားပါမယ်။

ပြည်ထောင်စု မြန်မာနိုင်ငံသားများအားလုံးသည် လူမှုအသိုင်းအဝိုင်းမှာ ကာကွယ်စောင့်ရှောက်ခွင့်ကို တစ်ပြေးညီ ရရှိခံစားသင့်တယ်လို့ “ဒီမိုကရက်တစ်ပါတီ”က လက်ခံယုံကြည်ထားပါတယ်။ အထူးသဖြင့် ကလေးသူငယ်များနဲ့ သက်ကြီးရွယ်အိုများဟာ နိုင်ငံတော်ရဲ့ အထူးကာကွယ်စောင့်ရှောက်ခွင့်ကို ရရှိခံစားထိုက်သူများ ဖြစ်ပါတယ်။ မသန်စွမ်းသူများ၊ ဒုက္ခိတများ၊ မမာမကျန်းဖြစ်နေသူများ၊ ရောဂါသည်လူနာများကို အနည်းဆုံးအခမဲ့ ကုသကာကွယ်စောင့်ရှောက်မှုခံစားခွင့်များ ရရှိစေဖို့ စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခိုကိုးရာမဲ့၊ အိုးအိမ်မဲ့၊ ဒုက္ခသည်များကိုလည်း ယာယီအစားအသောက်နဲ့ နေထိုင်တည်းခိုရာအိမ်ရာများကို ဈေးနည်းသက်သာစွာဖြင့် နေထိုင်နိုင်ရေးအတွက် အမျိုးသားလူမှုစောင့်ရှောက်ရေး စီမံကိန်းများ ရေးဆွဲပြဋ္ဌာန်းခြင်း၊ စစ်မှုထမ်းဟောင်းများနဲ့ ပင်စင်စားသက်ကြီးရွယ်အိုများအတွက် လူမှုအာမခံချက်များ ရရှိစေဖို့နဲ့ သက်သောင့်သက်သာဖြင့် အနားယူနေထိုင်နိုင်စေဖို့ စီမံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ကိုယ်တိုင်လယ်ယာလုပ်သူများ အပါအဝင် အခြားမြေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများအတွက် လယ်ယာမြေလွှဲပြောင်းခွင့်၊ အမွေပေးခွင့်၊ ရောင်းချ ပေါင်နှံခွင့်စတဲ့ အခွင့်အရေးကိုလည်း ရရှိစေရမှာဖြစ်ပါတယ်။

တောင်သူလယ်သမားများအနေနဲ့ ဒီမိုကရေစီကျင့်စဉ်အရ မိမိတို့အခွင့်အရေး ကာကွယ်ပိုင်ခွင့်၊ မိမိတို့လူနေမှုဘဝ တိုးတက်မြင့်မားရေး အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားအစည်းအရုံးကို လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခွင့်ရှိစေဖို့လည်း ဖော်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်တည်ထောင်ဖွဲ့စည်းသည်နှင့် တစ်ပြိုင်တည်း နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်ထူထောင်ဖွဲ့စည်းတည်ရှိရေးသည် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖြစ်ပေါ်တိုးတက်မှု သမိုင်းအစဉ်အလာအရ တပ်မတော်ကဏ္ဍသည် ထူးခြားစွာပါဝင်ခဲ့ပါတယ်။ အဲဒီထူးခြားတဲ့သမိုင်း အစဉ်အလာကို ဆက်လက်ထိန်းသိမ်းဖို့ အထူးလိုအပ်ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီးလည်းဖြစ်၊ တပ်မတော်ရဲ့ ဖခင်လည်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း ထူထောင်ခဲ့သည့် တပ်မတော်ရဲ့ သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်ပါတယ်။ ပြည်သူတို့ရဲ့ သားကောင်းရတနာများဖြင့် ဖွဲ့စည်းထားသော တပ်မတော်သည် နိုင်ငံတော်နဲ့ပြည်သူတို့အတွက် အန္တရာယ်အသွယ်သွယ်တို့ကို ကာကွယ်သော ပြည်သူ့တပ်မတော်၊ မျိုးချစ်တပ်မတော်အဖြစ် အစဉ်အလာကောင်းများ ဆက်လက်ထိန်းသိမ်းထားသော တပ်မတော်ဖြစ်စေရမယ်။ နိုင်ငံတော်ရဲ့လိုအပ်ချက်၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေနဲ့အညီ ကျစ်လျစ်ခိုင်မာ၍ ခေတ်မီတိုးတက်သော စစ်စွမ်းရည်၊ တိုက်ခိုက်ရေးစွမ်းရည်မြင့်မားသော အစဉ်ခေတ်မီတိုးတက်သည့် တပ်မတော်ဖြစ်စေရမယ်။

ယခင် မြန်မာနိုင်ငံဝန်ကြီးချုပ်ဟောင်း ဦးနုသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို ချမှတ်ကျင့်သုံးရာ၌ ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့ခြင်း၊ ဘက်မလိုက်နိုင်ငံများ အင်အားစုဖြစ်လာစေရန် ရှေ့တန်းခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်နိုင်ခဲ့ခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံများအကြားတွင် လူသိများ၍ ချစ်ခင်လေးစားခြင်းခံရတဲ့သူ ဖြစ်ပါတယ်။




နိုင်ငံတိုင်းသည် မိမိနိုင်ငံအကျိုးရှိရေး ရည်မှန်းချက်များနဲ့ နိုင်ငံတကာနဲ့ မိတ်ဝတ်မပျက် ဆက်ဆံပေါင်းသင်းရစမြဲဖြစ်ပါတယ်။ ထိုအခြေခံဖြင့် နိုင်ငံခြားရေးမူဝါဒများ ချမှတ်လိုက်နာဆောင်ရွက်ကြစမြဲဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ ဂုဏ်သိက္ခာ မထိခိုက်စေဘဲ အောက်ပါအခြေခံမူများနဲ့အညီ နိုင်ငံခြားရေးမူဝါဒကို လိုက်နာကျင့်သုံးပါမယ်။

(က) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂ၏ အခြေခံမူဝါဒများ နိုင်ငံတကာတွင် လိုက်နာကျင့်သုံးအပ်တဲ့ နိုင်ငံအချင်းချင်း ဆက်ဆံရေး ကျင့်ဝတ်များနဲ့အညီ ကမ္ဘာ့နိုင်ငံအသီးသီးတို့နဲ့ မိတ်ကောင်းဆွေကောင်းပီသစွာ ဆက်ဆံပေါင်းသင်းပါမယ်။

(ခ) နိုင်ငံတစ်နိုင်ငံရဲ့နယ်မြေတည်တံ့မှုနဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အပြန်အလှန်လေးစားရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လက်နက်ကိုင်ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရေး၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုရေး၊ နိုင်ငံအချင်းချင်း တန်းတူရည်တူ ပေါင်းသင်းဆက်ဆံရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကျိုးတူဖြစ်ထွန်းစွာရရှိစေရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဟူသော နိုင်ငံတကာဆက်ဆံရေးမူကြီး (၅)ချက်နဲ့အညီ လိုက်နာကျင့်သုံးရပါမယ်။

(ဂ) နိုင်ငံတကာရေးတွင် မိမိနိုင်ငံတော် အကျိုးကျေးဇူးကို မဆန့်ကျင်စေဘဲ မှန်ကန်သည့်ဘက်မှ နိုးကြားတက်ကြွလွတ်လပ်စွာ ရပ်တည်ရမှာ ဖြစ်ပါတယ်။

(ဃ) နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိစေမှုကို ဦးထိပ်ထားလျက် မိမိတို့၏မူဝါဒ ရည်ရွယ်ချက်များနဲ့တူညီတဲ့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီမိုကရက်တစ်ပါတီ၏ မျှော်မှန်းချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် ကြိုးပမ်းကြရာ၌ မိမိတို့၏ ပါတီသည်

- ပြည်ထောင်စုသားတိုင်း ဒီမိုကရေစီလူ့အခြေခံ လွတ်လပ်မှုအခွင့်အရေးများကို စည်းကမ်းတကျခံစားခွင့် အညီအမျှ ရရှိစေလိုသည်။
- ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာသော အခြေအနေကို ဖန်တီးလိုသည်။
- အမျိုးသားညီညွတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကို လိုလားသည်။

ထိုအခြေခံ(၃)ရပ်ပေါ်မူတည်၍ တည်တံ့ခိုင်မြဲသော နိုင်ငံတော်ကို တွေ့မြင်လိုပါတယ်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံးနဲ့အတူ ညီညာဖြဖြ လက်တွဲဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ယင်းသို့သော မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် ဒီမိုကရက်တစ်ပါတီကို တည်ထောင်ဖွဲ့စည်းပါတယ်။

ပြည်သူတို့မှ .....

ပြည်သူတို့၏ .................... ပြည်သူတို့အတွက် ...................... ဒီမိုကရက်တစ်ပါတီ

ကျေးဇူးတင်ပါတယ်ရှင့်။

### တူညီဆန္ဒ

တေးရေး - ထွဋ်ခေါင်တင်

တေးဆို - စန္ဒာ

၁။ ရောင်နီလင်းဖြာနေခြည်သာယာလှတာ နံနက်ခင်းရဲ့ မင်္ဂလာပါ၊ ထွန်းလင်းတောက်ပ တို့ပြည်ရွာ ညီညွတ်ခြင်းနဲ့ လက်တွဲညီခါ မဲရုံကို သွားကြမယ်ကွာ။

၂။ ရွှေလီဝင်းဝင်းဝါ ချိန်ခါသမယမှာ အရုဏ်ဦးရဲ့ တေးသံဖြာ၊ နိုးကြားထက်မြက် တို့ပြည်မြန်မာ၊ တူယှဉ်နွဲလို့ပေါင်းစုညီခါ မဲရုံကို သွားကြမယ်ကွာ။

၃။ မဲပေးကြမှာ၊ မဲပေးကြမှာ၊ ပြည်သူ့အကျိုးပြု ပြည်သူ့ပါတီ၊ ဒီမိုကရက်တစ်ပါတီအား မဲပေးကြမယ်ကွာ။

၄။ အသဲကြားက မဲတစ်ပြားဟာ၊ တန်ဖိုးကြီးစွာ မဲပေးကြတော့မှာ၊ ပြည်သူအတွက် အားထားရာ ဒီမိုကရက်တစ်ပါတီပါ၊ တူညီဆန္ဒမဲပေးကြမှာ ဝမ်းမြောက်ကြည်သာ ပြည်သူ့အတွက် နှိုးဆော်လိုက်ပြီကွာ။

# "ရ" ရထားကြီး ပျော်ပျော်စီး

စည်သူကျော်

**နယ်မြို့လေး၌ မွေးဖွားကြီးပြင်းခဲ့သော စာရေးသူ ကလေးဘဝကတည်းက ရင်းနှီးခဲ့သည့် သယ်ယူပို့ဆောင်ရေးပုံစံမှာ ရထားပင်ဖြစ်သည်။ ဥညသံပေးကာ အားမာန်အပြည့်ဖြင့် တရှူးထိုးမောင်းနှင်သွားသော ရထား၏ပုံစံသည် ကလေးအရွယ် စာရေးသူတို့ သူငယ်ချင်းတစ်သိုက်အား ခွန်အားတစ်ရပ်ကို ပေးစွမ်းသည်ဟု ထင်မိသည်။**




> **ရထားပို့ဆောင်ရေးကြောင့် လမ်းမကြီးများ တိုးချဲ့ရခြင်း၊ ခုံးကျော်တံတားအများအပြား တည်ဆောက်ရခြင်းတို့ လျော့ပါးစေသောကြောင့် နိုင်ငံတော်၏ဘတ်ဂျက်များ ချွေတာနိုင်သကဲ့သို့ မြေယာချဲ့ထွင်သုံးစွဲရမှုတို့ကို ကျဆင်းစေပါသည်။ ထို့ကြောင့် နိုင်ငံအများအပြားက ရထားလုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းဖြစ်ပါသည်။ စီးနင်းသူများအတွက်လည်း သက်သောင့်သက်သာရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းခြင်း စသည့်အကျိုးကျေးဇူးများရရှိစေ**

ရထားကြီးဖြတ်သွားတိုင်း တက်ကြွပျော်ရွှင်သော စိတ်ခံစားမှုအရသာကို ရရှိခဲ့သည်။ မူလတန်းကျောင်းသားဘဝ သူငယ်တန်းဖတ်စာအုပ်တွင် ပါဝင်သည့် "ရ" ရထားကြီး ပျော်ပျော်စီးဟူသော ဖတ်စာကို ကျယ်ကျယ်လောင်လောင် အော်ဖတ်တတ်သည့်အရွယ်ကတည်းကပင် ရထားဟူသော ဝေါဟာရစကားလုံးကို ရင်းနှီးခဲ့သည်။

ရထားဆိုသည်မှာ ပျော်ရွှင်ဖွယ်ရာကောင်းသော စီးနင်းစရာဟု မှတ်သားခဲ့သည်။ တအိအိမောင်းနှင်နေသော စပါးတင်သည့် နွားလှည်းများကို လှည်းလမ်းကြောင်းဘေး ရထားလမ်းပေါ်မှ အရှိန်ဖြင့် ကျော်လွန်ဖြတ်သန်းသွားသော ရထားကြီး၏ အမြန်နှုန်းကိုငေးကြည့်ရင်း လက်ခုပ်လက်ဝါးတီးကာ အံ့ဩပျော်ရွှင်ခဲ့ရဖူးသည်။ အရွယ်လေးနည်းနည်းရလာတော့ နေဝင်ချိန်အဝေးတစ်နေရာမှ လယ်ကွင်းများကို ဖြတ်သန်းသွားသော ရထားကြီးကို ငေးကြည့်ရင်းမှ လွမ်းမောတသဖွယ်ရသကို ခံစားလာရသည်။ ရသမျိုးစုံပေးစွမ်းနိုင်သော ရထားပါတကား။

ထို့နောက်တွင်ကား မဟာရန်ကုန်မြို့တော်ကြီးသို့ နယ်မြို့လေးမှ ပညာရည်နို့သောက်စို့ရန် ရထားတည်းဟူသော မိတ်ဆွေကြီးကို စီးနင်းကာ ထွက်ခွာလာခဲ့သည်။ ပထမဆုံးအကြိမ် ခရီးရှည်ကို ရထားစီး၍ ထွက်ခွာခြင်းပါပေ။ ရထားပေါ်၌ နီးစပ်ရာ စကားဝိုင်းဖွဲ့၊ စားစရာများဝေငှ၊ ပျော်ရွှင်ဖွယ်ရာကောင်းသော ခရီးတစ်ခုဖြစ်ခဲ့သည်ကို အမှတ်ရနေမိပါသည်။ ရန်ကုန်မြို့တွင် မိမိနေထိုင်ရာနေရာသည် ကြည့်မြင်တိုင်ဘူတာနှင့်နီးသဖြင့် ရထားများကို နေ့စဉ် တွေ့မြင်နေရသဖြင့် နေရပ်ကို လွမ်းမိသလို အလွမ်းလည်းပြေရသည်။ ခုံးကျော်တံတားပေါ်မှ လျှောက်သွားစဉ် အောက်မှ ရထားကြီးဖြတ်သွားသည်နှင့် ကြုံကြိုက်ပါက ကလေးငယ်အလား စိတ်လှုပ်ရှားပျော်ရွှင်မှုကို ခံစားရဆဲ။ မိမိသွားလိုသည့် ခရီးရှိပါကလည်း ရထားကိုသာ ဦးစားပေးစီးနင်းဖြစ်ခဲ့သည်။

### ကုန်ကျစရိတ်ပိုမိုသက်သာ

အကယ်စင်စစ် ရထားပို့ဆောင်ရေးစနစ်ဟူသည် သားရွှေအိုးထမ်းလာသောကိန်းဖြစ်သည်ဟုဆိုသော် လွန်အံ့မထင်။ ရထားပို့ဆောင်ရေးက လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို များစွာလျော့ပါးသက်သာစေသော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ဖြစ်ပါသည်။ တူညီသော ကုန်စည်ပမာဏနှင့် ခရီးအကွာအဝေးကို သယ်ယူပို့ဆောင်ရာ၌ ရထားက မော်တော်ကားများနှင့်နှိုင်းစာလျှင် ကုန်ကျစရိတ်ပိုမိုသက်သာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ခရီးသွားအများအပြားကို လွယ်လင့်တကူ သယ်ဆောင်သွားလာနိုင်သောကြောင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ခရီးနှောင့်နှေးမှုတို့ကို လျော့နည်းစေသည်။ ရထားသည် သယ်ယူပို့ဆောင်မှုအများစုကို လမ်းမကြီးများ၊ မြို့တွင်းဆက်တံတားကြီးများမှ ရှောင်လွှဲသွားစေနိုင်ခြင်းကြောင့် မြို့ပြ၏ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းတံတားများ၏ ထိခိုက်ပျက်စီးမှုကို သက်သာစေသည်။

ရထားပို့ဆောင်ရေးကြောင့် လမ်းမကြီးများ တိုးချဲ့ရခြင်း၊ ခုံးကျော်တံတားအများအပြား တည်ဆောက်ရခြင်းတို့ လျော့ပါးစေသောကြောင့် နိုင်ငံတော်၏ ဘတ်ဂျက်များ ချွေတာနိုင်သကဲ့သို့ မြေယာချဲ့ထွင်သုံးစွဲရမှုတို့ကို ကျဆင်းစေပါသည်။ ထို့ကြောင့် နိုင်ငံအများအပြားက ရထားလုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းဖြစ်ပါသည်။ စီးနင်းသူများအတွက်လည်း သက်သောင့်သက်သာရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေပါသည်။ ယင်းအချက်များသည် ရထားပို့ဆောင်ရေး၏ အဓိကအားသာချက်များ ဖြစ်ပါသည်။

များမကြာသေးမီက ခရီးတို ခရီးရှည်များတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲလျက်ရှိကြောင်း သတင်းများတွင် တွေ့ရှိရသည်။ ထို့အပြင် ခရီးသွားမည့်သူများအကြား ရထားဖြင့် သွားကြမည်ဆိုသည့် ပြောသံများကြားရသည်။ ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေသူတစ်ဦးအဖို့ ပြည်တွင်း ပြည်ပ ခရီးသွားများကို ခရီးစဉ်ဒေသများတွင် တွေ့ရခြင်းသည် ဝမ်းမြောက်ဖွယ်ဖြစ်သလို ရထားချစ်သူ မိမိအတွက်လည်း ရထားသယ်ယူပို့ဆောင်ရေးအပေါ် စိတ်ဝင်တစား စီးနင်းလိုသူများ၊ ခေတ်မီသောရထားများ ပေါ်ပေါက်လာခြင်းက ဝမ်းမြောက်ဖွယ်ဖြစ်သည်။ အကယ်စင်စစ် ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် မြန်မာ့သယ်ယူပို့ဆောင်ရေးကဏ္ဍ၏ အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

### ရထားပို့ဆောင်ရေးလုပ်ငန်းကို အမျိုးအစားသုံးမျိုး ခွဲခြားထား

မြန်မာနိုင်ငံတွင် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နှစ်ပေါင်း ၁၅၀ နီးပါးသက်တမ်းရှိသည့် သက်တမ်းရင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းများတွင် ရထားပို့ဆောင်ရေးလုပ်ငန်းကို အဓိကအားဖြင့် အမျိုးအစားသုံးမျိုး ခွဲခြားထားသည်ဟု မှတ်သားဖူးသည်။ ပထမအမျိုးအစားမှာ Passenger Train ဟု ခေါ်သော ခရီးသည်တင်ရထားများ၊ Freight Train or Cargo Train ဟုခေါ်သော ကုန်တင်ရထားများ၊ Special Purpose Train ဟုခေါ်သော အပန်းဖြေခြင်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စစ်ဘက်ရေးရာကိစ္စရပ်များ ဆောင်ရွက်ခြင်း စသော သီးခြားအကြောင်းအရာများအတွက် အသုံးပြုသော ရထားများ ဖြစ်ကြပါသည်။

ရထားအမျိုးအစားများကွဲပြားသည့်နည်းတူ ရထားများပြေးဆွဲနိုင်ရန် အသုံးပြုသောအရင်းအမြစ် (Power Source) များလည်း ကွဲပြားခြားနားပါသည်။ Passenger Train ခရီးသည်တင်ရထားများ၊ Freight Train or Cargo Train ကုန်တင်ရထားများတွင်လည်း ခရီးသည်နှင့် ကုန်စည်ပေါ်မူတည်၍ ရထားပုံစံအမျိုးမျိုး ထပ်မံကွဲပြားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဆိုလိုချင်သည်မှာ လိုအပ်ချက်အပေါ်မူတည်၍ ရထားပို့ဆောင်ရေးလုပ်ငန်း အမျိုးအစားများစွာရှိသည်ကို တင်ပြလိုရင်းဖြစ်ပါသည်။

### အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများစွာရှိ

ရထားပို့ဆောင်ရေးလုပ်ငန်းသည် ခရီးသွားလုပ်ငန်းတွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများစွာရှိသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ရထားစီးနင်းခြင်း/ အသုံးပြုခြင်းက ဈေးနှုန်းသက်သာ၏။ ပညာရပ်ပိုင်းဆိုင်ရာအရ (Cost Effective) ဖြစ်သည်ဟုဆိုသော် ပိုမှန်၏။ ကုန်ကျစရိတ်ထက်ပိုမိုသော အကျိုးကျေးဇူးကို ရရှိစေသည်။ သယ်ယူပို့ဆောင်စရိတ်သက်သာခြင်းကြောင့် ကုန်စည်ဈေးနှုန်းများ ကျဆင်းစေနိုင်သည်။ ရထားသည် လေထုညစ်ညမ်းမှုနှင့် အသံဆူညံမှုတို့ကို လျော့ပါးစေသည်။ မြို့ပြများတွင် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် လေထုညစ်ညမ်းခြင်း၊ ကားဟွန်းသံစက်သံများကြောင့် အသံဆူညံခြင်း၊ လိုရာခရီး အမြန်မရောက်ရှိနိုင်ခြင်းစသည့် ပြဿနာများသည် ရထားတွင်မရှိပေ။

မော်တော်ကားဖြင့် သွားလာခြင်းထက် ရထားဖြင့် ခရီးသွားခြင်းသည် ပိုမိုလုံခြုံစိတ်ချရသည်။ မတော်တဆဘေးအန္တရာယ်ဖြစ်ပွားမှု ပိုမိုလျော့နည်းသည်။ နိုင်ငံတကာတွင် ရထားဖြင့် ခရီးသွားခြင်းက ဘေးကင်းလုံခြုံမှုအပြင် အားထားစီးနင်းနိုင်သော ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည်။ ရထားသည် အချိန်မှန်၏။ နွေမိုးဆောင်း ဥတုသုံးပါး သွားလာနိုင်သည်။ ယာဉ်ကြောပိတ်ဆို့မှုမရှိ၊ တောက်လျှောက်သွားလာနိုင်သည်။ ထို့ကြောင့် ရထားခရီးသည် အားထားရသောခရီးဖြစ်သည်။ ထို့အပြင် ရထားသည် ကျယ်ဝန်းသောနေရာရှိသည်။ မော်တော်ကားဖြင့်သွားလာခြင်းထက် ခြေဆန့်လက်ဆန့်ပိုရှိသည်။ အိပ်စင်ဖြင့် စီးနင်းပါက အိပ်ရင်းလိုက်ပါနိုင်သည်။

ယခင်က ပိုက်ဆံချွေတာသော ဘတ်ဂျက်တိုးရစ်များ (Budget Tourists) များသည် ဟိုတယ်ခ ချွေတာလိုသဖြင့် တစ်နေရာမှ တစ်နေရာသို့ ခရီးဆက်ရာတွင် ညရထားကို စီးနင်းကြသည်။ ခရီးရှည်များတွင် စားသောက်ခန်းပါသဖြင့် အစားအသောက်များ မှာယူစားသုံးနိုင်သည်။ လမ်းခရီးမှလည်း ဒေသစာများ ဝယ်ယူမြည်းစမ်းစားသုံးနိုင်သည်။ အိမ်အပြန် လက်ဆောင်ဝယ်နိုင်သည်။ ရေသန့်ဘူးများ မပေါ်ခင်က ရေကုသိုလ်ဆို၍ ရေအိုးကလေးများဖြင့် သဒ္ဒါကြေးမျှကိုသာ ယူကာ သုံးရေ သောက်ရေလိုက်ပေးသော ရထားစီးယဉ်ကျေးမှုလေးသည် ယနေ့တိုင် မေ့မရသော ဘူတာစဉ်မှ ချစ်စဖွယ်ဓလေ့စရိုက်လေး ဖြစ်ပါသည်။

**စာမျက်နှာ ၁၉ သို့ ◆**

## (၇၅)ကြိမ်မြောက် စိန်ရတု ဗုဒ္ဓဝင်နှင့် (၃၈)ဖြာ မင်္ဂလာတရားတော်စာမေးပွဲ အောင်မြင်စွာဖြေဆိုခဲ့ကြသည့် ကျောင်းသား/ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်



နေပြည်တော် နိုဝင်ဘာ ၉

ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း (YMBA) ဗဟိုက ကြီးမှူး၍ ရှမ်းပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ကျင်းပသည့် (၇၅)ကြိမ်မြောက် စိန်ရတု ဗုဒ္ဓဝင်နှင့် (၃၈)ဖြာမင်္ဂလာတရားတော်စာမေးပွဲ ဖြေဆိုပွဲ၌ အောင်မြင်စွာ ဖြေဆိုခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကန်အောက်ရပ်ကွက် သာသနာလင်္ကာရကမ္ဘောဇ သာသနာ့ဗိမာန်(၅)ထပ်ဆောင်၌ ပြုလုပ်ရာ တောင်ကြီးမြို့ စွန်းလွန်းဂူကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

### လက်ခံရယူ

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အေးစေတီ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တလက္ခဏာသာမိထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။ ထို့နောက် သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ပြည်နယ်သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တတေဇဝန္တထံမှ ဩဝါဒခံယူကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဗဟိုသို့ သွားရောက် ဆုယူကြမည့် ကျောင်းသား ကျောင်းသူများ အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက လှူဒါန်းကြသည့် အလှူငွေများကို တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး စာဖြေဌာနအလိုက် အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းတို့တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများနှင့် အထူးအောင်မြင်သူများကိုဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပင်းတယမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်



တောင်ကြီး နိုဝင်ဘာ ၉

ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ပင်းတယမြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့နံနက်ပိုင်းက ပင်းတယမြို့နယ် သမဝါယမအသင်းစုလီမိတက်နှင့် ရောင်ခြည်ဦး လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတို့မှ အကျိုးတူ ဆောင်းနေကြာ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် အောင်မြင်သစ် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ ပြည်ထောင်စု/ပြည်နယ်ဘတ်ဂျက်မှ ၅၀ ရာခိုင်နှုန်းထောက်ပံ့ငွေဖြင့် daedong ထွန်စက်သုံးစီး ဝယ်ယူပြီး လုပ်ငန်းဆောင်ရွက်မှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးက သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှု လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

## ကံမမြို့နယ်၌ တည်းခိုခန်းများ မီးဘေးလုံခြုံရေးစစ်ဆေး

ကံမ နိုဝင်ဘာ ၉

ကံမမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ခရိုင်မီးသတ်ဦးစီးမှူးများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကံမမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွှန့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ကံမမြို့ အမှတ်( ၁ )ရပ်ကွက် ရွှေတိမ်လွှာ တည်းခိုခန်းအား မီးဘေးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သတ်မှတ်ထားသည့် မီးဘေးလုံခြုံရေးဆိုင်ရာ ရှေးဦး မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများထားရှိမှု၊ တည်းခိုနေထိုင်သူများ၏ အရေးပေါ်ထွက်ပေါက်ထားရှိမှု၊ ရေလုံလောက်စွာဖြည့်တင်းထားရှိမှုများကို စစ်ဆေးအကြံပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ကောင်းစစ်နိုင်**

## ဒဂုံတက္ကသိုလ် အဝေးသင်သင်တန်း (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက် ပြောင်းလဲကြောင်း ကြေညာခြင်း

ဒဂုံတက္ကသိုလ်(အဝေးသင်သင်တန်း) ၂၀၂၄ ပညာသင်နှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကျင်းပခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါအစီအစဉ်အတိုင်း ပြောင်းလဲတက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၁။ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၅-၁၂-၂၀၂၅ ရက်နေ့ (သောကြာနေ့)

နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - မြန်မာစာ ၄မ-၁ မှ ၄မ-၄၀၀ အထိ၊ ဒဿနိကဗေဒ

သိပ္ပံဘွဲ့ - သင်္ချာ

ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - မြန်မာစာ ၄မ-၄၀၁ မှ ၄မ-၈၅၂ အထိ၊ အရှေ့တိုင်းပညာ

သိပ္ပံဘွဲ့ - ရူပဗေဒ

(အစမ်းလေ့ကျင့်ရန်- ၄-၁၂-၂၀၂၅ ရက်နေ့ (ကြာသပတေးနေ့)၊ နံနက်ပိုင်း (၉:၀၀)နာရီ

၂။ (၃၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ၆-၁၂-၂၀၂၅ (စနေနေ့)

နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ

သိပ္ပံဘွဲ့ - ဓာတုဗေဒ

ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - ပထဝီဝင်

သိပ္ပံဘွဲ့ - သတ္တဗေဒ

(အစမ်းလေ့ကျင့်ရန်- ၄-၁၂-၂၀၂၅ ရက်နေ့ (ကြာသပတေးနေ့)၊ မွန်းလွဲပိုင်း (၁:၀၀)နာရီ

၃။ (၃၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ၈-၁၂-၂၀၂၅ ရက်နေ့ (တနင်္လာနေ့)

နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - သမိုင်း ၄သ-၁ မှ ၄သ-၅၀၀ အထိ

သိပ္ပံဘွဲ့ - ရုက္ခဗေဒ

ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ

ဥပဒေဘွဲ့ - ဥပဒေပညာ

ဝိဇ္ဇာဘွဲ့ - သမိုင်း ၄သ-၅၀၁ မှ ၄သ-၉၁၂ အထိ ၊ စိတ်ပညာ

(အစမ်းလေ့ကျင့်ရန်-၇-၁၂-၂၀၂၅ ရက်နေ့ (တနင်္ဂနွေနေ့)၊ နံနက်ပိုင်း (၉:၀၀)နာရီ

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၁-၁၂-၂၀၂၅ ရက်နေ့မှ ၃-၁၂-၂၀၂၅ ရက်နေ့ထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

၂၄-၁၀-၂၀၂၅ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ ထည့်သွင်းထားသောဒဂုံတက္ကသိုလ်၊ အဝေးသင်သင်တန်း (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း ကြေညာချက်အား ဤကြေညာချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**သန်းစိုးဦး**
**ဌာနမှူး၊ သင်တန်းရေးရာ**
**ဒဂုံတက္ကသိုလ်**

◆ စာမျက်နှာ ၁၈ မှ

ထို့အပြင် ရထားပေါ်၌ ခရီးသွားများအချင်းချင်း မိမိတွင်ပါလာသော စားသောက်ဖွယ်ရာများ အပြန်အလှန် လဲလှယ်စားသောက်ရင်း မိတ်ဆွေဖွဲ့နိုင်သည်။ ခရီးသွားလုပ်ငန်းတွင် အဓိကကျသည်ဟု ပြောကြသော လူမှုဆက်ဆံရေး (Social Interaction) ကို မြန်မာနိုင်ငံရှိ ရထားများပေါ်တွင် တွေ့ရသည်။

### သဘာဝအလှအပများကို အပြည့်အဝ ခံစားရစေမည်

ရထားဖြင့် ခရီးသွားခြင်း၏ အခြားထူးခြားသော အားသာချက်မှာ လမ်းခရီးတစ်လျှောက် ရှုမျှော်ခင်းများ ကြည့်ရှုရခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် သာယာလှပသော ရေမြေတောတောင် သဘာဝအလှအပများဖြင့် ပြည့်နှက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ရထားဖြင့်ခရီးသွားခြင်းသည် ယင်းသဘာဝအလှအပများကို အပြည့်အဝ ခံစားရစေမည်ဖြစ်ပါသည်။ ရထားလမ်းတစ်လျှောက် စိမ်းစိုသော လယ်ကွင်းများ၊ အဝေးဆီမှ အုံ့မှိုင်းနေသော တောင်စဉ်တောင်တန်းများ၊ ညနေဆည်းဆာ ကောင်းကင်ဝဋ္ဋာမှာ အိပ်တန်းပြန်နေသောငှက်များ၊ နေညိုညိုတိမ်တောက်ချိန် ကျေးလက်ရှုခင်းများသည် ရထားစီးရင်း ကြည့်ရှုခံစားရသော မေ့မရသည့် ရှုခင်းများဖြစ်ပါသည်။ ကျယ်ပြောသော မြစ်ပြင်ကျယ်၏ တံတားပေါ်မှ တဝေါဝေါမြည်သံပေးကာ ဖြတ်သန်းသွားသော ရထားပေါ်မှအရသာသည် စိတ်လှုပ်ရှား ညွတ်နူးဖွယ်ကောင်းလှသည်။ ဘူတာသို့အဝင်တွင် လာရောက်ကြိုဆိုနေသူကို အမောတကော ရှာဖွေနှုတ်ဆက်ရသည်မှာလည်း ရထားခရီးစဉ်များတွင် ခံစားရသော ရသတစ်မျိုးဖြစ်သည်။ ထို့ကြောင့် လွမ်းဆွတ်တမ်းတမှုသီချင်း၊ ကဗျာတို့တွင် ရထားဆိုသောနိမိတ်ပုံ တွေ့ရတတ်သည်။

ရထားက အမျိုးမျိုးသောရသကို ပေး၏။ ရထားက အထူးထူးသော အကျိုးကျေးဇူးကိုရစေ၏။ ရထားကို ခရီးသွားတို့၏ မှတ်ဉာဏ်ထဲတွင် ရှိနေဆဲဖြစ်၏။ ငယ်စဉ်တောင်ကျေး ကလေးဘဝက ရွတ်ဆိုခဲ့သလို "ရ" ရထားကြီးကို ပျော်ပျော်ကြီးစီးနိုင်ရန် ရထားတစ်ခေတ်ဆန်းသစ်၍ ခရီးသွားပြည်သူတို့၏ နှလုံးသည်းပွတ်ကို သိမ်းကျုံးရယူဖို့သာ လိုအပ်လှပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 4

**Unit 7 Clothing**

**Lesson 1: He's wearing a yellow T-shirt.**

**I.Complete the sentences using the words from the box.**

| birthday, blouse, dress, hot, yellow |
|---|

1. She is wearing a new __________.
2. He has a __________ T-shirt.
3. It is very __________ today.
4. She is going to her friend's __________ party.
5. She wore a __________ and a skirt to work.

**II. Fill in the blanks with the missing words. The first letters are given to help you.**

1. A pair of p___________ is soft, loose clothes that you wear in bed at night. (soft (adj) ပျော့ပြောင်း / loose (adj) ပွပွ၊ ဖားဖား)
2. T__________ are shoes for doing sport.
3. We can wear a h________ to protect our head from the sun.
4. A t__________ is a suit, usually with a long-sleeved jacket and long pants, worn by athletes. (athletes (n) အားကစားသမားများ)
5. It is very c__________ today. So please wear your sweater to stay warm.

**III.Fill in the blanks with the correct form of the words given in the brackets.**

1. (shop) Nilar usually goes to the _________centre on Sunday.
2. (rain) A __________ is a coat that protects you from getting wet in the rain.
3. (he) He is going to __________ grandparents on Sunday.
4. (she) She is cooking food for ___________ children.
5. (train) Please wear __________ in the gym, to avoid scuffing the floor.

**(gym (n) အားကစားရုံ။ / avoid (v) ရှောင်သည်။ / scuffing (n)** ပွန်းရာ။ ခြစ်ရာ။)

**IV. Fill in the blanks with the correct form of the verbs given in the brackets.**

1. (read) I am __________ a newspaper.
2. (play) You are __________ football.
3. (ride) My sister is __________ her bike.
4. (make) I am __________ my bed.
5. (wear) She is __________ a red dress.

**V. Fill in the blanks with "am, is" or "are".**

1. He __________ smiling.
2. She __________ dancing.
3. It __________ eating bamboo.
4. They __________ running.
5. We __________ walking.
6. The birds __________ singing.
7. I __________ reading.
8. You __________ talking.
9. She __________ cooking.
10. They __________ working.

**Answers**

Unit 7 Clothing Lesson 1: He's wearing a yellow T-shirt.

I. 1.dress 2. yellow 3. hot 4. birthday 5. blouse

II. 1.pyjamas 2. Trainers 3. hat 4. tracksuit 5. cold

III. 1.shopping 2. raincoat 3. his 4. her 5. trainers

IV. 1. reading 2. playing 3. riding 4. making 5. wearing

V. 1.is 2. is 3. is 4. are 5. are 6. are 7. are 8. am 9. is 10. are

*************************

## Grade 5

**Unit 7 My Town**

**Lesson 1: Places in my town**

**Reading**

**(A) Look at the picture and write True or False to answer the given words.**

(1)  chemist's (1) ______________

(2)  It's a library (2) ______________

(3)  café (3) ______________

(4)  petrol station (4) ______________

(5)  It's a park. (5) ______________

**(B) (1) Read the following dialogue and fill in the blanks with the suitable words given below.**

Exercise (1)

| | | | | |
|---|---|---|---|---|
| beach | swim | market | too | go |
| fruits | place | Why | every | with |

**Mya Mya:** What is your favorite___ (1)___ in town?

**Hla Hla:** My favorite place is the _____ (2)______.

**Mya Mya:** Why do you like the beach?

**Hla Hla:** I like to ____ (3)______ there.

**Mya Mya:** That sounds great! My favorite place is the ____ (4)____.

**Hla Hla:** ____ (5)______ do you like the market?

**Mya Mya:** I like to buy fresh _____ (6)_____.

**Hla Hla:** Do you ____ (7)_____ there often?

**Mya Mya:** Yes, I go there _____ (8)____ Sunday.

**Hla Hla:** I want to visit the market ___ (9)______!

**Mya Mya:** You should come ____ (10)_____ me!

**(C) Read the passage and answer the questions.**

This is my town. Its name is Thar Yar Gone. It is small but very nice. In my town there are many houses and small shops. There's a bus stop, a hospital, a fire station, and a police station. There are 3 baker's and 2 banks. There are 4 chemist's. There are also 2 supermarkets. There is a beautiful park in my town. There are 5 schools. There are many monasteries. There is a library, a playground, and a market, but there isn't a shopping centre.

1. What is the name of the town?
2. How many baker's are there in the town?
3. Where can people go to read in the town?
4. How many schools are there in the town?
5. Which place is not in the town?

**Writing**

**(A) Fill in the blanks with a suitable word form.**

(1) The name of (he) ___________ native town is Taunggyi.

(2) (usual) She _________ eats breakfast before going to work.

(3) (open) The library's _______ hours are from 8 a.m. to 5 p.m.

(4) (fame) Yangon is __________ for its beautiful Shwedagon Pagoda.

(5) (clean) The _________ comes to our school every evening.

(6) (paint) She made a beautiful __________ of a sunset.

(7) (chemistry) I bought some medicine from the __________.

**(B) Supply the correct form of the verb given the brackets.**

(1) (eat) Let's __________ together tomorrow.

(2) (tell) Can I _________ you something?

(3) (close) I _________ the door at night.

(4) (clean) Can you _________ the board?

(5) (be) He _________ late tomorrow.

(6) (buy) I _________ a new bag tomorrow.

(7) (learn) She __________ new words yesterday.

**(C) Rearrange the following words in the correct order to make a sentence.**

(1) My / favorite / is / place / library / the /

(2) play / every / park / We / afternoon / the / in /

(3) zoo / love / to / the / go / I /

(4) beautiful / is / flowers / The / park / with / very /

(5) my / often / mother / with / shopping / I / go /

**Answers**

Unit 7 My Town Lesson 1: Places in my town

Reading

(A) 1. False 2. False 3. True 4. True 5. False

(B) 1. place 2. beach 3. swim 4. market 5. Why 6. fruits 7. go 8. every 9. too 10. with

(C) (1) The name of the town is Thar Yar Gone. (2) There are 3 baker's in the town. (3) People can go to the library to read in the town. (4) There are 5 schools in the town. (5) A shopping centre is not in the town.

Writing

(A) 1. his 2. usually 3. opening 4. famous 5. cleaner 6. painting 7. chemist

(B) 1. eat 2. tell 3. close 4. clean 5. will be 6. will buy 7. learned

(C) 1. My favorite place is the library. 2. We play in the park every afternoon. 3. I love to go to the zoo. 4. The park is very beautiful with flowers. 5. I often go shopping with my mother.

*******************

## Grade 6

**Unit 7: Lesson 1: What does he look like?**

**(A)Complete the conversations with the words in the box.**

**Dialogue (1)**

| | | | | |
|---|---|---|---|---|
| There | meet | 6 o'clock | Saturday | concert |

**Myo:** Would you like to go to the music concert on ____(1) __?

**Aye:** Sure! What ____ (2) ____?

**Myo:** At ____ (3) ____ in the evening.

**Aye:** Great. Where shall we ____ (4)____?

**Myo:** At the City Hall entrance.

**Aye:** Perfect. See you ____(5)____!

**Vocabulary**

**I. Complete each sentence with the most suitable word. The first letter of each word is given to help you.**

1. My father is tall and thin. What does your father look l______? 1._________
2. Her mother has got short c_______ chair. 2._________
3. I find her more a_____ as her age. 3._________
4. Our class teacher is g_____ but she is not nice. 4._________
5. A good diet makes you s______. 5_________

**II.Put the following words and phrases under the correct headings.**

attractive, average height, plump, short, medium height, handsome, beautiful, good-looking, slim, tall, well-built, overweight

| Height | Build | Looks |
|---|---|---|
| _________ | _________ | ___________ |
| _________ | _________ | ___________ |
| _________ | _________ | ___________ |
| _________ | _________ | ___________ |

**III. Complete the sentences with the words given below.**

curly fair long round straight short dark

1. My sister has ____________________ hair, and it looks nice.
2. He has ____________________ hair, not curly.
3. The baby has a ____________________ face.
4. She has ____________________ hair down to her waist.
5. My grandfather has ____________________ hair now.
6. Many girls like to have ____________________ hair.
7. He has ____________________ skin because he plays football outside a lot.

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

## Grade 7

### Unit 6 Lesson 2: Amber: The Little Yellowish-brown Light

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. The park was messy and filled with r______.
2. S_______ is a bad habit that can harm your health and make you feel sick.
3. We use g______ to cook our food on the stove.
4. F______ is what we eat to give our bodies energy and help us grow strong.
5. A p______ is someone who walks on the sidewalk or cross the street on foot.
6. T______is a line of cars and vehicles that move on the road.
7. When we see a 'Stop' s______, we should always pause and look both ways before crossing the road
8. When the traffic lights turned to a__________, the cars slowed down.
9. M________ phones are small devices that we can use to call our friends and family.
10. The car has a m___________ speed of 120 mph.

**II. Supply the correct form of the words given in brackets.**

1. (please) They were _________ when I helped them.
2. (please) Reading gives us knowledge and __________.
3. (yellow) The ripe banana had a ____color and tasted sweet.
4. (bright) The sun is __________ than the moon.
5. (smoke) My grandpa was a heavy __________.
6. (good) Her handwriting is not as __________ as mine.
7. (sudden) She __________ became famous.
8. (slow) Could you drive more ___________?
9. (listen) Shwe Sin is a good _______________.
10. (final) Two hours later, the train __________ arrived.

**III. Supply the correct form of the verbs given in brackets.**

1. (feel) How do you ____________ today, son?
2. (think) He is always __________ about money.
3. (listen) Speak less and ___________ more.
4. (stop) He ___________ to talk to them.
5. (care) Who ___________ you during your illness?
6. (smile) She has a beautiful face and always __________.
7. (watch) Did you __________the football match on TV?
8. (you, start) How __________ your day?

**IV. Underline the correct preposition in the sentences.**

1. The dog is hiding _______ (under, on, beside) the bed.
2. The children ran _______ (across, along, between) the playground.
3. The keys are _______ (in, on, above) the drawer.
4. The clock is hanging ______(above, below, near) the door.
5. The bus stopped _______ (in front of, behind, beside) the school.

**********************

## Grade 8

### Unit 6 Lesson 2: Our friendly environment

### Speaking

**I. Complete the dialogue with the words given below. There are two extra words.**

| | | | |
|---|---|---|---|
| make | clean | great | support |
| environment | | compound | give |

**Aung Aung:** Hey, Thida! Do you like our school (1)_______?

**Thida:** Yes, I do! Everyone here is really friendly and helpful.

**Aung Aung:** I agree. The teachers are also very kind. Don't you think so?

**Thida:** Absolutely. They always (2)____ us when we need help.

**Aung Aung:** What do you think about the school garden?

**Thida:** I love it. It's clean, green, and a (3)_______ place to relax during breaks.

**Aung Aung:** Do you think students take care of the environment here?

**Thida:** Yes, we all work together to keep it (4)_________. We even have a recycling bin.

**Aung Aung:** That's true. I feel happy and safe at this school. What about you?

**Thida:** Me too, Aung Aung. It's a great place to learn and (5)______ friends!

### Vocabulary

**I. Complete each sentence with the most suitable word. The first letter is given to help you.**

1. The e_____measured 6.8 on Richter scale last week.
2. The heavy rain caused f________ in many parts of the country.
3. Farmers faced the worst d_______ as there was a long period with no rain.
4. A t____ is an extremely large wave caused in the sea.
5. There may be s________ just before the rain season in Myanmar.
6. The house was buried beneath a l ____after heavy rains.
7. An a __________ is also known as snowslide. It means a mass of snow falls down.
8. Firefighters bravely fought shocking w ________ in the forest.
9. Water is e________ for our daily life.
10. We will send you a booklet free of c________.

**Answers**

**Lesson 2 : Our friendly environment**

**Speaking**

I. 1. environment 2. support 3. great 4. clean 5. Make

**Vocabulary**

I. 1. earthquake 2. floods 3. droughts 4. tsunami 5. storms 6. landslide 7. avalanche 8. wildfires 9. essential 10. Charge

******************

## Grade 9

### Unit 5

### Lesson 2: Can you play the Myanmar harp?

**I. Fill each blank with the appropriate word. The initial letters are given to help you.**

1. She plays a musical i__________ called the violin.
2. He has a great m________ talent and can play many songs by ear.
3. The singer gave a m__________ performance on stage.
4. They danced to t_________ music at the festival.
5. The drums were played during the c__________ event.
6. R_________ music was sung in the temple.
7. The a_________ clapped loudly after the song ended.
8. The h_________ is a traditional string instrument.
9. They played soft m_________ at the dinner party.
10. That m_________ can play five different instruments.

**II. Choose the correct expression from the bracket to complete the sentences.**

1. Reading gives me great _______ **(pleasure / pleasing).**
2. _______ **(Traditional / Social)** ceremonies are part of our culture.
3. Cats and dogs have very different _______ **(behaviours/ habits).**
4. My uncle is a skilled _______ **(musician / musical).**
5. The drummer kept a steady _______ **(rhythm / beat).**
6. She gave me a very _______ **(precious / valuable)** gift.
7. Learning a new _____**(instrument / machine)** takes time.
8. A useful _______ **(fact / information)** about elephants is that they have excellent memories.
9. The Earth is _______ **(round / flat).**
10. She spoke in a soft and _______ **(gentle / loud)** voice.

**III. Supply the correct form of the words in brackets.**

1. (bore) She tried to avoid _______ by reading quietly.
2. (bore) We felt very _______ during the long meeting.
3. (bore) The documentary was quite _______.
4. (perform) The _______ were applauded by everyone.
5. (perform) The company's recent _______ was disappointing.
6. (respect) Children should be taught to be _____ to elders.
7. (respect) He spoke very _______ to the guests.
8. (music) He wants to be a famous _______ someday.
9. (music) We watched a _______ concert last night.
10. (enjoy) The movie was a great ______for the audience.

**IV. Supply the correct form of the verbs in brackets.**

1. (play) She _______ the violin when I arrived.
2. (provide) The school _______ free meals for students.
3. (relieve) Medicine _______ pain quickly.
4. (listen) He _______ to the radio when I called.
5. (produce) They _______ new songs every year.
6. They said the event (won't/wouldn't) _______ start until 7 PM.
7. (regard) He is _______ as a great artist.
8. Min Lwin said he (can) _______ speak two languages.
9. (interrupt) Please don't _______ during the speech.
10. Kyipyar said that she (must) _______ leave soon.

**V. Rewrite the sentences according to the instructions.**

1. I (go) to school by bus every day. **(Rewrite the sentence using Present Simple or Present Continuous.)**
2. You want to ask if he will come to the party. What do you say? **(Write the sentence with question tags using "He won't…")**
3. U Zaw said to his daughter, "I am reading now." **(Change the sentence into Reported Speech.)**
4. My mother is baking a cake. **(Make a question to which the underlined words are answers.)**
5. Can you tell me the way to the library? **(Rewrite using "Would you mind / Do you mind…?")**
6. They (paint) the fence all morning yesterday. **(Rewrite using Past Simple or Past Continuous.)**
7. You want to confirm the girl in the red dress is Su Su. What do you say? **(Write the sentence with question tags using "That girl…")**
8. They came here to invite me. **(Make questions where the underlined words are answers.)**
9. "I have finished my project," he said. **(Change into Reported Speech.)**
10. I (watch) that TV show twice. **(Rewrite using Past Simple or Present Perfect.)**

**Answers**

**Unit 5**

**Lesson 2: Can you play the Myanmar harp?**

I. 1. instrument 2. musical 3. magnificent 4. traditional 5. ceremonial 6. Religious 7. audience 8. harp 9. music 10. musician

II. 1. pleasure 2. traditional 3. behaviours 4. musician 5. rhythm 6. precious 7. instrument 8. fact 9. round 10. gentle

III. 1. boredom 2. bored 3. boring 4. performers 5. performance 6. respectful 7. respectfully 8. musician 9. musical 10. enjoyment

IV. 1. was playing 2. provides 3. relieves 4. was listening 5. produce 6. wouldn't 7. regarded 8. could 9. interrupt 10. had to

V. 1.I go to school by bus every day. 2. He won't come to the party, will he? 3. U Zaw told his daughter that he was reading then. 4. What is your mother baking? 5. Would you mind telling me the way to the library? 6. They were painting the fence all morning yesterday. 7. That girl in the red dress is Su Su, isn't she? 8. Who came here to invite you? / Why did they come here? 9. He said that he had finished his project. 10. I have watched that TV show twice.

******************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။


# ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက်သေးငယ်သော အမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် PM2.5 Monitor စက်တပ်ဆင်၍ လေအရည်အသွေး (PM2.5) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆–၃–၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီစောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် PM2.5 တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် အောက်တိုဘာလ ၁၊ ၂၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၅ ရက်နေ့နှင့် ၁၈ ရက်နေ့တို့သည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good) နှင့် ကျန်ရက်များသည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့်(Moderate) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏လေအရည်အသွေးမှာ အောက်တိုဘာလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၁၃ ရက်နှင့် အသင့်အတင့်အဆင့်၌ ၁၈ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ**




**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း စခန်း ၃၃ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**


**ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ။**




**၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH | | | |
|---|---|---|---|---|---|
| ၁ | မန္တလေး(ချမ်းအေးသာစံ) | ၇.၁ | ၁၇ | မော်ဘီ | ၆.၅ |
| ၂ | မန္တလေး(ချမ်းမြသာစည်) | ၇.၁ | ၁၈ | မကွေး | ၆.၉ |
| ၃ | ခန္တီး | ၆.၈ | ၁၉ | အောင်လံ | ၆.၉ |
| ၄ | လားရှိုး | ၆.၆ | ၂၀ | စစ်တွေ | ၆.၉ |
| ၅ | တောင်ကြီး | ၆.၅ | ၂၁ | ပြည် | ၆.၅ |
| ၆ | မိုင်းဆတ် | ၆.၆ | ၂၂ | ပဲခူး | ၆.၉ |
| ၇ | ကျိုင်းတုံ | ၇.၂ | ၂၃ | တောင်ငူ | ၆.၈ |
| ၈ | စစ်ကိုင်း | ၆.၇ | ၂၄ | ပုသိမ် | ၆.၉ |
| ၉ | ဟုမ္မလင်း | ၇.၁ | ၂၅ | မအူပင် | ၆.၆ |
| ၁၀ | ဟားခါး | ၇.၀ | ၂၆ | ဟသ်ာတ | ၆.၉ |
| ၁၁ | ညောင်ဦး | ၆.၉ | ၂၇ | မော်လမြိုင် | ၇.၂ |
| ၁၂ | မုံရွာ | ၆.၉ | ၂၈ | ဘီးလင်း | ၆.၆ |
| ၁၃ | ပျဉ်းမနား | ၇.၁ | ၂၉ | ဘားအံ | ၇.၀ |
| ၁၄ | ပြင်ဦးလွင် | ၆.၈ | ၃၀ | ကော့ကရိတ် | ၆.၇ |
| ၁၅ | ကလေးဝ | ၆.၉ | ၃၁ | ထားဝယ် | ၇.၀ |
| ၁၆ | ရန်ကုန် (ကမ္ဘာအေး) | ၆.၇ | ၃၂ | မြိတ် | ၆.၇ |
| | | | ၃၃ | ကော့သောင်း | ၆.၉ |

**ပုံ(၂)၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများ ပြပုံ။**



# ဉာဏ်ရည်တုနည်းပညာ သို့မဟုတ် အေအိုင် ဖွံ့ဖြိုးတိုးတက်လာခြင်း

❖ နီဇော်သစ်

“ကျွန်တော်တို့ဟာ အလုပ်တစ်ခုကို ဖြစ်ထွန်းအောင်လုပ်တတ်တဲ့၊ စွမ်းဆောင်ရည်ပြည့်ဝတဲ့ လူသားတွေဖြစ်တယ်။ အဲဒီလိုဖြစ်လာအောင် လုပ်ပေးထားတဲ့ အနှစ်သာရတွေကို ဆော့ဖ်ဝဲ ဒါမှမဟုတ် အယ်လ်ဂိုရစ်သမ်အဖြစ် ပြောင်းလဲလိုက်နိုင်ရင် ဘာဖြစ်မလဲ”

ထိုမေးခွန်းမှာ ဉာဏ်ရည်တုနည်းပညာကို စမလုပ်ခင် သူ့ကိုယ်သူမေးခဲ့မိသည့် မေးခွန်းဖြစ်သည်ဟု ယနေ့ခေတ်၏ အေအိုင် ရှေ့ဆောင်ဦးရွက်များထဲမှ တစ်ယောက်ဖြစ်သူ မူစတာဖာ ဆူလီမန်က ၂၀၂၃ ခုနှစ်ထုတ် The Coming Wave စာအုပ်ထဲတွင် ရေးထားသည်။ ထိုစဉ်က အေအိုင်ကုမ္ပဏီလေးတစ်ခုကို ကမ်းမမြင်လမ်းမမြင် အနေအထားတွင် စတင်ထူထောင်ခဲ့ရာမှ သူသည် ယခု မိုက်ခရိုဆော့ဖ်၏ အေအိုင် စီအီးအိုဖြစ်နေပြီ။ သို့သော် ထိုမေးခွန်းမှာ ၂၁ ရာစုတွင်မှ၊ နည်းပညာအခြေခံရှိပြီး စွန့်ဦးတီထွင်လုပ်တတ်သူ တစ်ယောက်ထံတွင်မှ ပေါ်ထွက်လာသော မေးခွန်းမဟုတ်။ အလားတူ မေးခွန်းမျိုးကို လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ရနေးဒေးကားတို့လို၊ သောမတ် ဟော့ဘ်တို့လို၊ အလန်ကျူရင်တို့လို အသိဉာဏ်ပညာရှင် အဆက်ဆက်က ထုတ်ခဲ့ကြပြီးသား။

ဗြိတိသျှ သင်္ချာပညာရှင် အလန်ကျူရင်က ၁၉၅၀ ပြည့်နှစ်ထုတ် သူ့စာတမ်း Computing Machinery and Intelligence တွင် ‘စက်တွေက တွေးနိုင်သလား’ ဟု မေးခွန်းထုတ်ခဲ့သည်။ ထိုမေးခွန်းကိုပင် ယနေ့ခေတ် ဉာဏ်ရည်တုနည်းပညာ၏ အခြေခံအုတ်မြစ်ဟု ပညာရှင်များက ယူဆထားကြသည်။ ကျူရင်ကပင် စမ်းသပ်ချက်တစ်ခုကို အဆိုပြုသည်။ သူ့စမ်းသပ်ချက်တွင် လူနှစ်ယောက်နှင့် စက်တစ်လုံး ပါဝင်သည်။ လူတစ်ယောက်က အကဲဖြတ်သူ။ သူနှင့် စက်ကြားတွင်ရော၊ သူနှင့် အခြားလူကြားတွင်ရော လက်နှိပ်စက်လိုစက်မျိုးဖြင့် စာရိုက်ပြီး ပို့နိုင်သည့် ကြားခံစက်တစ်ခုရှိမည်။ ယခုခေတ်လို ဖုန်းဖြင့် စာပို့၍ ရနေသော အချိန်အခါမျိုးတွင် ထိုသို့သောဆက်သွယ်ရေးနည်းမှာ နေ့စဉ်သုံးဖြစ်နေသော်လည်း ကျူရင်တို့ခေတ်ကမူ အနာဂတ်နည်းပညာတစ်ခု။ အကဲဖြတ်မည့်သူသည် ဘယ်သူက လူလဲ၊ ဘယ်သူက စက်လဲ မသိ။ သို့သော် အပြန်အလှန် စာပေးပို့စကားပြောရင်း လူလား စက်လား အကဲဖြတ်နိုင်မည်ဖြစ်သည်။




ထိုသို့အကဲဖြတ်နေရင်း လူလား၊ စက်လားခွဲမရတော့သည့် အနေအထားရောက်လျှင် ထိုစက်သည် စာမေးပွဲအောင်ပြီ။ ယင်းကို ကျူရင် စမ်းသပ်ချက်ဟု ခေါ်ပြီး စက်၏ အသိဉာဏ်နှင့်ပတ်သက်၍ အခြေခံအဆင့်တစ်ခုအဖြစ် သဘောထားကာ နောက်ပိုင်း သုတေသီများက ထိုစမ်းသပ်ချက်ကို ကျော်လွှန်နိုင်ရန် အသည်းအသန် ကြိုးစားခဲ့ကြသည်။

အေအိုင်နည်းပညာဆိုသည့် နယ်ပယ်တစ်ခု တရားဝင်ပေါ်ပေါက်လာသည်ကတော့ ၁၉၅၆ ခုနှစ် နွေရာသီတွင်ဟု ဆိုနိုင်သည်။ ထိုနွေရာသီတွင် ကွန်ပျူတာ သိပ္ပံပညာရှင်များဖြစ်ကြသော ဂျွန်မက္ကာသီ၊ မာဗင်မင်စကီး၊ နေသန်နီယယ် ရိုချက်စတာ၊ ကလောက်ရှန်နွန်တို့ ဦးဆောင်သည့် ဘာသာရပ်ဆိုင်ရာ ညီလာခံတစ်ခု ကျင်းပခဲ့သည်။ ထိုညီလာခံသည် စက်၏အသိဉာဏ်ကို ဖော်ထုတ်ရန် ဦးစားပေးသော ညီလာခံ။ ဒါ့တ်မောက် ညီလာခံဟု အမည်တွင်သည်။ ထိုညီလာခံတွင် အသိဉာဏ်တု သို့မဟုတ် အေအိုင်ဟု ယနေ့ခေတ် ခေါ်တွင်သော Artificial Intelligence ဆိုသည့် စကားလုံးကို မင်စကီးက စတင်အသုံးပြုခဲ့သည်။ ထိုညီလာခံမှ သုတေသီအကျော်အမော်တို့၏ ဟောကိန်းမှာ စိတ်ဝင်စားဖို့ကောင်းသည်။ “ဘယ်သင်ယူမှုမျိုးကို မဆို၊ ဒါမှမဟုတ် အသိဉာဏ်ပညာရဲ့ တခြား ဘယ်လက္ခဏာရပ်ကိုမဆို သဘောတရားအားဖြင့် တိတိပပ ဖော်ပြနိုင်တဲ့အတွက် စက်တစ်လုံးဟာ အဲဒါကိုတုအောင် လုပ်ယူလို့ရတယ်”။ ထိုခေတ် ထိုအခါက နည်းပညာများနှင့်ဆိုလျှင် အကောင်းမြင်လွန်းခြင်း သို့မဟုတ် ရည်မှန်းချက် ကြီးလွန်းခြင်းဟုပင် ဆိုနိုင်သည်။ သို့သော် ယနေ့ခေတ်တွင် ထိုစကားမှာ လွန်သည်ဟု မဆိုသာတော့ပေ။

ယခု ဆောင်းပါးအစတွင် ဖော်ပြထားသည့် ဆူလီမန်၏ မေးခွန်းထဲမှ ‘လူသားတို့ကို ယခုလို ဖြစ်လာအောင် လုပ်ပေးထားသော အနှစ်သာရ’ ဆိုသည်မှာ ထိုအသိဉာဏ်ပညာကို ဆိုလိုသည်။ ကျွန်တော်တို့ကို လူသားဟူ၍ ဖြစ်စေသည့်အချက်ထဲတွင် အသိဉာဏ်ပညာအပြင် ခံစားချက်တို့ကိုလည်း မထည့်၍မရ။ သို့သော် အသိဉာဏ်ပညာနှင့် ခံစားချက်တို့သည် လက်ရှိအချိန်ထိတော့ မတူကွဲပြားသည့်အရာနှစ်ခုအဖြစ် မြင်နေရဆဲ။ ကွဲပြားသည်က ခံစားချက်ကို သဘောတရားအားဖြင့် တိတိပပပြော၍မရ။ ဒဿနဆရာတို့က အမျိုးမျိုး ကြိုးစားခဲ့ကြသည့်တိုင် ဂန္ထဝင်၊ ခေတ်ပြိုင်၊ မော်ဒန်၊ ပို့စ်မော်ဒန် ခေတ်အဆက်ဆက်တွင် ခံစားချက်တို့ကို ပုံဖော်၍ မဆုံးနိုင်။ သို့သော် ဒါ့တ်မောက် ညီလာခံက အသိဉာဏ်ပညာ၏ မည်သည့်သဘောလက္ခဏာရပ်ကိုမဆို သဘောတရားအားဖြင့် တိတိပပဖော်ဆောင်နိုင်သောကြောင့် စက်သည် ယင်းကိုတုပနိုင်သည်ဟု ရဲရဲတင်းတင်း အဆိုပြုသည်။ ထိုအဆိုပြုချက်သည် ယနေ့ခေတ် အေအိုင်ဆိုသည့် နည်းပညာအထိ ရောက်လာအောင် သုတေသီတို့ကို အားသစ်လောင်းပေးသောစကားဆိုသည်မှာ ငြင်း၍မရပေ။ ယနေ့ခေတ် လူသား အသိဉာဏ်ပညာကို အတိုင်းအတာတစ်ခုအထိ ထည့်သွင်းထားနိုင်ပြီဖြစ်သော အေအိုင်တို့တွင် ခံစားချက်ရှိလားဆိုသည့်မေးခွန်းမှာ တစ်ကျော့ပြန် ပေါ်ထွက်လာသည်။ ထိုအကြောင်းကိုတော့ နောက်မှ သီးခြားဆွေးနွေးပါမည်။

၁၉၈၀ ပြည့်လွန်နှစ်များတွင် အရေးကြီးသော အလှည့်အပြောင်းတစ်ခု ဖြစ်လာသည်။ ဆရာသမားတို့၏ အပြောအတိုင်း လိုက်ပြောရလျှင် ပါရာဒိုင်းအရွေ့တစ်ခုဟု ဆိုနိုင်သည်။ ယင်းမှာ စက်လေ့လာသင်ယူမှုဟု ဆိုနိုင်သော Machine Learning နည်းပညာ။ စက်က ဘယ်လိုလေ့လာသင်ယူသလဲ။ ရှေ့ပိုင်းက စက်တို့သည် လူသားတို့က ရေးပေးထားသည့်ကုဒ်များအတိုင်းသာ အလုပ်လုပ်သည်။ ထိုသို့သောစက်များက ဆုံးဖြတ်ချက်ချမှတ်မှုများကို လုပ်နေသည်ဟု ထင်ရသော်လည်း တကယ်တမ်းတွင် လူသားပရိုဂရမ်ရေးသူတို့က ကြိုတင်ဆုံးဖြတ်ချက် ချပေးထားခြင်းသာ။ စက်လေ့လာသင်ယူမှုတွင်မူ ထိုသို့မဟုတ်တော့။ အယ်လ်ဂိုရစ်သမ်ချင်း မတူတော့။

ဥပမာပြောရလျှင် ထုံးတမ်းစဉ်လာ အယ်လ်ဂိုရစ်သမ်တစ်ခု၌ အခန်းတွင်းအပူချိန် ၃၀ ဒီဂရီဆဲလ်စီးယပ်ထက် ကျော်လျှင် လေအေးပေးစက်ကို ဖွင့်ပါဟု ရေးထားသည်ဆိုပါစို့။ စက်သင်ယူမှု အယ်လ်ဂိုရစ်သမ်တွင် ထိုသို့မဟုတ်။ အခန်းတွင်း အပူချိန်ဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးထားသည်။ လေအေးပေးစက် ဖွင့်လေ့ပိတ်လေ့ရှိသည့် အနေအထားတို့ကို အချက်အလက်အဖြစ် ထည့်သွင်းပေးထားသည်။ အယ်လ်ဂိုရစ်သမ်က ထိုအချက်အလက်များကို ယူသည်။ အပူချိန်ဘယ်လောက်တွင် ဖွင့်လဲ၊ ဘယ်လောက်တွင် ပိတ်လဲဆိုသည့် အချက်အလက်တို့ကို စိစစ်တွက်ချက်သည်။ ယင်းကို မှတ်သားထားပြီး အပူချိန် ဘယ်လောက်တွင် လေအေးပေးစက်ဖွင့်ရမလဲဆိုသည်ကို အယ်လ်ဂိုရစ်သမ်က ဆုံးဖြတ်သည်။ ထို့ကြောင့် နောက်ဆုံး အဆုံးအဖြတ်သည် စက်ပေါ်တွင် မူတည်သွားသည်။

ထို သဘောတရားဖြင့် တည်ဆောက်ထားသည့် ဒိဘလူးကွန်ပျူတာသည် ၁၉၉၇ ခုနှစ်တွင် ကမ္ဘာ့စစ်တုရင်ချန်ပီယံ ဂယ်ရီကက်စပါးရော့ကို အနိုင်ကစားလိုက်သည်။ ထိုပြိုင်ပွဲ၏ စာချုပ်ပါအချက်အလက်များနှင့် နောက်ပိုင်း အနန်း၏ စိန်ခေါ်မှုကို လက်မခံခြင်းလိုမျိုး အငြင်းပွားဖွယ်ကိစ္စအချို့ကို ဖယ်ထားလိုက်ပါ။ မည်သို့ပင်ဖြစ်စေ ထိုဖြစ်ရပ်သည် စက်သင်ယူမှု၏ လုပ်နိုင်စွမ်းကို အတိုင်းအတာတစ်ခုအထိ ပြသလိုက်သည်။ ယင်းမှာ ခေတ်သစ်အေအိုင်၏ ပင်မအရင်းအမြစ်တစ်ခုဖြစ်သော စက်သင်ယူမှု သဘောတရားကို စတင်ကိုင်တွယ်လာနိုင်ခြင်းဖြစ်သည်။ ကျန်အပိုင်းများကို နောက်အပတ်တွင် ဆက်လက်ဆွေးနွေးသွားပါမည်။

## ကင်ဆာဆဲလ်များကို တိုက်ဖျက်နိုင်မည့် ဆေးဝါးနည်းလမ်းသစ်တစ်ခု တွေ့ရှိ



ကင်ဆာရောဂါနှင့်ပတ်သက်၍ သုတေသနအမျိုးမျိုးပြုလုပ်လျက်ရှိကြရာ ယခုတစ်ကြိမ်တွင် ကင်ဆာကိုဖြစ်စေသော အာရ်အင်န်အေတို့ကိုရှာဖွေပြီး ဖယ်ရှားပစ်နိုင်မည့် ဆေးဝါးနည်းလမ်းသစ်တစ်ခုကို တွေ့ရှိကြောင်း ဂျေရုဆလင်ရှိ ဟီဘရူးတက္ကသိုလ်မှ သုတေသီအချို့က စာတမ်းရေးသားဖော်ပြခဲ့ကြသည်။

သူတို့ တွေ့ရှိသည့်နည်းလမ်းမှာ ကင်ဆာဆဲလ်တို့၏ မှီခိုရာဖြစ်သော တာရာ(TERRA)ဟု ခေါ်သည့် အာရ်အင်န်အေ မော်လီကျူးကို ရှာဖွေပြီး ဖယ်ရှားပစ်နိုင်သည့် ဆေးဝါးမော်လီကျူးတစ်မျိုးဖြစ်သည်။ ရီဘိုတက်ဟု အမည်ပေးထားသည့် နည်းလမ်းသစ်တစ်မျိုးကို အသုံးပြုခြင်းဖြင့် ဆေးဝါးဒြပ်ပေါင်းအသစ်သည် ဆဲလ်များထဲမှ တာရာမော်လီကျူးကို ရှာဖွေဖယ်ရှားပြီး ကျန်မော်လီကျူးများကိုမူ ဘာမှမဖြစ်စေဘဲ ဒီအတိုင်းဆက်ရှိနေစေမည်ဖြစ်သည်။

တာရာမော်လီကျူးဆိုသည်မှာ ဒီအင်န်အေကို ကာကွယ်ပေးထားသည့် ခရိုမိုဆုမ်းကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အကူအညီပေးသည့် မော်လီကျူးဖြစ်သည်။ ဆဲလ်၏ တည်ငြိမ်မှုကိုလည်း ထိန်းသိမ်းပေးသည်။ တာရာမော်လီကျူးများ ပျက်ယွင်းသွားချိန်တွင် ပုံမှန်ဆဲလ်သေဆုံးမှုနှင့် ဆဲလ်ပွားမှုလုပ်ငန်းစဉ်များကို ဝင်ရောက်နှောင့်ယှက်တော့သည်။ ကင်ဆာရောဂါအချို့၊ အထူးသဖြင့် ပြင်းထန်သည့် ဦးနှောက်ကင်ဆာလို၊ အရိုးကင်ဆာလို ကင်ဆာများတွင် ကင်ဆာဆဲလ်များက တာရာမော်လီကျူး ပျက်ယွင်းမှုကို အမြတ်ထုတ်ပြီး ဆက်လက်ပွားများကြီးထွားကြသည်။

“ကျွန်တော်တို့က ပျက်နေတဲ့ အာရ်အင်န်အေကို ပဲ့ထိန်းဒုံးလို လက်နက်မျိုးနဲ့ ပစ်ခတ်နိုင်မယ့် ကိရိယာတစ်ခုကို ဖန်တီးခဲ့တာပါ။ အဲဒီကိရိယာက ကင်ဆာဆဲလ်ထဲက တာရာမော်လီကျူးကို တွေ့အောင်ရှာပြီး ဆဲလ်ရဲ့ကောင်းမွန်တဲ့ အစိတ်အပိုင်းတွေကို မထိခိုက်စေဘဲ ဖျက်ဆီးပစ်မှာဖြစ်ပါတယ်”ဟု ထိုသုတေသနကို ဦးဆောင်သော ဒေါက်တာရာဖေးအိုင် ဘင်ဟာမူက ရှင်းပြသည်။

ယင်းမှာ သိပ္ပံပညာရှင်များအနေဖြင့် အခြားသော ဆင်တူအာရ်အင်န်အေများကို မထိခိုက်စေဘဲ တာရာ အာရ်အင်န်အေကိုသာ တိတိကျကျ ရှာဖွေဖျက်ဆီးနိုင်သည့် မော်လီကျူးကို ပထမဆုံးအကြိမ် ဖန်တီးနိုင်ခြင်းဖြစ်သည်။ ကုသရခက်သည့် ကင်ဆာဆဲလ်နှစ်မျိုးဖြင့် ဓာတ်ခွဲခန်းအတွင်း စမ်းသပ်ချိန်တွင် ထိုကုသမှုက တာရာပါဝင်နှုန်းကို လျော့ကျသွားစေပြီး ကင်ဆာဆဲလ်ပွားနှုန်းကို နှေးသွားစေခဲ့သည်။

“ဒါက ပရိုတင်းတွေအပေါ်မှာပဲ အာရုံစိုက်မနေကြဖို့ ဆေးဝါးနဲ့ ပတ်သက်ပြီး နည်းလမ်းသစ်တစ်ခု ပြလိုက်တာလည်း ဖြစ်ပါတယ်။ အခုဆိုရင် ကင်ဆာကို ထိန်းချုပ်ထားတဲ့ အာရ်အင်န်အေကို ဘယ်လိုပစ်မှတ်ထားရမလဲဆိုတာ ကျွန်တော်တို့ လေ့လာနိုင်ပါပြီ။ တစ်ချိန်က လက်လှမ်းမမီနိုင်ဘူးလို့ ထင်ခဲ့တဲ့ တံခါးတစ်ချပ်ကို ဖွင့်လိုက်နိုင်တာပါ”ဟု ဒေါက်တာဘင်ဟာမူက ဆက်လက်ပြောကြားခဲ့သည်။


Ref: scitechdaily.com




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဒရုန်းစစ်ဆင်ရေး




Dr. Dave Sloggett ရေးသားသည့် Drone Warfare စာအုပ်ကို စိုးညွန့် ဘာသာပြန်ဆိုရေးသားထားခြင်းဖြစ်သည်။

စာအုပ်တွင် အခန်း(၁) မိတ်ဆက်ခြင်း၊ အခန်း(၂) အစောပိုင်းကာလများ၊ အခန်း (၃) စစ်ပွဲကာလများ၊ အခန်း (၄) ပစ်မှတ်လေ့ကျင့်ခန်း၊ အခန်း (၅) ထောက်လှမ်းရေးသတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် ကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များအား ထိန်းသိမ်းထားခြင်း၊ အခန်း(၆) သားရဲတိရစ္ဆာန်များကဲ့သို့သော ဗီဇစရိုက်၊ အခန်း (၇) အနာဂတ်ဆီသို့၊ အခန်း (၈) ခြုံငုံသုံးသပ်ခြင်းတို့အပြင် နောက်ဆက်တွဲ (က)တွင် ပါကစ္စတန်တွင် မောင်းသူမဲ့လေယာဉ်များ တိုက်ခိုက်မှုအပေါ် စိစစ်တွေ့ရှိချက်များ၊ နောက်ဆက်တွဲ (ခ)တွင် ယီမင်နိုင်ငံတွင် မောင်းသူမဲ့လေယာဉ်များ တိုက်ခိုက်မှုအပေါ် စိစစ်တွေ့ရှိချက်များ၊ နောက်ဆက်တွဲ (ဂ)တွင် ပါကစ္စတန်နိုင်ငံတွင်ရှိသည့် NATO ရေနံတင်ယာဉ်များအပေါ် လက်နက်တပ်ဆင်ထားသည့် မောင်းသူမဲ့လေယာဉ်များ၏ တိုက်ခိုက်မှုနှင့် ထိုတိုက်ခိုက်မှုများအကြား ဆက်နွှယ်မှုကို လေ့လာခြင်းတို့ ပါရှိသည်။

ယနေ့ခေတ်ကာလတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်တွင် ဩဇာခံအဖြစ်ထားရှိလိုခြင်းကြောင့် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကိုအသုံးပြု၍ ကိုယ်စားပြုစစ်ပွဲ (Proxy Warfare) များဖြင့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူ စစ်သွေးကြွများကို နောက်ကွယ်မှထောက်ပံ့ပေးလျက်ရှိနေချိန်တွင် ဤဒရုန်းစစ်ဆင်ရေးဘာသာပြန်စာအုပ်သည် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတများ ပိုမိုရရှိစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း စာရေးသူက ဆိုထားသည်။

စာအုပ်ကို ဦးကျော်ဇော‌ဦး၊ အောင်ကျူးမီဒီယာ ဖုန်း ၀၉၅၁၇၆၉၃၆၊ အမှတ် (၁၂၉) သခင်စံရွှေလမ်း၊ (၁၁) ရပ်ကွက်၊ ဒဂုံအရှေ့၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားသည်။

## နှစ် (၁၀၀)ပြည့် ထောက်ကြံ့အမျိုးသားကျောင်းသမိုင်း (၁၉၂၅-၂၀၂၅)




ငွေကျော်(မဟာဝိဇ္ဇာ) ရေးသားသည့် နှစ် (၁၀၀) ပြည့် ထောက်ကြံ့အမျိုးသားကျောင်းသမိုင်း (၁၉၂၅-၂၀၂၅) စာအုပ် ထွက်ရှိလာသည်။

စာရေးသူသည် ထောက်ကြံ့အမျိုးသားကျောင်း (ယခု အထက-၃ မင်္ဂလာဒုံ)တွင် ၁၉၆၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာများကို တက်ရောက်ပညာသင်ယူခဲ့သည့် ကျောင်းသားဟောင်းတစ်ဦးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင်/မြို့နယ်၊ ထောက်ကြံ့မြို့ (ယခင်ထောက်ကြံ့ရွာ)ရှိ အထက(၃) မင်္ဂလာဒုံ၏ ၁၉၂၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နှစ် (၁၀၀) ပြည့် ရာပြည့်ရတုကျောင်းသမိုင်းကို အသေးစိတ်ရေးသားဖော်ပြထားသည်။

မြန်မာ့သမိုင်းတွင် ရန်ကုန်တက္ကသိုလ်ရာပြည့်၊ ရန်ကုန်မြို့မကျောင်းရာပြည့်၊ မန္တလေးတက္ကသိုလ်ရာပြည့်တို့သည် အထင်ကရ ထင်ရှားသကဲ့သို့ ထောက်ကြံ့အထက (၃) ရာပြည့်ကိုလည်း သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူလိုက်ပြီဖြစ်သည်။ အတိတ်ကာလနယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးလှုပ်ရှားမှုနှင့် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုစိတ်ဓာတ်ကို မွေးဖွားပေးခဲ့သည့် အမျိုးသားပညာရေး၊ အမျိုးသားကျောင်းများ၏ သမိုင်းတန်ဖိုးကို သိရှိတန်ဖိုးထားပြီး မမေ့မလျော့ အစဉ်အမှတ်ရနေစေရန်နှင့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်ထက်မြက်နေစေရန် ရည်ရွယ်၍ ရေးသားဖော်ပြထားသဖြင့် အများပြည်သူများ ဖတ်ရှုလေ့လာသင့်သောစာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရွှေအိမ်စံစာပေ၊ ဖုန်း ၀၉၇၉၅၇၀၇၂၈၇၊ ၀၉၄၄၃၉၅၀၆၆၂၊ အမှတ် (၃)၊ ဦးဘသင်းလမ်း၊ ပဲခူးလမ်းရပ်ကွက်၊ ထောက်ကြံ့မြို့၊ ရန်ကုန်တိုင်းဒေသကြီးမှ တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဒလမြို့နယ်တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက်၌ ဒလမြို့နယ် တရားရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တရားလွှတ်တော်တရားသူကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်တို့က ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တရားရုံးသစ်အဆောက်အအုံ အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ဒလမြို့နယ်တရားရုံးအဆောက်အအုံသစ်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ ခွင့်ပြုရန်ပုံငွေ စုစုပေါင်းကျပ်သန်း ၂၆၂၂ ဖြင့် Diamond City ကုမ္ပဏီလီမိတက်က အလျားပေ ၉၀ x အနံပေ ၇၀၊ လေးထပ်သံကူကွန်ကရစ်အဆောက်အအုံအား တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

**ဥသာ**

**ဓာတ်ပုံ - ကိုလွင်**

## ချောင်းဦးမြို့ပြည်သူ့ဆေးရုံကြီး၌ မွေးကင်းစမှ အသက် တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

**ချောင်းဦး နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ပြည်သူ့ဆေးရုံကြီးတွင် နိုဝင်ဘာ ၇ ရက်က မွေးကင်းစမှ အသက် တစ်နှစ်ခွဲ ကလေးငယ်များအား ပုံမှန်ထိုးပေးနေသည့် တိုးချဲ့ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေး၍ မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

ချောင်းဦးမြို့တွင် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ၂၀၂၂ နှစ် နှစ်ဦးပိုင်းမှစတင်ပြီး မြို့နယ်ဆရာဝန် ဒေါက်တာကျော်နိုင်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန သားဖွားဆရာမများ၊ ကြီးကြပ်-၂ များက ထိုးနှံပေးနိုင်ရေး ဆောင်ရွက်ခဲ့သည်။ ထို့နောက် လစဉ် လဆန်း ၇ ရက်နေ့တိုင်း ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် စုရပ်ပြုလုပ်ပြီး ထိုးနှံပေးခဲ့ရာ တစ်လထက်တစ်လ လူသိများလာပြီး ကျေးရွာအုပ်စုများမှ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ လာရောက်ထိုးနှံကြသောကြောင့် လလယ်ပိုင်း ၂၁ ရက်တွင် ထပ်တိုးထိုးနှံပေးနေကြောင်း သိရသည်။

ဘီစီဂျီ၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဝက်သက်ဂျိုက်သိုး၊ ငါးမျိုးစပ်ကာကွယ်ဆေးများကို ကလေးငယ် ၃၀၁ ဦးအား ထိုးနှံပေးခဲ့ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင် ၁၂ ဦးကို ကျန်းမာရေးစစ်ဆေး၍ ကိုယ်ဝန်ဆောင်အားဆေးပေးပြီး မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင် (ပြန်/ဆက်)**



## တပ်ကုန်းမြို့၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၉**

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၃ နာရီက အဆိုပါရပ်ကွက် အလယ်တန်းကျောင်း အားကစားကွင်း၌ စတင်ဖွင့်လှစ်ယှဉ်ပြိုင်သည်။



အဆိုပါ ဘောလုံးပြိုင်ပွဲအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူ၊ အဖွဲ့ဝင် ရဲမှူးမြစိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး Golden Brother FC အသင်းနှင့် Team Alli အသင်းတို့က ကွင်းဖွင့် ယှဉ်ပြိုင်ကစားခဲ့ရာ Golden Brother FC အသင်းက Team Alli အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ဘုရင့်နောင်ရပ်ကွက်မှ အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး တတိယလုပွဲကို နိုဝင်ဘာ ၂၈ ရက်၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့



# ၁၀ ပွဲဆက်တိုက် အနိုင်ရတဲ့စံချိန်နဲ့ ရှစ်ပွဲဆက်ပေးဂိုးမရှိစံချိန် ရပ်တန့်ခဲ့ရတဲ့ အာဆင်နယ်

အာဆင်နယ်အသင်းဟာ နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ဆန်းဒါးလန်းအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၁)မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင် ဆန်းဒါးလန်းအသင်းက ပထမပိုင်းပွဲကစားချိန် ၃၆ မိနစ်မှာ ဘယ်လာ့ဒ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး အာဆင်နယ်အသင်းဟာ ဒုတိယပိုင်း ၅၄ မိနစ်မှာ ဆာကာနဲ့ ၇၄ မိနစ်မှာ ထရော့ဆက်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့လို့ နှစ်ဂိုး-တစ်ဂိုးနဲ့ ပြန်လည် ဦးဆောင်နိုင်ခဲ့ပေမယ့် ဆန်းဒါးလန်းအသင်းက သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို ၄ မိနစ်မှာ ဘရော့ဘေးရဲ့ သွင်းဂိုးထပ်မံရရှိခဲ့တာကြောင့် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ဆန်းဒါးလန်းအသင်းနဲ့ မယှဉ်ပြိုင်မီ ပြိုင်ပွဲစုံ ၁၀ ပွဲဆက် အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ပေမယ့် ဆန်းဒါးလန်းအသင်းနဲ့ပွဲစဉ်မှာ သရေရလဒ် ထွက်ပေါ်ခဲ့တာကြောင့် ၁၀ ပွဲဆက်တိုက် အနိုင်ရရှိခဲ့တဲ့စံချိန် ရပ်တန့်ခဲ့ရပြီ ဖြစ်ပါတယ်။

ဒါ့ပြင် အာဆင်နယ်အသင်းဟာ စက်တင်ဘာ ၂၈ ရက်က နယူးကာဆယ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ပေးဂိုးတစ်ဂိုးပေးခဲ့ရပြီးနောက်ပိုင်း ရှစ်ပွဲဆက် ပေးဂိုးမရှိစံချိန်တင်ခဲ့ပေမယ့် လက်ရှိအချိန်မှာ အဆိုပါစံချိန်လည်း ရပ်တန့်ခဲ့ရပြီ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ၂၀၂၃ ခုနှစ် မေလနောက်ပိုင်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ တန်းတက်အသင်းကို အနိုင်မကစားနိုင်ခဲ့ခြင်းမှာ ပထမဆုံးအကြိမ်လည်း ဖြစ်ပါတယ်။

ပရီမီယာလိဂ်ကို ယခုဘောလုံးရာသီမှာ တန်းတက်လာခဲ့တဲ့ ဆန်းဒါးလန်းအသင်းကတော့ လက်ရှိပရီမီယာလိဂ်ပွဲစဉ်(၁၁)အပြီးမှာ နှစ်ပွဲသာ ရှုံးပွဲကြုံတွေ့ထားပြီး ရမှတ် ၁၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၄)နေရာမှာ ယာယီရပ်တည်နေတာ ဖြစ်ပါတယ်။

ဒါ့ပြင် ဆန်းဒါးလန်းအသင်းအနေနဲ့ အမှတ်ပေးဇယားထိပ်က အာဆင်နယ်အသင်းကို အိမ်ကွင်းမှာ သရေကစားနိုင်ခဲ့တာကြောင့် ယခုဘောလုံးရာသီ အိမ်ကွင်းရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ဆန်းဒါးလန်းအသင်းနဲ့ ပွဲစဉ်မှာ သရေတစ်မှတ်သာရရှိခဲ့ပေမယ့် ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၂၆ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နေတာဖြစ်ပါတယ်။

## မိုင်နူးကို ခေါ်ယူရန် ကွန်တီအား အမ်တွန်မီနေး တိုက်တွန်း




နာပိုလီအသင်း ကွင်းလယ်ကစားသမား အမ်တွန်မီနေးဟာ မန်ယူအသင်း ကစားသမား မိုင်နူးကို အီတလီမြေသို့ ခေါ်ယူရန် နာပိုလီအသင်းနည်းပြ ကွန်တီအား တိုက်တွန်းခဲ့ပါတယ်။

အမ်တွန်မီနေးဟာ လူကာကူ၊ ဟွိုက်လန်းတို့နဲ့အတူ လက်ရှိ အီတလီစီးရီးအေချန်ပီယံ နာပိုလီအသင်းမှာ ခြေစွမ်းပြကစားနေတဲ့ မန်ယူအသင်း ကစားသမားဟောင်းတွေထဲက တစ်ဦးလည်းဖြစ်ပါတယ်။

စကော့တလန်ကွင်းလယ်ကစားသမား အမ်တွန်မီနေးဟာ ပြီးခဲ့တဲ့ နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းက မန်ယူအသင်းကနေ နာပိုလီအသင်းဆီ ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- နော့ဝှစ်ချ်အသင်းဟာ အိမ်ကွင်းခုနစ်ပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့ခဲ့ပြီးနောက် နည်းပြလီယန်မန်းနင်းကို အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။
- **ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ဟာ ဂျူဗင်တပ်အသင်းမှ ကနေဒါတိုက်စစ်မှူး ဂျိုနက်သန်ဒေးဗစ်ကို ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန် စောင့်ကြည့်လျက်ရှိတယ်လို့ သိရပါတယ်။**
- ရီးယဲလ်မက်ဒရစ်အသင်းဟာ အာဆင်နယ်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ပေါင်သန်း ၂၂၀ နဲ့ခေါ်ယူရန် ပြင်ဆင်လျက်ရှိပါတယ်။
- **လီဗာပူးအသင်းဟာ အင်တာမီလန်အသင်းမှ အီတလီကြယ်ပွင့် ဘတ်စတိုနီကို ပေါင် ၈၈ သန်းဖြင့် ကမ်းလှမ်းရန် အသင့်ရှိနေတယ်လို့ ဆိုပါတယ်။**
- ဘိုင်ယန်မြူးနစ်အသင်းဟာ လီဗာပူးအသင်းမှ ပြင်သစ်နောက်တန်းကစားသမား ကိုနာတေးကို စာချုပ်ချုပ်ဆိုခေါ်ယူရန် ချိတ်ဆက်မှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။
- **လီဗာပူးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ နယူးကာဆယ်အသင်းမှ နယ်သာလန် နောက်တန်းကစားသမား ဘော့မန်းအား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။**

# အဲဗာတန်အသင်း သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှု အဆုံးသတ် ဖူလ်ဟမ်အသင်း အဝေးကွင်း ငါးပွဲဆက် ရှုံးပွဲကြုံ

အဲဗာတန်အသင်းဟာ နိုဝင်ဘာ ၈ ရက်ညပိုင်းက ဖူလ်ဟမ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှု အဆုံးသတ်ခဲ့ပြီ ဖြစ်ပါတယ်။

အဲဗာတန်အသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ပွဲစဉ်မှာ အဲဗာတန်အသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဗာတန်အသင်းအတွက် သွင်းဂိုးတွေကို ဂူယီနဲ့ မီခေးလ်ကီယန်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့လို့ အမှတ်ပေးဇယားအဆင့်(၁၁)နေရာတက်လှမ်းလာခဲ့တာ ဖြစ်ပါတယ်။

ဖူလ်ဟမ်အသင်းကတော့ အဲဗာတန်အသင်းကို ရှုံးနိမ့်ခဲ့လို့ အဝေးကွင်းငါးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရပြီဖြစ်ပြီး အမှတ်ပေးဇယားမှာလည်း အဆင့်(၁၅)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၄ ရက်မှာ မန်ယူအသင်းရဲ့ အိမ်ကွင်းကို သွားရောက်ကစားရမှာဖြစ်ပြီး ဖူလ်ဟမ်အသင်းကတော့ နိုဝင်ဘာ ၂၂ ရက်မှာ ဆန်းဒါးလန်းအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်ပါတယ်။



# ဘိုင်ယန်မြူးနစ်အသင်းရဲ့ ၁၇ ပွဲဆက် နိုင်ပွဲရရှိရေးမျှော်လင့်ချက် ပျက်ခဲ့ရပြီဖြစ်

ဘိုင်ယန်မြူးနစ်အသင်းဟာ ယူနီယံဘာလင်အသင်းနဲ့ ပွဲစဉ်မတိုင်မီ ပြိုင်ပွဲစုံ ၁၆ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာကြောင့် ၁၇ ပွဲဆက် နိုင်ပွဲရရှိရေး မျှော်လင့်ထားတာဖြစ်ပါတယ်။

ဒါပေမဲ့ နိုဝင်ဘာ ၈ ရက်ညပိုင်းက ယူနီယံဘာလင်အသင်းနဲ့ ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်သာထွက်ပေါ်ခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းရဲ့ ၁၇ ပွဲဆက် နိုင်ပွဲရရှိရေးမျှော်လင့်ချက်ပျက်ခဲ့ရပြီ ဖြစ်ပါတယ်။

### သွင်းယူ

အဲဒီပွဲစဉ်မှာ ယူနီယံဘာလင်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးစလုံးကို ဒိုခီ တစ်ဦးတည်းက သွင်းယူပေးခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ လူးဝစ်ဒီယက်ဇ်က တစ်ဂိုး၊ ဟယ်ရီကိန်းက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ လူးဝစ်ဒီယက်ဇ်ဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ နောက်ဆုံးနှစ်ပွဲမှာ သုံးဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ယူနီယံဘာလင်အသင်းကို သရေသာကစားနိုင်ခဲ့ပေမယ့် ဂျာမန်ဘွန်ဒက်လီဂါအမှတ်ပေးဇယားမှာတော့ ဒုတိယနေရာက လိုက်ပ်ဇစ်အသင်းကို ခြောက်မှတ်ဖြတ်ကာ ဇယားထိပ်မှာ ဆက်လက်ဦးဆောင်နေတာဖြစ်ပါတယ်။



ငွေကြယ် - ရေးသားသည်

# ကမ္ဘာပေါ်တွင် ဆောင်ရွက်နေသည့် လေထုညစ်ညမ်းမှုလျှော့ချရေး

**စိုးသူရ**

**ကမ္ဘာကြီးတွင် နေ့စဉ်နှင့်အမျှ လူဦးရေတိုးတက်လာသည်နှင့်အညီ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်ကာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ဖြစ်လာသည်ကို တွေ့ရှိရသည်။ ကမ္ဘာပေါ်တွင် ထွန်းကားလာသည့် စက်မှုလုပ်ငန်းများသည်လည်း လေထုညစ်ညမ်းမှုများဖြစ်စေသည့် အခြေခံအကြောင်းတရားများဖြစ်သည်။ ထို့ကြောင့် လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများအကြား အတူလက်တွဲ၍ လေထုညစ်ညမ်းမှုလျှော့ပါးရေးကို အလေးထားဆောင်ရွက်လာကြသည်။**

စက်မှုလုပ်ငန်းများနှင့် ယာဉ်များမှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဓာတ်ငွေ့များသည် လူသားများ၊ အပင်များ၊ သက်ရှိများ၏ အသက်ရှင်ရပ်တည်မှုကို ထိခိုက်စေခဲ့ကြောင်း တွေ့ရှိရသည်။ လေထုညစ်ညမ်းမှုကြောင့် ပန်းနာရင်ကျပ်ကဲ့သို့သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများနှင့် အခြားရောဂါများဖြစ်ပွားမှုမြင့်တက်လာခြင်းကလည်း လေထုညစ်ညမ်းမှုလျှော့ချရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။ ကားများမှထွက်ရှိသည့် ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့သည် လေထုညစ်ညမ်းမှုအပြင် လူသားများ၏သွေးအတွင်း အောက်ဆီဂျင်ရောက်ရှိမှုကို ဟန့်တားစေပြီး နှလုံးနှင့် ဦးနှောက်သို့ အောက်ဆီဂျင်ရောက်ရှိမှု လျော့နည်းစေကာ လူသားများ၏ ကျန်းမာရေးကို ထိခိုက်စေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာချက်များအရ ကမ္ဘာ့လူသားများ၏ ၉၉ ရာခိုင်နှုန်းသည် မသန့်ရှင်းသည့်လေကို ရှူရှိုက်နေရကာ နှစ်စဉ် ကမ္ဘာ့လူသား ၁၃ သန်းသည် လေထုညစ်ညမ်းမှုအပါအဝင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် သေဆုံးနေရကြောင်း တွေ့ရှိရသည်။

လေထုညစ်ညမ်းမှုသည် ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးကွဲများ ဆုံးရှုံးမှုကိုဖြစ်စေကာ ကမ္ဘာတစ်ဝန်းရှိ လူ ၁၀ ဦးတွင် ကိုးဦးသည် အလွန်အကျွံညစ်ညမ်းသောလေကို ရှူရှိုက်နေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

ကမ္ဘာပေါ်တွင် ရုပ်ကြွင်းလောင်စာသုံးစွဲမှုများလာခြင်းကလည်း လေထုညစ်ညမ်းမှုကိုဖြစ်စေသည့် အခြေခံအချက်တစ်ချက်ဖြစ်သည်။

ထို့ပြင် သစ်ရွက်များ၊ ပလတ်စတစ်များကို စည်းကမ်းမဲ့မီးရှို့ခြင်းနှင့် တောင်ယာများကို စည်းကမ်းမဲ့ မီးရှို့ခြင်းတို့ကြောင့်လည်း လေထုညစ်ညမ်းမှုကိုဖြစ်စေကာ ကမ္ဘာကြီး၏သက်တမ်းကို တိုစေကြောင်း တွေ့ရှိရသည်။ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများ၌ လေထုညစ်ညမ်းမှုလျှော့ချရေး ဆောင်ရွက်ရာတွင် ဉာဏ်ရည်တုနည်းပညာကို သုံးစွဲလာသည်။ စပိန်နိုင်ငံဘာစီလိုနာတွင် လေထုညစ်ညမ်းမှုကိုဖြစ်စေသည့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လေထုထဲတွင်မည်မျှရောက်ရှိနေကြောင်း ဆန်းစစ်နိုင်သည့်ဉာဏ်ရည်တုနည်းပညာကိရိယာတစ်ခုကို တီထွင်ခဲ့သည်။



**ဆိုလာစွမ်းအင်ထုတ်လွှတ်ရေး တွင်ကျယ်စွာဆောင်ရွက်လာ**

လေထုညစ်ညမ်းမှု လျှော့ချရေးဆောင်ရွက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာစွမ်းအင်ထုတ်လွှတ်ရေးကို ကမ္ဘာ့နိုင်ငံများက တွင်ကျယ်စွာဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့နိုင်ငံများရှိ ဒေသအသီးသီးတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်လွှတ်ခြင်းသည် ရုပ်ကြွင်းလောင်စာအားမှီခိုခြင်းမှ ကင်းလွတ်စေကာ လေထုညစ်ညမ်းမှုကိုလျော့ကျစေကြောင်း တွေ့ရှိရသည်။ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများ၌ လေထုညစ်ညမ်းမှုလျှော့ပါးရေးဆောင်ရွက်ရာတွင် လျှပ်စစ်ကားသုံးစွဲရေးသည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများတွင် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်သည့် လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းများကို ဆုကြေးများပေးခြင်းဖြင့် မြှင့်တင်ဆောင်ရွက်နေသည်။ လျှပ်စစ်ကားများသုံးစွဲခြင်းဖြင့် လေထုညစ်ညမ်းမှုကို တားဆီးနိုင်ပြီး ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချနိုင်သည်။ ၂၀၂၄ ခုနှစ်အတွင်း လေ့လာချက်များအရ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် လျှပ်စစ်ဘတ်စ်ကား ၁၃၀၀၊ တောင်ကိုရီးယားတွင် လျှပ်စစ်ဘတ်စ်ကား ၁၀၀၀ စသည်ဖြင့် အသီးသီးပြေးဆွဲကာ လေထုညစ်ညမ်းမှုကိုလျှော့ချနေကြောင်း တွေ့ရှိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လေထုညစ်ညမ်းမှုဖြစ်စေသည့် ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျှော့ချရေးအတွက် စားအုန်းဆီမှထုတ်လုပ်သည့် ဇီဝလောင်စာကို ရထားပြေးဆွဲရာတွင် အသုံးပြုလာသည်။ ထို့ပြင် ကားများတွင်လည်း ၎င်းလောင်စာဆီကို သုံးစွဲလာကြပြီး အောင်မြင်မှုရရှိနေသည်ကို တွေ့ရှိရသည်။

ကမ္ဘာ့နိုင်ငံများရှိမြို့များစွာတွင် လေထုအရည်အသွေး တိုးတက်ကောင်းမွန်စေရန်အတွက် လေထုညစ်ညမ်းစေသည့်ဓာတ်ငွေ့များ ထုတ်လွှတ်မှုနည်းသောဇုန်များကိုလည်း သတ်မှတ်ထားရှိရာ ဥရောပဒေသတွင် ပါရီနှင့် မီလန်အပါအဝင် ၎င်းအစီအစဉ်ကို ဆောင်ရွက်နေသည့် မြို့ပေါင်း ၃၂၀ ရှိသည်ဟု သိရသည်။

ကမ္ဘာ့နိုင်ငံများမှ အစိုးရများနှင့် ပတ်ဝန်းကျင်ဆိုင်ရာအေဂျင်စီများသည် မော်တော်ယာဉ်များအတွက် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုစံနှုန်းများ သတ်မှတ်သည့်လုပ်ငန်းတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် လေထုညစ်ညမ်းမှုလျှော့ချရေးကို ဆောင်ရွက်နေကြောင်း တွေ့ရှိရသည်။

ကမ္ဘာကြီးသည် လေထုညစ်ညမ်းမှုထိန်းသိမ်းရေးကို စနစ်တကျဆောင်ရွက်ခြင်းမရှိပါက ၂၁၀၀ ပြည့်နှစ်တွင် လေထုအရည်အသွေးများကျဆင်းကာ လေထုညစ်ညမ်းမှုများ အများအပြားဖြစ်လာမည်ဖြစ်ကာ ကမ္ဘာကြီး၏သက်တမ်းကို လျှော့စေမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

လေထုညစ်ညမ်းမှုလျှော့ချရေးသည် ကမ္ဘာကြီးသက်တမ်းရှည်ရေးအတွက် အရေးကြီးသည့် ဆောင်ရွက်ချက်ဖြစ်ရာ ၎င်းလုပ်ငန်းအောင်မြင်ရေးအတွက် ကမ္ဘာ့နိုင်ငံများပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကား – Reduce air pollution to shape a healthy environment GNLM**

---

**■ အာရှအမျိုးသမီးမှ**

ယွန်းဝတီလှိုင်၏ ကန်ချက်ကို ဆူဝမ်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ နောက်ပိုင်းတွင် ဆူဝမ်အသင်းက ခြေအသာဖြင့် ဖိကစားရာ အား/ကာသိပ္ပံအသင်းက ဂိုးမပေးရရေး ဦးစားပေးကစားသော်လည်း ပထမပိုင်းပြီးခါနီးအထိသာ တောင့်ခံနိုင်ခဲ့သည်။ ဆူဝမ်အသင်းအတွက် အနိုင်ဂိုးများကို ၄၅+၅ မိနစ်တွင် မီလီနင်ဟာ၊ ၅၆ မိနစ်တွင် နီရှီကာဝါ၊ ၅၉၊ ၇၄ မိနစ်တွင် ဆောင်ဂျီယွန်း၊ ၈၃ မိနစ်တွင် ဆိုးယာဂျင်တို့က သွင်းယူခဲ့သည်။

အုပ်စု (C) အခြားပွဲတွင် ဂျပန်ကလပ် တိုကျိုဗာဒီအသင်းက မြောက်ကိုရီးယားကလပ် နာဂိုရမ်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

**ယှဉ်ပြိုင်ကစားရမည်**

အား/ကာသိပ္ပံအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် ဂျပန်ကလပ် တိုကျိုဗာဒီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

---

**❂ နိုင်ငံတကာမှ**

ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသော အားကစားသမားများအား International Karate Organization Myanmar(IKO)မှ တာဝန်ရှိသူများက ဆုတံဆိပ်များ ချီးမြှင့်ကြသည်။

"ဒီလိုမျိုးပြိုင်ပွဲတွေကို ကျင်းပခြင်းအားဖြင့် ကလေးတွေက အဓိကရသွားတာတော့ စည်းကမ်းပိုင်းပါ။ ပထမဦးဆုံးကတော့ ကိုယ့်ကိုကိုယ် Control လုပ်ရမယ်။ နောက် စိတ်ရောကိုယ်ရော နစ်ပြီး လုပ်ဖို့၊ နောက်တစ်ခုက ရိုသေလေးစားမှု၊ အာရုံစူးစိုက်မှု၊ ပြီးတော့ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်း၊ စည်းကမ်းနဲ့ ဖွဲ၊ လုံ့လ၊ ဝီရိယအပိုင်းပါ။ ဒီလိုပြိုင်ပွဲတွေ လုပ်အားဖြင့် ကလေးတွေဟာ ဒါတွေကို နားလည်လာမယ်။ ဆုရဖို့အတွက်တင်မကပါဘူး။ ဒီပြိုင်ပွဲကနေတစ်ဆင့် နိုင်ငံတကာပြိုင်ပွဲတွေအထိ တက်လှမ်းနိုင်မှာဖြစ်ပါတယ်” ဟု International Karate Organization Myanmar(IKO) ၏ မြန်မာနိုင်ငံ တာဝန်ခံ ဦးမင်းလွင်က ပြောသည်။

ယင်းပြိုင်ပွဲသည် တတိယအကြိမ်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ သင်တန်းများမှ အသင်း ၁၃ သင်းပါဝင်ပြီး ကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**လင်းရာမ**

---

## သထုံရွှေစာရံစေတီတော်မြတ်ကြီး တန်ဆောင်တိုင်ဆွမ်းကြီးလောင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**သထုံ နိုဝင်ဘာ ၉**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး၏ ၁၃၈၇ ခုနှစ် မြို့လုံးကျွတ် တန်ဆောင်တိုင် ဆွမ်းကြီးလောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းက စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးတို့မှ ကြွရောက်တော်မူလာကြသည့် သံဃာတော်နှင့် သီလရှင်များအား အလှူရှင်များက ဆွမ်းဆက်ကပ်ကြသည်။



ဆွမ်းကြီးလောင်းပွဲတော်တွင် သထုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် တာဝန်ရှိသူများက ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပင့်ဆောင်ကြကာ စေတီတော်မြတ်၏ နာယက ဆရာတော်ကြီး ကိုးပါးဦးဆောင်သည့် သထုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၅၀ နှင့် သီလရှင်ကျောင်း ၉၈ ကျောင်းတို့မှ သံဃာတော်နှင့် သီလရှင် စုစုပေါင်း ၁၂၀၈ ပါးတို့အား သထုံမြို့နယ်အတွင်းရှိ ပြည်သူအပေါင်းတို့က ဆွမ်းဆန်စိမ်းနှင့် အခြားလှူဖွယ်ပစ္စည်းများကို စီတန်းလောင်းလှူခြင်း၊ စာရေးတံမဲများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

---

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

○ ကျောဖုံးမှ

ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး 48–51 kg (Female) ၄၈–၅၁ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် မနှင်းသက်ဝေက ရွှေတံဆိပ်တစ်ခု၊ Dual Knife From (female) အမျိုးသမီးဓားမြှောင်နှစ်လက်အပြပြိုင်ပွဲနှင့် Ying Yang Sword From (Female) အမျိုးသမီး ဓားတစ်လက်အပြပြိုင်ပွဲတို့တွင် မမေဟန်နီအောင်လွင်က ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် တစ်ခု၊ Dragon –Tige From (male) အမျိုးသားလက်သိုင်းအပြပြိုင်ပွဲတွင် မောင်တင်ထူးဇော်က ငွေတံဆိပ်တစ်ခု၊ Pair Knife from (male) အမျိုးသားနှစ်ယောက်တွဲ ဓားမြှောင်အတိုက်အပြပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်နှင့် မောင်ကျော်သူစိုးအောင်တို့အတွဲက ငွေတံဆိပ်တစ်ခု၊ Four– Element Staff From (male) အမျိုးသား တုတ်ရှည်အပြပြိုင်ပွဲတွင် မောင်တင်ထူးဇော်က ငွေတံဆိပ် တစ်ခု၊ Pair Sword from (male) အမျိုးသားနှစ်ယောက်တွဲ ဓားရှည်နှစ်လက် အတိုက်အပြပြိုင်ပွဲနှင့် Pair Machette From (males)အမျိုးသားနှစ်ယောက်တွဲ ဓားရှည်တစ်လက် အတိုက်အပြပြိုင်ပွဲတို့တွင် မောင်ဟိန်းထက်အောင်နှင့် မောင်တင်ထူးဇော်တို့အတွဲက ငွေတံဆိပ်နှစ်ခု ရရှိခဲ့သည်။

ထို့ပြင် Mix Basic Self Dedense Technique (3 females 3 males) အမျိုးသမီး သုံးဦးနှင့် အမျိုးသား သုံးဦး လက်နက်မဲ့အသင်းလိုက် အပြပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်၊ မောင်ကျော်သူစိုးအောင်၊ မောင်တင်ထူးဇော်၊ မချစ်နိုဒီဆောင်း၊ မမေဟန်နီအောင်လွင်နှင့် မနှင်းသက်ဝေတို့ အတွဲက ကြေးတံဆိပ် တစ်ခု၊ Ying Yang Sword From (male) အမျိုးသား ဓားတစ်လက်အပြပြိုင်ပွဲတွင် မောင်ကျော်သူစိုးက ကြေးတံဆိပ် တစ်ခု၊




(1 females Defense against males with weapon) အမျိုးသမီး တစ်ဦးနှင့် အမျိုးသား သုံးဦး လက်နက်ပါ အပြပြိုင်ပွဲတွင် မမေဟန်နီအောင်လွင်၊ မောင်ဟိန်းထက်အောင်၊ မောင်ကျော်သူစိုးအောင်နှင့် မောင်တင်ထူးဇော်တို့အတွဲက ကြေးတံဆိပ် တစ်ခု၊ Cross – From (male) အမျိုးသား တစ်ဦးချင်း လက်သိုင်းအပြပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်က ကြေးတံဆိပ် တစ်ခု၊ (Female Self Defence from) အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဓားမြှောင်ပါ ခုခံကာကွယ်နည်း အပြပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်နှင့် မချစ်နိုဒီဆောင်းတို့အတွဲက ကြေးတံဆိပ်တစ်ခုကိုလည်းကောင်း၊ Pair Sword From (Female) အမျိုးသမီး နှစ်ယောက်တွဲ ဓားရှည် နှစ်လက် အတိုက်အပြပြိုင်ပွဲတွင် မချစ်နိုဒီဆောင်းနှင့် မမေဟန်နီအောင်လွင်တို့အတွဲက ကြေးတံဆိပ် တစ်ခုရရှိခဲ့ပြီး နိုဝင်ဘာ ၇ ရက် ပြိုင်ပွဲများပြီးဆုံးချိန်၌ မြန်မာအသင်းအနေဖြင့် အားကစားနည်း အမျိုးအစား (Event) ၁၄ ခုတို့တွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ခုနစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၄ ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အောင်ပွဲရ မြန်မာဗိုဗီနမ်အသင်းသည် လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့မှ စင်ကာပူနိုင်ငံသို့လည်းကောင်း၊ စင်ကာပူနိုင်ငံမှ တစ်ဆင့် ရန်ကုန်သို့ ယနေ့နံနက်ပိုင်းတွင်ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများက သောင်းသောင်းဖြဖြ လာရောက်ကြိုဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၃၇၉)၊ မြေအကျယ်အဝန်း(အလျား၂၀xအနံ၆၀)ပေရှိ (ပါမစ်မူရင်း)မြေနှင့်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် နော်ဒိုရာ(MUN–၀၃၇၀၃၉)အမည်ဖြင့်မှတ်သားထားပြီး ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော **ဦးရှိုင်းဝေယံထက်[၈/ရနခ(နိုင်)၁၀၃၉၃၈]**မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ဥမ္မာဆွေ [၁၂/စခန(နိုင်)၀၆၀၃၄၆]**တို့မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၈၂၄) (၉–၂–၂၀၂၂)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊**
**(၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဏ/၄၀)၊ မြေကွက်အမှတ်(၁၃၀၃/က)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ **ဦးသိန်းဖေ (U/RGN–၀၀၀၂၉၃)**အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ်(၁၃၀၃/က)ဟုခေါ်တွင်သည့် နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်မှ ရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဦးမိုးမြင့် [၁၂/အစန(နိုင်)၀၉၀၁၉၀]**က ၎င်းတရားဝင် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးနေထက်လင်း[၉/မခန(နိုင်)၂၃၁၆၅၅]**နှင့် **ဒေါ်နွယ်နွယ်အောင် [၉/မခန(နိုင်)၂၉၅၂၈၀]**တို့က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| ဒေါ်မင်းသူနိုဖြိုး | ဒေါ်စုစုမွန် |
|---|---|
| [LL.B,D.I.P.L,DL–101 WIPO(Switzerland)] | [LL.B,D.B.L,D.I.L,D.I.P.L,DL–101 WIPO(Switzerland)] |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၈၄၆) | တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၉၆) |

**အမှတ်–၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊**
**(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၈၁၅၃၅၈၂၄၊ ၀၉–၅၀၄၉၁၇၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၁၁၄)၊ မြေကွက်တည်နေရာအမှတ်–၁၁၄၊ စွယ်တော်လမ်း၊(၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(ဦးတင်ထွန်းအုန်း PAN–၁၂၃၅၅၆)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား မင်္ဂလာဒုံမြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၄၉ /၂၀၂၅)ဖြင့် ဒေါ်ခိုင်ဇင်ဦးနှင့် ဒေါ်သက်သက်မွန်တို့မှ (တရားလို)ပြု၍ ဦးတင်ထွန်းအုန်းအပေါ်(တရားပြိုင်)ထားကာ “ကတိပဋိညာဉ်အတိုင်းမြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု”ဖြင့် စွဲဆိုခဲ့ရာ မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေရန် အနိုင်ဒီကရီချမှတ်သည့် (၁၈–၈–၂၀၂၅) ရက်စွဲပါစီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၄၉/၂၀၂၅)၏(၄–၉–၂၀၂၅) ရက်စွဲပါ အမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား လက်မှတ်ရေးထိုးချုပ်ဆိုပေးရန် တာဝန်ပေးအပ်ကြောင်း(၁၀–၉–၂၀၂၅)ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်နုနုလှိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြေကွက်အရောင်းအဝယ်
## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကလောမြို့၊ မြင်းမထိကျေးရွာအုပ်စု၊ နန်းအွန့်ချောင်းရွာ၊ ဧရိယာ(၃၈.၆ပေx၉၀ပေ)အကျယ်ရှိ ခြံမြေနှင့်ယင်းခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပြီး လက်ဝယ်ထားရှိသူ ဦးသီဟ[၇/တငန(နိုင်)၀၉၈၂၃၆]မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ပြီး မြေကွက်အား ဥပဒေနှင့်အညီ လက်ရောက်ရယူမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်ထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အင်ကြင်းဆွေ LL.B, D.B.L, WIPO (Switzeland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၆၀၅)**
**ရွှေဘိုလမ်း၊ ၅/ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။**
**ဖုန်း–၀၉၄၄၈၀၅၀၆၈၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ ရွှေလင်ဗန်း၊ ဓမ္မာရုံလမ်း၊ မြေတိုင်း–ရလပ(၂၂)၊ မြေကွက်အမှတ်–(၅၂၂)ဟုခေါ်တွင်သော အကျယ်အဝန်း မြေဧရိယာ (၄၀x၆၀)ပေရှိ မြေငှားဂရန်မူရင်းအမည် ဦးကျော်အောင် (ခ)ဇော်အောင်ဦး [၁၂/ကတတ(နိုင်)၀၀၈၆၄၂] အိမ်ခြံမြေထဲမှ ဦးအောင်မိုး[၈/ခမန(နိုင်)၀၀၀၂၂၈]ဆိုသူမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် အကျယ်အဝန်း (၂၀x၆၀)ပေ အိမ်ခြံမြေအား အရှုပ်အရှင်းမရှိကြောင်း အာမခံကာရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထက်ထက်ဇော် [၅/ပလန(နိုင်)၀၈၂၈၉၃]ဆိုသူမှ တရားဝင်ဝယ်ယူပိုင်ဆိုင်နိုင်ရန် အိမ်ခြံမြေတန်ဖိုး၏ တချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ ဤကြေညာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ထက်ထက်ဇော်၏ လွှဲအပ်ချက်အရ–**
**ဦးဝင်းမင်းဗိုလ် (LL.B ) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၈၅၉)**
**အမှတ်–(၁၅၈/ခ)၊ ပေ–၂၀လမ်း၊ အတွင်းပဒံကျေးရွာ၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၈၁၁၁၇၁၃၊ ၀၉–၆၈၉၆၈၈၈၈၀**

**မိတ္တာမေတ္တာ**
**ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။**
**09 40 70 80 736**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀)
## မင်္ဂလာဒုံခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၉၉

၁။ ဦးထွန်းထွန်းမင်း နှင့် ဗိုလ်မှူးသိန်းထွန်း
၂။ ဦးတင်ကိုကို
(ကိုယ်တိုင်နှင့် ၃ တရားလို၏ အခွင့်ရကိုယ်စားလှယ်)
၃။ ဒေါ်ကျော့ကေသီ

**(တရားလိုများ)** **(တရားပြိုင်)**

အမှတ်–၄၆၁/ခ၊ ရွှေတောင်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (တရားပြိုင်) ဗိုလ်မှူး သိန်းထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက **“ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု”** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီ** အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်[၁] စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မသိန်းလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ လက်ပန်လမ်း၊ တိုက်အမှတ်(၂၃) ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(၂)လွှာ၊ အကျယ်အဝန်း (၁၅ ပေ x ၄၀ ပေခန့်ရှိ)ဟုခေါ်တွင်တည်ရှိသော တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် တပ်ဆင်ထားသော ပစ္စည်းများနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်လီလီပန်းစံ [၁/ဝမန(နိုင်)၀၇၃၇၄၂]နှင့် ဒေါ်ထက်ထက်ဦး [၁၂/စခန(နိုင်)၀၆၃၇၁၃]တို့က ၎င်းတို့သာလျှင် တရားဝင်ပိုင်ဆိုင်လက်ဝယ်ရှိသည့်အပြင် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်ပိုင်ဆိုင်မှုဆိုင်ရာ အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိပါကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းဝင်း [၆/လလန(နိုင်)၀၃၃၅၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်း/အဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာ စာချုပ်စာတမ်း(မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်း/အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်ဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ် – ၅၀၀၉၈)**
**အမှတ်(၂၄)၊ (၆)လွှာ၊ စမ်းချောင်းလမ်း၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၆၀၆၁၀၁၃၃**

## ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်–(၁၁)၊ ဦးပိုင်အမှတ်–(၄၄)၊ ၁၅x၁၆ ကြား၊ ၆၂x၆၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်မောင်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၈၀၈/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှုံဒီအောင် [၅/မရန(နိုင်)၂၅၆၇၆၄]က အမှုတွဲအမှတ်(၃၃၆၃/၂၀၂၅–၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ အကွက်အမှတ်(၆)၊ ကုလားစုကွက်၊ ဦးပိုင်အမှတ်(၁၃/က)၊ ဧရိယာ(၁.၃၅၁)ဧက အကျယ်ရှိ ဒေါ်ဟလီမာဘီဘီပါ–၂၊ အမည်ပေါက် (မြို့မြေ)အတွင်းမှ ဧရိယာ(၀.၁၇၈)ဧက အကျယ်ရှိမြေအား ရောင်းချပိုင်ခွင့်ရှိသူများ ၁။ ဒေါ်စန်းစန်းမူ[၁၂/သလန(နိုင်)၂၁၀၂၀၇]၊ ၂။ ဦးဌေးဝင်း[၁၂/သလန(နိုင်)၁၂၇၈၁၅]၊ ၃။ ဒေါ်စန်းစန်းဝင်း [၁၂/သခန(နိုင်)၀၆၂၃၄၀]၊ ၄။ ဦးဖေခင်[၁၂/မရက(နိုင်)၁၀၉၈၆၆]၊ ၅။ ဒေါ်ဝင်းဝင်းခိုင်[၁၂/သလန(နိုင်)၀၀၉၄၃၇]၊ ၆။ ဒေါ်ဝင်းမင်းသန့်[၁၂/သလန(နိုင်)၁၉၁၈၃၅]တို့မှ ဥပဒေနှင့်အညီ ရောင်းချရာ ဝယ်ယူသူ ဦးအောင်မြင့်မြတ် (ဘ)ဦးသိန်းအောင်[၁၂/ပဘတ(နိုင်)၀၃၁၄၆၇] အမှတ်(၂၄၅)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက အရောင်းအဝယ်စရန်ပေးစာချုပ် (၁၆–၇–၂၅) (၅–၈–၂၅) (၂၅–၉–၂၅) နှင့် (၃၀–၁၀–၂၅)ရက်နေ့များတွင် စရန်ငွေများပေးချေဝယ်ယူခဲ့ပြီးနောက် (၆–၈–၂၅)ရက်နေ့တွင် ယင်းမြေကွက်အား လက်ရောက်ပေးအပ်ခဲ့ခြင်းသည် ချုပ်ဆိုခဲ့သော စရန်ပေးစာချုပ်အဆင့်ဆင့်၏ အရောင်းအဝယ်လုပ်ငန်းသဘောအရ ပေးအပ်ခြင်းဖြစ်ပြီး မြေကွက်တွင် မြေဖို့ခြင်း၊ ခြံရှင်းလင်းခြင်းများသာ ခွင့်ပြု၍ အဆောက်အဦအသစ်များ၊ အမည်ပြောင်းလဲခြင်းများကို သတ်မှတ်ထားသော (၃၁–၁–၂၀၂၆)ရက်နေ့ အပြီးသတ်ငွေပေးချေမှုပြီးမှသာ တရားဝင်လုပ်ပိုင်ခွင့်ရမည်ဖြစ်ပြီး သတ်မှတ်မှုများအား လုပ်ဆောင်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းနှင့် အပြီးသတ်ငွေပေးချေမှုစာချုပ် ချုပ်ဆိုပြီးမှသာ ဤကြေညာချက်မှာ အလိုအလျောက် ပျက်ပြယ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာဝင်းရွှေ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၅၇၇၀/၂၇–၂–၂၀၁၅)**
**အမှတ်(၁၂၆)၊ သုမိတ္တာ(၅)လမ်း၊ (၁)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၀၇၆၆၄၂၇**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## FIRST MYANMAR INVESTMENT PUBLIC CO., LTD.

Listed on the Yangon Stock Exchange
Company Registration No. 121398001 | YSX Code 00001

### (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

First Myanmar Investment Public Company Limited ၏ (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါပုံစံအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်နိုင်ရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည် –

| | | |
|---|---|---|
| ကျင်းပမည့် နေ့ရက် | ။ | ။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် (စနေနေ့) |
| ကျင်းပမည့် အချိန် | ။ | ။ နံနက် (၀၉း၃၀) နာရီမှ (၁၁း၃၀) နာရီအထိ |
| ကျင်းပမည့် နေရာ | ။ | ။ အမျိုးသားဇာတ်ရုံ (ရန်ကုန်) |

နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အောက်ပါကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်မည် ဖြစ်ပါသည် –

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်စာရင်း၊ ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ပြင်ပစာရင်းစစ်၏ အစီရင်ခံစာကို အတည်ပြုရန်။
၂။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နုတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သော ပါမောက္ခဒေါက်တာ အောင်ထွန်းသက်ကို ပြန်လည်ခန့်အပ်မှုအား အတည်ပြုရန်။
၃။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နုတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးထွန်းထွန်းကို ပြန်လည်ခန့်အပ်မှုအား အတည်ပြုရန်။
၄။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၇ အရ ဒေါက်တာဇော်ဝင်းစန္ဒီအား ကုမ္ပဏီဒါရိုက်တာအဖြစ် ခန့်အပ်မှုအား အတည်ပြုရန်။
၅။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၇ အရ ဦးတင်ထွဋ်ဦးအား ကုမ္ပဏီဥက္ကဋ္ဌအဖြစ် ခန့်အပ်မှုအား အတည်ပြုရန်။
၆။ Excellent Choice Professional Limited (associated with CLA Global TS Public Accounting Corporation, Singapore) အား ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အဖြစ် ခန့်အပ်ရန်နှင့် ၎င်း၏လုပ်အားခနှင့် အကျိုးခံစားခွင့်များ ကို သတ်မှတ်ရန်အတွက် ကုမ္ပဏီ၏ ဒါရိုက်တာများအား အခွင့်အာဏာပေးရန်။
၇။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၃.၁ အရ အစုရှယ်ယာအသစ်များ ထုတ်ဝေရန် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းအား အတည်ပြုရန်။

အစုရှယ်ယာရှင်များသည် (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ပါဝင်တက်ရောက်ဆွေးနွေးခြင်းနှင့် မဲပေးခြင်းတို့ ပြုလုပ်နိုင်ရန်အတွက် ကုမ္ပဏီမှ ထုတ်ပြန်ထားသော အစည်းအဝေး အကြောင်းကြားစာကို ကုမ္ပဏီ၏ Website : https://fmi.com.mm (သို့မဟုတ်) https://ysx-mm.com တွင်ဆက်လက်ကြည့်ရှုနိုင်ပါသည်။

First Myanmar Investment Public Co., Ltd.
သည် ကမ်းပက်စ်၊ အမှတ်(၁)၊ ရုံးများရိပ်သာဝင်း၊ ကုက္ကိုရိပ်သာလမ်း၊
ပန်းလှိုင်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ၁၁၄၀၁
ဖုန်း +၉၅-၁-၃၆၈၇၇၆၆
Web: fmi.com.mm | Email: info-fmi@yoma.com.mm

---

**ရန်ကုန်မြို့၊သန်လျင်မြို့နယ်၊အုတ်ပိုစုရပ်ကွက်၊အကွက်အမှတ်(၂၆)ကျိုက်ဇော်ခိမြောက် အကွက်၊ ဝိဇ္ဇာလမ်း၊ ဦးပိုင်အမှတ်(၃/၈)၊ အိမ်အမှတ်(၇/က)၊ ဧရိယာ(၀.၁၃၇)ဧက ရှိသည့် နှစ်(၃၀)မြေငှါးဂရန်အမျိုးအစား ဒေါ်ရွှေရည်လွင်(၁၂/သလန(နိုင်) ၁၁၁၀၂၇)အမည်ပေါက်မြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ကြောင်း**

အထက်ပါအိမ်ခြံမြေကွက်ကို နှစ်(၃၀)မြေငှါးဂရန်တွင် တရားဝင်အမည်ပေါက်သူ ဒေါ်ရွှေရည်လွင် ကိုယ်တိုင်က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာလက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက် လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများ နှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(လွှဲအပ်ညွှန်ကြားချက်အရ)

**ဦးသန့်ဇင် ( LL-B )**
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်( LL-B)**
အထက်တန်းရှေ့နေ(စဉ်–၂၉၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ မာဃလမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက်အမှတ်(၉)ပေါ်တွင် ဆောက်လုပ်ထားသော (၄)ခန်းတွဲ၊ (၇)ထပ်တိုက်၏ ပထမထပ် (၂–လွှာ)၊ အခန်းအမှတ်(၇)၊ အကျယ်အဝန်း(၃၅x၂၁) ပေရှိတိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပေါက်လျက်ရှိသော ဦးဝင်းခိုင်ဋ္ဌေး၊ ဒေါ်ချိုချိုသန်းတို့ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းဝင်း[၁၂/မဂဒ(နိုင်)၀၃၇၃၇၁]အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ညိုညိုစိုး[၁၂/လမန(နိုင်)၀၆၂၉၄၀] နှင့်ဒေါ်နွယ်နွယ်စိုး[၁၂/လမန(နိုင်)၀၆၂၂၁၇]တို့မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင် နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စိုးစိုးမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၆၃)**
**အမှတ်(၈၆)၊ ၇–လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၁၀၃၅၉၆၃၊ ၀၉–၇၉၃၀၂၇၆၇၇**

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### စမ်းချောင်းမြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၁

ဒေါ်ဇင်ငယ်ငယ်ထွန်း နှင့် ဦးရန်နိုင်စိုး(ခ)ထေရလှိုင်(ခ)ကိုသားကြီး

**(တရားလို)** **( တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၄)ရပ်ကွက်၊ မြစ်ငယ်လမ်း၊ အမှတ်–၁၀၄ နေ တရားပြိုင်ဖြစ်သည့် ဦးရန်နိုင်စိုး(ခ)ထေရလှိုင်(ခ)ကိုသားကြီး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဇင်ငယ်ငယ်ထွန်းက လင်မယားကွာရှင်း ပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်) နေ့မွန်းမတည့်မီ (၁၁:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အင်ကြင်းဆွေ)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**စမ်းချောင်းမြို့နယ်တရားရုံး**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ဗဝတီရပ်ကွက်၊ အကွက်အမှတ်–၄၈၉၊ ဦးပိုင်အမှတ်–၁၉/၈၄ လမ်း၊ ရွှေစံကိုင်လမ်း တောင်ဘက်ရှိ ဦးဘကောင်းအမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၈၅၄/၂၀၂၅) ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်တင်အေး [၉/မရတ(နိုင်)၀၅၀၈၄၃]က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ ရပ်ကွက်၊ အကွက်အမှတ်–၅၃၀၊ ဦးပိုင်အမှတ်–၂၀–ဈ ခဲစင်းမြောက် ခြမ်း၊၈၁ လမ်း၊ ၃၇x၃၈ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်တင်အုန်း [၉/မရတ(နိုင်)၀၆၀၀၂၃]က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း ကြီးရပ်ကွက်၊ တိုက်အမှတ် (၁၂၂)၊ (၇)ထပ်တိုက်၏ (၆)လွှာ (ခေါင်းရင်းခန်း)အကျယ် အဝန်း (၁၅ ပေx၆၀ ပေ)ရှိ ရေ၊ မီး အစုံအလင်ပါရှိသော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသော ဒေါ်မိုးသူဇာ [၁၂/တမန(နိုင်)၁၁၄၉၁၈]ထံမှ ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဒေါ်ယုယုနိုင် [၁၂/ပဇတ(နိုင်)၀၃၂၇၃၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အပြီးအပိုင် အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်တော့်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဆွေလင်းထွန်း**
**အထက်တန်းရှေ့နေ (စဉ် – ၄၀၈၀၁)**
**တိုက်အမှတ် (၃၁)၊ အခန်း (၃၀၂)၊ အောင်သပြေလမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉ – ၅၀၄၇၅၉၃**

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၃)လမ်း၊ တိုက်အမှတ် (၃၆၈)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ် (A)အခြမ်း၊ (၂)လွှာတိုက်၏ (အလျား ၁၃ ပေx အနံ ၅၄ ပေ) အကျယ်အဝန်းရှိတိုက်ခန်းနှင့် ကိုယ်ပိုင် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုလာသူ ဒေါ်စိမ့် [၁၂/မရက(နိုင်)၁၅၁၇၉၅] ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ၏ တစ်စိတ်တစ်ဒေသ အား ပေးချေထားပြီးဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကန့်ကွက်လိုပါက မူရင်း စာချုပ်စာတမ်းအထောက် အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်လိုခြင်းမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်စန္ဒာသက်ထွန်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၄၂၉)**
**Ph – 09–692261565၊ 09–962617405**

---

### အမွေဆိုင်ပစ္စည်းဖြစ်ကြောင်း
### အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ၁၃၄–လမ်း၊ အမှတ်(၅၃)၊ (၈–လွှာ)၊ (ဝဲ)ဘက်ခန်းသည် ကွယ်လွန်သူမိဘများဖြစ်သော ဦးစိုးတင့်၊ မိခင် ဒေါ်အေးမျှင်တို့၏ အမွေပစ္စည်းအဖြစ်ကျန်ရှိပါသည်။ အဆိုပါတိုက်ခန်းအား မမျိုးမျိုးအေးမှ မသီတာအေးအား ငှားရမ်းထားကြောင်းလွှဲအပ်ချက်အရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ ငှားရမ်းကာလပြည့်မည့်နေ့ဖြစ်သော ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလကုန်ရက်နေ့မှစ၍ ဆက်လက်ငှားရမ်းခြင်းမပြုလုပ်ပါရန်နှင့် အမွေဆိုင်များဖြစ်သော မောင်ဖြိုးဝေစိုး[၁၀/မလမ(နိုင်)၂၆၉၅၃၂]၊ မမိုးမိုးအေး [၁၀/မလမ(နိုင်)၂၇၀၀၅၇]၊ မမျိုးမျိုးအေး[၁၀/မလမ(နိုင်)၂၇၀၀၅၆]တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ အမွေဆိုင်ပစ္စည်းကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ ငှားရမ်းခြင်းအပါအဝင် မည်သည့်လွှဲပြောင်းခြင်းမှ မပြုလုပ်ရန် သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်ပေးသူ**
**မမိုးမိုးအေး**

**လွှဲအပ်ချက်အရ**
**ဒေါ်နှင်းချယ်ရီ**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၂၃၁)**
**အမှတ်–၄၁၊ ၈၈–လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၈၄၇၃၂၄၉၂**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၇၃)ပေါ်တွင် ဆောက်လုပ်ထား သော (၂)ခန်းတွဲ၊ ဟောင်ကောင်(၄)ထပ်တိုက်၏ မြေညီထပ်+ထပ်ခိုးပါ၊ အကျယ်အဝန်း(၁၂ပေခွဲx၅၀ပေ)ရှိ တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် (၃၀–၆–၁၉၉၃)နေ့စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဦးမျိုးမြင့်(မူလအိမ်ငှား)ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့သူ ကွယ်လွန်သူ ဦးဟိန်း၏သားများဖြစ်၍ ယခုရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ကိုအောင်ကျော်ဆက် [၁/မကတ (နိုင်)၁၄၂၃၈၄]နှင့် ကိုကောင်းကျော်ဆက်[၁/မကတ(နိုင်)၁၄၀၂၁၁]တို့အား ကျွန်ုပ်၏မိတ်ဆွေ ကိုကျော်စည်သူသန့်[၁၂/ လမတ(နိုင်)၀၃၂၆၅၂]မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ် စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စိုးစိုးမြင့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၆၃)**
**အမှတ်(၈၆)၊ ၇–လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၁၀၃၅၉၆၃၊ ၀၉–၇၉၃၀၂၇၆၇၇**

---

**ဝတ်ရည်ဦး**

အုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

09-43088052
09-260660405
09-421067330

---

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၃)၊ ဦးပိုင်အမှတ်(၇၉+၈၀)၊ ၁၅x၁၆ ကြား၊ ၈၆x၈၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖြူဖြူဝင်း၏ (SP ရရှိသူ ဦးသန်းထွဋ်(ခ)ရာဇတ်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၉၉၉/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာမိုး [၉/မရမ(နိုင်)၀၄၂၇၇၀] က အမှုတွဲအမှတ် (၃၃၆၂/၂၀၂၅–၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင် ရပ်ကွက်၊ အကွက်အမှတ် (မ–၆၂/၂)၊ ဦးပိုင်အမှတ် (၁)၊ ၅၅x၅၆ ကြား၊ ၃၇ x ၃၈ လမ်း ကြားရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဦးရန်ချွန်မြင့် [၉/ မရမ(နိုင်)၀၇၈၁၆၇] က အမှုတွဲအမှတ် (၃၃၅၁/၂၀၂၅– ၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံ တင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက် အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၆၃–ခ)၊ ၁၉xဆင်လမ်းမကြီးကြား၊ ၆၀xမြို့ပတ် လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မာကြီး(ခ)ခင်မကြီး၊ ဒေါ်ကျင်ကျင်တို့၏ (SP ရရှိသူ ဒေါ်ချစ်ယွန်းသီတာကျော်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၈၄၃/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာထွေး [၉/မနမ (နိုင်)၀၀၀၅၁၈]က အမှုတွဲအမှတ် (၃၃၆၅/၂၀၂၅–၂၀၂၆) ဖြင့် အမည် ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက် အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၆၂–င)၊ ၁၉xဆင်လမ်းမကြီးကြား၊ ၆၀xမြို့ပတ် လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ဇင်မာဟန်၊ ဒေါ်လွင်မာဟန်၊ ဦးနေမျိုးဟန်တို့၏ (SP ရရှိသူ ဦးသက်စိုးထွန်း) ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ် (၁၈၄၄/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာထွေး [၉/ မနမ(နိုင်)၀၀၀၅၁၈] က အမှုတွဲအမှတ် (၃၃၆၄/၂၀၂၅–၂၀၂၆) ဖြင့် အမည် ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ရန်လို...

❖ မိမိတို့တာဝန်ယူထားရသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့အရေးကို ကျေပွန်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခု နှစ်၊ ဇွန် ၁၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## 8th WVVF World Vovinam Championship 2025 ပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အသင်း ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ခုနစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၄ ခု ဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၉

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၈ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့သည့် 8th WVVF World Vovinam Championship 2025 ပြိုင်ပွဲသို့ မြန်မာဗိုဗီနမ်အသင်းမှ အုပ်ချုပ်သူနည်းပြ နှစ်ဦး၊ အားကစားသမား အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦးတို့သည် အားကစားနည်းအမျိုးအစား(Event) ၁၆ မျိုးတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❍



8th WVVF World Vovinam Championship 2025 ပြိုင်ပွဲတွင် ဆုတံဆိပ် ၁၄ ခု ရရှိခဲ့သည့် မြန်မာဗိုဗီနမ်အသင်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ ကြိုဆိုကြစဉ်။

## ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)နှင့် ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၉

ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ) နှင့် ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

ကြေးမုံ

## ယနေ့ ဖတ်စရာ

ဂျပန်နိုင်ငံ၌ မဂ္ဂနီကျူ ၆ ဒသမ ၉ အဆင့်ရှိ ငလျင် တစ်ခုလှုပ်ခတ်၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ထား

စာမျက်နှာ » ၁၃

ဒဂုံတက္ကသိုလ် အဝေးသင်သင်တန်း (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက် ပြောင်းလဲကြောင်း ကြေညာခြင်း

စာမျက်နှာ » ၁၉

၁၀ ပွဲဆက်တိုက် အနိုင်ရတဲ့စံချိန်နဲ့ ရှစ်ပွဲဆက် ပေးဂိုးမရှိစံချိန် ရပ်တန့်ခဲ့ရတဲ့ အာဆင်နယ်

စာမျက်နှာ » ၂၅

## အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အဖွင့်ပွဲတွင် အား/ကာသိပ္ပံအသင်း ရှုံးပွဲကြုံတွေ့

ရန်ကုန် နိုဝင်ဘာ ၉

၂၀၂၅-၂၀၂၆ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(C) ပထမနေ့ကို နိုဝင်ဘာ ၉ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ စတင်ကျင်းပရာ အား/ကာသိပ္ပံအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

**ဂိုးပြတ်အရေးနိမ့်**

အား/ကာသိပ္ပံအသင်းသည် အဖွင့်ပွဲအဖြစ် တောင်ကိုရီးယားကလပ်ဆူဝမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ငါးဂိုးပြတ် အရေးနိမ့်ခဲ့သည်။ အာရှထိပ်သီး တောင်ကိုရီးယားနိုင်ငံမှ ကလပ်အသင်းဖြစ်သည့်အပြင် တောင်ကိုရီးယားလက်ရွေးစင်များ၊ ပြည်ပနိုင်ငံသူများ ခေါ်ယူအသုံးပြုထားသည့် ဆူဝမ်အသင်းသည် ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းသည် အခြားကလပ်အသင်းများမှလက်ရွေးစင်ကစားသမား ကိုးဦးအထိ ကာလတိုအငှားခေါ်ယူထားပြီး ရင်ဆိုင်သော်လည်း ရလဒ်မကောင်းခဲ့ပေ။

အား/ကာသိပ္ပံအသင်းသည် ခင်မာလာထွန်း၊ ဖြူဖြူဝင်း၊ စန်းသော်သော်၊ မျိုးမြမြငြိမ်း၊ နှင်းပွင့်အေး၊ ခင်မိုမိုထွန်းစသည့် လက်ရွေးစင်ကစားသမားများဖြင့် ပွဲထွက်လာသည်။ ပွဲအစတွင် အား/ကာသိပ္ပံအသင်း ဦးဆောင်ဂိုးရနိုင်သည့် အခွင့်အရေးရသော်လည်း

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ■

## နိုင်ငံတကာကရာတေးအဖွဲ့ချုပ်က ကြီးမှူးသည့် IKO Kids & Youths Championships ကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်



ကီလိုတန်းအလိုက် အမျိုးသမီးအတိုက် ယှဉ်ပြိုင်စဉ်။

ရန်ကုန် နိုဝင်ဘာ ၉

IKO မြန်မာ(International Karate Organization Myanmar) နိုင်ငံတကာ ကရာတေးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် IKO Kids & Youths Championships Myanmar and IKO Weight Category Championships Myanmar 2025 ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ယုဇနဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် IKO Myanmar Kata နှင့် Kumite အတိုက်ပြိုင်ပွဲများကို ကီလိုတန်းအလိုက် အသက် ၆ နှစ်မှ ၁၈ နှစ်အထိ ကစားသမားများ ပါဝင်

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ✪